www.thitsarparami.org

# သောတာပန်ဖြစ်ဖို့ ပုထုဇဉ်အနွယ်ဇာတ်ကို ဖြတ်ကြပါစို့

အရှင်နေမိန္ဒ

သာသနာ

၂၀၁၂-ခုနှစ် ၂၅၅၆ ၁၃၇၄-ခုနှစ်

www.thitsarparamisociety.com

www.thitsarparami.org

# ဓမ္မ ဆီမီးတိုင်

မြတ်ဗုဒ္ဓသည် လောက၏ အလင်းရောင်

ဓမ္မဆီမီးတိုင်ကို ညှိထွန်းပေးသူ ဖြစ်ပါ၏ ။

တရားဆီမီးတိုင်ကို ညှိထွန်းပေးသူ

သကျမုနိ ရှင်တော်မြတ်သည် ကွယ်ခဲ့ပါပြီ ။

သို့သော် ...

မြတ်ဗုဒ္ဓ ထွန်းညှိခဲ့သော ဓမ္မဒီပိကာ ဆီမီးတိုင်သည်

လင်းလျက် ၊ တောက်ပလျက်ပင် ။

ဓမ္မဆီမီးတိုင် ပိုမိုလင်းလက် ၊ တောက်ပရန်

မိမိတို့သည်လည်း အားတက်သရော ပါဝင် ကြိုးပမ်း

အားထုတ် ကြပါစို့ ... ။

www.thitsarparamisociety.com

www.thitsarparami.org

# ကျေးရူးရှင် မိခင် နှင့် ဖခင်သို့

ပါရမီဖြည့်ဆည်းသည့်

ရဟန်းအမကြီး

ဒေါ်ငြိမ်းမြတ်

မိသားစု သို့

www.thitsarparamisociety.com

www.thitsarparami.org

# ကာလသုံးပါး ဘုရားရှိခိုး

**ယေစဗုဒ္ဓါ၊ အတီတာစ၊**
**ယေစဗုဒ္ဓါ၊ အနာဂတာ၊**
**ပစ္စုပ္ပန္နာစ ယေဗုဒ္ဓါ၊**
**အဟံဝန္ဒာမိ သဗ္ဗဒါ။**

(စံကင်းဆရာတော်ဘုရားကြီး နဝမရွှေကျင် သာသနာပိုင် ၁၈၇၀ – ၁၉၇၂)

## အဓိပ္ပါယ်

ကပ်အသင်္ချေလွန်လေပြီးကုန်သော ဂင်္ဂါ ဝါဠူ သဲစုမက ပွင့်ကြလေပြီးအကြင်မြတ်စွာဘုရားတို့သည် လည်းကောင်း၊

အရိမေတ္တယျသည် ဤဘဒ္ဒကမ္ဘာမှ စ၍ ရေတွက်အဆက်ဆက်ပွင့်တော်မူလတ္တံ့ကုန်သော အကြင်ဘုရားတို့သည်လည်းကောင်း၊

ပွင့်တော်မူပြီးဖြစ်ကုန်သော ဂေါတမမြတ်ဗုဒ္ဓလျှင် စတင် ရေတွက်မှုအကြင် လေးဆူသော ဘုရားရှင်တို့သည် လည်းကောင်း၊ ရှိတော်မူကြလေကုန်၏။

အတိတ်၊ အနာဂါတ်၊ ပစ္စုပ္ပန် သုံးတန်ပိုင်းခြား ကာလအားဖြင့် များပြားထင်ရှား၊ ထိုရှင်ပင်ဘုရားတို့ကို အကျွန်ုပ်သည် အခါခပ်သိမ်း၊ ရှိခိုးပါသည်ဘုရား။

www.thitsarparamisociety.com

www.thitsarparami.org


| | | |
|---|---|---|
| စာမူ ခွင့်ပြုချက်အမှတ် | ■ | ၆၀၀၅၅၀၀၇၁၂ |
| မျက်နှာဖုံး ခွင့်ပြုချက်အမှတ် | ■ | ၆၀၀၅၆၃၀၈၁၂ |
| ထုတ်ဝေသူ | ■ | ဦးစိုးတင့် (ရွှေပြည်သာစာပေတိုက်)<br>အမှတ် ၆/၁၀ ရပ်ကွက်၊<br>ချင်းတွင်းလမ်း၊ ရွှေပြည်သာ။ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် | ■ | ဒေါ်ရီရီဝေ (၁၀၂၈၄)<br>၁၆၂၊ ၄၅ လမ်း (အပေါ်)<br>ဗိုလ်တထောင်မြို့နယ်။ |
| မျက်နှာဖုံးပန်းချီ | ■ | ပိုင်ပိုင် |
| ကွန်ပျူတာစာစီ | ■ | ရာမညသုဝဏ္ဏဟံသာ<br>ကမာဝက်တိုက်နယ်၊ မုဒုံမြို့နယ်။ |
| အတွင်းအပြင်အဆင် | ■ | အလင်းအိမ်မီဒီယာ |
| ပထမအကြိမ် | ■ | ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ |
| အုပ်ရေ | ■ | ၁၀၀၀ |
| တန်ဖိုး | ■ | ၁၀၀၀ ကျပ် |

**ဖြန့်ချိရေး**

**တင်တင်အေးပိဋကတ်စာပေ**

အမှတ် (၁၃+၁၄) (၄၁+၄၂)၊ တောင်ဘက်မုခ်ဈေးတော်ရုံ

ရွှေတိဂုံစေတီတော်၊ဒဂုံစာတိုက်၊ ရန်ကုန်မြို့။

၀၁-၃၈၃၅၁၁၊ လိုင်းခွဲ-၁၈၇၊

၀၉-၅၁၈၃၃၀၂၊ ၀၉-၅၁၃၀၉၄၄၊ ၀၉-၄၉၈၀၃၂၀၁

**အနန္တစာပေ**

၁၅/၁ ကျောင်းလမ်း၊ မြေနီကုန်း။ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

၀၁-၅၀၁၉၅၀၊ ၀၁-၇၀၆၃၄၁၊ ၀၉-၅၀၀၄၃၃၉၊ ၀၉-၄၅၀၀၁၅၄၈၉

၂၉၄.၃

**နေမိန္၊ အရှင်**

သောတာပန်ဖြစ်ဖို့ ပုထုဇဉ်အနွယ်ဓာတ်ကို ဖြတ်ကြပါစို့/အရှင်နေမိန္။

-ရန်ကုန်။

ရွှေပြည်သာစာပေ၊ ၂၀၁၂။

၂၃၆ - စာ၊ ၁၂.၇ ×၁၈.၄၂ စင်တီ

(၁) သောတာပန်ဖြစ်ဖို့ ပုထုဇဉ်အနွယ်ဓာတ်ကို ဖြတ်ကြပါစို့။


www.thitsarparamisociety.com

www.thitsarparami.org

# သောတာပန်ဖြစ်ဖို့ ပုထုဇဉ်အနွယ်ဇာတ်ကို ဖြတ်ကြပါစို့

အရှင်နေမိန္ဒ

သာသနာ

၂၀၁၂-ခုနှစ်　　၂၅၅၆　　၁၃၇၄-ခုနှစ်

www.thitsarparamisociety.com

www.thitsarparami.org

# သောတာပန်ဖြစ်ဖို့
# ပုထုဇဉ်အနွယ်ဇာတ်ကို ဖြတ်ကြပါစို့

အမှတ်တရ မွေ့ဒါန လက်ဆောင်မွန်

သို့

- - - - - - - - - - - - - - - - - - -

- - - - - - - - - - - - - - - - - - -

- - - - - - - - - - - - - - - - - - -

မှ

- - - - - - - - - - - - - - - - - - -

- - - - - - - - - - - - - - - - - - -

- - - - - - - - - - - - - - - - - - -

နေ့စွဲ ၂၀၁၂ ခုနှစ်၊ လ( )ရက်

www.thitsarparamisociety.com

www.thitsarparami.org

# အရှင်နေမိန္ဒ ထုတ်ဝေပြီးသော စာအုပ်များ

- နိဗ္ဗာန်ရှာပုံတော်ခရီး
  ၂၀၁၂- ပြည့်နှစ် ၊ ဇူလိုင်လ

- ရဟန္တာဆိုင်ရာတရားတော်
  ၂၀၁၁ - ခုနှစ် ၊ စက်တင်ဘာလ

www.thitsarparamisociety.com

www.thitsarparami.org

# အရှင်နေမိန္ဒ


- ၁၉၄၅-ခုနှစ်၊ မေလ (၁၂) ရက် စနေနေ့တွင် ခမည်းတော် နိုင်စိန်ပုံ၊ မယ်တော် ဒေါ်စိန်ညွန့် တို့မှ ဖွားမြင်သည်။
- ၁၉၆၁ ခုနှစ်တွင် ကမာဝက်ရွာ၊ အစိုးရအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်သည်။
- ၁၉၆၆ ခုနှစ်တွင် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ဝါဏိဇ္ဇဘွဲ့ (စာရင်းကိုင်၊ စာရင်းစစ်) ရရှိသည်။
- ၁၉၈၈ ခုနှစ်တွင် မှတ်ပုံတင်ရှေ့နေဘွဲ့ ရရှိသည်။
- ၁၉၉၇ ခုနှစ် စက်တင်ဘာလမှ နိုဝင်ဘာလအထိ ထိုင်းနိုင်ငံ ခွန်ကင်းမြို့ Mekong Institute တွင် စီးပွားရေးပညာသင်တန်း တက်ရောက်ခဲ့သည်။
- ၁၉၆၆ ခုနှစ်မှ ၂၀၀၆ ခုနှစ်တွင်း အလုပ်သင်အရာရှိ၊ လက်ထောက်စာရင်းကိုင်၊ နည်းပြဆရာ၊ ငွေစာရင်းမှူး၊ အုပ်ချုပ်ရေးမှူး၊ ညွှန်ကြားရေးမှူး၊ ဌာနမှူး စသည့် ပြည်သူ့ဝန်ထမ်း တာဝန်များ ထမ်းဆောင်ခဲ့သည်။
- ၂၀၀၆ ခုနှစ် စက်တင်ဘာလ (၁၂) ရက်နေ့တွင် ရန်ကုန်တက္ကသိုလ်၊ ဌာနမှူး (စီမံ/ဘဏ္ဍာ) တာဝန်ဖြင့် အငြိမ်းစားခံစားသည်။
- ၂၀၀၈-ခုနှစ်၊ မတ်လ (၄) ရက်နေ့တွင် ရဟန်းအမ ဒေါ်ငြိမ်းမြတ်မိသားစု၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး အလွန်တရာရခဲလှစွာသော မြင့်မြတ်သည့် ရဟန်းဘဝကို ရရှိသည်။
- ယခုအခါ မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ ကမာဝက်ရွာ၊ ကျိုက်တမော့တောင်ခြေရှိ ဘုရားကိုးဆူကျောင်းတိုက်၌ တောရဆောက်တည် သီတင်းသုံးလျက်ရှိသည်။

www.thitsarparamisociety.com

www.thitsarparami.org

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဝိနည်းဓိုရ် ဆရာတော်

ကျေးဇူးတော်ရှင် မဟာထေရ် အရှင်သုဓမ္မ




www.thitsarparamisociety.com

www.thitsarparami.org

## ဥယျောဇဉ်ကထာ

ဗုဒ္ဓဘာသာဝင်သူတော်စင်မှန်သမျှသည် အပါယ်လေးပါးမှ လွတ်မြောက်နိုင်သည့် သောတာပန်ပုဂ္ဂိုလ်အဖြစ်ကို လိုချင်နေကြသူများပင် ဖြစ်သည်။

ထို့ကြောင့်
သူတော်ကောင်းတို့သည်
**အပါယ်ဘေးငြိမ်းခွင့်၊ ဉာဏ်အဆင့်၊**
**အသင့်ရောက်ပါစေ။**
**ထိုဉာဏ်ဖြင့်လည်းမတော်ဘဲ၊**
**ဆင်းရဲငြိမ်းပါစေ။**
**ဖြစ်ပေါ်လာငြား၊ စိတ်ကြမ်းများ၊**
**ပယ်ရှားနိုင်ပါစေ။**
ဆိုသည်နှင့်အညီ ကျင့်ကြံအားထုတ်ကြပါ။

### မဟာသောတာပန်

ပုထုဇဉ်သည် ဒါနကုသိုလ်၊ သီလကုသိုလ်များဖြင့် ကောင်းမှု ကုသိုလ်များပြုလုပ်စေကာမူ အပါယ်သံသရာမှ လုံးဝ လွတ်မြောက်ပြီဟု မဆိုနိုင်သေးပါ။

www.thitsarparamisociety.com

www.thitsarparami.org



ကလျာဏပုထုဇဉ်၊ ရှူဠသောတာပန်တို့သည်လည်း တစ်ဘဝ၊ နှစ်ဘဝခန့် အပါယ်မှလွတ်မြောက်နိုင်သည်ဆိုသော်လည်း အပါယ်သံသရာမှ လုံးဝလွတ်မြောက်ပြီဟု မဆိုနိုင်သေးပါ။

မဟာသောတာပန်အဖြစ်သို့ ဆိုက်ရောက်သူတို့သည်သာလျှင် အပါယ်လေးပါးမှ လုံးဝလွန်မြောက်ပြီး (၇) ဘဝ၏နောက်ဆုံးဘဝတွင် ရဟန္တာဖြစ်ပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုရမည်ဖြစ်ပေသည်။

ဗုဒ္ဓဘာသာဝင် သူတော်ကောင်း သူတော်စင်တို့သည် ဖော်ပြပါလင်္ကာနှင့်အညီ-

အပါယ်လေးပါးမှ လွတ်မြောက်သည့် **အပါယ်ဘေးငြိမ်းခွင့်၊ ဉာဏ်အဆင့်၊ တစ်နည်းအားဖြင့် သောတာပန်အဆင့်သို့ ဆိုက်ရောက်အောင် ကြိုးပမ်းအားထုတ်ကျင့်ကြံသွားများကြပါ။**

## ဗြဟ္မာပြည်မှာ တဝင်းဝင်း ဝက်စားကျင်းမှာ တရှုပ်ရှုပ်။

အထက်ပါမိန့်မှာချက်များကို ဗုဒ္ဓဘာသာဝင်သူတော်စင်များ နားရည်ဝနေကြပြီဖြစ်ပါသည်။ ပုထုဇဉ်အဖြစ်ဖြင့် ဗြဟ္မာပြည်မှာ ဝါဝါဝင်းဝင်း အရောင်အဆင်း တင့်တယ်စွာဖြင့် ခံစားရသော်ငြားလည်း ဗြဟ္မာပြည်မှာ သက်တမ်းကုန်ဆုံးသည့်အခါ ဝက်တိရစ္ဆာန်ဖြစ်ရသည့်သာဓကပင် ဖြစ်ပေသည်။

www.thitsarparamisociety.com

www.thitsarparami.org



## သီရိမဟာသောကမင်း

မိမိ၏တူအရင်းဖြစ်သူ ရဟန္တာကိုရင် (နိဂြောဓသာမဏေ) ၏ အဆုံးအမတရားတော်ကြောင့် ဗုဒ္ဓဘာသာဝင်ဖြစ်လာသော သီရိဓမ္မာသောကမင်းသည် စေတီပေါင်း (၈၄၀၀၀)၊ ကျောင်းတိုက်ပေါင်း (၈၄၀၀၀)၊ ရေကန်ပေါင်း (၈၄၀၀၀) စသည်ဖြင့် ၎င်းပိုင်ဆိုင်သောဘဏ္ဍာတော်များဖြင့် လှူဒါန်းပေးကမ်းမှုများကို (သာသနာပြုလုပ်ငန်းများကို) သာသနာ့သမိုင်းတွင် စံချိန်တင် ဆောင်ရွက်ခဲ့သူ ဖြစ်ပါသည်။

သို့သော် သောတာပတ္တိဖိုလ် မဆိုက်ရောက်သေးသော ပုထုဇဉ်မျှသာဖြစ်သော သီရိဓမ္မာသောကမင်းကြီးသည် ကွယ်လွန်ပြီးနောက် စပါးကြီးမြွေ ဖြစ်ရပါသေးသည်။

## မလ္လိကာမိဖုရား

မြတ်စွာဘုရားကို ကြည်ညိုရှိသေလေးစား သက်ဝင်ယုံကြည်သည်နှင့်အမျှ မြတ်စွာဘုရားနှင့် သံဃာတော်များစွာကို ဆွမ်းအလှူနှင့်တကွ ပစ္စည်းလေးပါးအလှူတော်များစွာ ပေးကမ်းလှူဒါန်းခဲ့သော မလ္လိကာမိဖုရားသည် ပုထုဇဉ်မျှသာဖြစ်သည့်အပြင် ဘုရင်အား မုသားစကားပြောဆိုခဲ့သဖြင့်လည်း အဝီစိငရဲတွင် (၇) ရက် ကျရောက်ခဲ့ရပါသည်။

**ပုထုဇဉ်ဘဝဖြင့် အပါယ်လေးပါးသံသရာမှ ရုန်းမထွက်နိုင်သေးသော သာဓကများကို သင်ခန်းစာယူပြီး သောတာပန်ဖြစ်ဖို့ ပုထုဇဉ်အနွယ်ဇာတ်ကို ဖြတ်ကြရပါမည်။**

www.thitsarparamisociety.com

www.thitsarparami.org



## ကုသိုလ် (၃) မျိုး

၁။ ကာမာဝစရ ကုသိုလ်
၂။ မဟဂ္ဂုတ် ကုသိုလ် (၉) ပါး
၃။ မဂ် ကုသိုလ် (၄) ပါး

ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် ဗုဒ္ဓသာသနာတော်အတွင်း ကောင်းမှုကုသိုလ် ပြုလုပ်ကြရာတွင် ကာမာဝစရကုသိုလ်နှင့် မဟဂ္ဂုတ်ကုသိုလ်တို့နှင့်သာ အားရတင်းတိမ်မနေကြဘဲ ပုထုဇဉ်အနွယ်ဇာတ်မှ အရိယာအနွယ်သို့ ဆိုက်ရောက်စေသော မဂ်ကုသိုလ်ရရှိရန် ကြိုးပမ်းကျင့်ကြံအားထုတ်ကြပါ။

## မဂ်ဖိုလ်ရရှိစေနိုင်သည့် အကြောင်းတရား

အပါယ်လေးပါးမှ လုံးဝလွှန်မြောက်၍ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာပုဂ္ဂိုလ်များဖြစ်သည့် အရိယာသူတော်စင်များဖြစ်ကြရန် အကြောင်းတရား (၃) ခု ပြည့်စုံရန်လိုအပ်ပါသည်။

၁။ တိဟိတ်ပုဂ္ဂိုလ်ဖြစ်ခြင်း။
၂။ ပါရမီရင့်သန်ခြင်း။
၃။ ကြိုးပမ်းအားထုတ်မှု မှန်ကန်ပြည့်စုံခြင်း။

သတိပဋ္ဌာန်တရားတော်အရ ဝိပဿနာ ဘာဝနာတရားများ ရှုမှတ်သဖြင့် သူတော်စင်တို့သည် ဖြစ်မှုပျက်မှုကို အဖန်ဖန်တလဲလဲ ဆင်ခြင်သုံးသပ်သောဉာဏ် (ဥဒယဗ္ဗယဉာဏ်) အဆင့်

www.thitsarparamisociety.com

www.thitsarparami.org



သို့ ရောက်ရှိလျှင် ကလျာဏပုထုဇဉ်၊ စူဠသောတာပန်အဖြစ် အပါယ်သံသရာမှ တစ်ဘ၀၊ နှစ်ဘ၀ လွတ်မြောက်နိုင်ပါသည်။

ဖြစ်မှုပျက်မှုကို အဖန်ဖန်တလဲလဲ ဆင်ခြင်သုံးသပ်သော ဉာဏ်အဆင့်မှ ဆက်လက်ရှုမှတ်သဖြင့် အဆင့်ဆင့်သောဉာဏ်တို့မှ အနုလောမဉာဏ်အဆုံးတွင် သူတော်စင်တို့သည် သင်္ခါရတရားတို့၏ ချုပ်ငြိမ်းရာဘက်သို့ သက်ဝင်သောဉာဏ်ဖြင့် ဂေါတြဘူစိတ် ဖြစ်ပေါ်၏။ ဂေါတြဘူစိတ်သည် နိဗ္ဗာန်ကို အာရုံပြုလျက် ပုထုဇဉ်အနွယ်ဇာတ်ကို ဖြတ်ကျော်၍ အရိယာအနွယ်သို့ ဆိုက်ရောက်စေသဖြင့် သူတော်စင်တို့သည် အပါယ်လေးပါးမှ လုံးဝလွတ်မြောက်ပြီ ဖြစ်ပါသည်။

## မဂ်ဖိုလ်မရရှိနိုင်သည့် အကြောင်းများ

ပါပမိတ္တတာ၊

ကရိယပရိဟာနိ။

**ပါပမိတ္တတာ**

ယုတ်မာသောမိတ်ဆွေကြောင့်လည်း တရားထူး၊ တရားမြတ်များကို မရရှိနိုင်ပါ။

**ကရိယပရိဟာနိ**

အားထုတ်မှု မပြည့်စုံခြင်းကြောင့်လည်း တရားထူး၊ တရားမြတ်များကို မရရှိနိုင်ပါ။

www.thitsarparamisociety.com

www.thitsarparami.org



ကုဋေ (၁၆၀) ကြွယ်ဝချမ်းသာသည့် မဟာနေသူဌေးသားသည် အထက်ပါအကြောင်း (၂) ခုကြောင့် တရားမရရှိဘဲ သံသရာမှ မလွတ်မြောက်နိုင်သေးပါ။

**သောတာပန်ဖြစ်ဖို့ ပုထုဇဉ်အနွယ်ဇာတ်ကို ဖြတ်ကြပါ။**

သူတော်ကောင်း သူတော်စင်အပေါင်းတို့-

ရှည်လျားလှသည့် သံသရာဝဋ်ဆင်းရဲတွင် ပုထုဇဉ်အဖြစ်ဖြင့် သံသရာမှ မလွတ်မြောက်နိုင်သေးပါ။ အကုသိုလ်အကျိုးပေးသည့်အခါ အပါယ်လေးပါးသို့ ကျရောက်တတ်ပါသည်။

သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရန် အလွန်ဆုံး (၇) ဘဝ၏ နောက်ဆုံးဘဝတွင် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သည့် သောတာပန် ပုဂ္ဂိုလ်ဖြစ်ရန် ကျင့်ကြံကြိုးပမ်းအားထုတ်ကြရပါမည်။

**"သောတာပန်ဖြစ်ဖို့ ပုထုဇဉ်အနွယ်ဇာတ်ကို ဖြတ်ကြပါစို့" စာအုပ်ငယ်တွင် အပိုင်း (၄) ပိုင်းဖြင့် သောတာပန်ဖြစ်ဖို့အရေး ကြိုးပမ်းနိုင်ကြရန် ပြုစုထားသည်ကို တွေ့ရှိရပါသည်။**

ဗုဒ္ဓဘာသာဝင် သူတော်ကောင်း သူတော်စင်များအားလုံး မိမိတို့ လိုလားတောင့်တအပ်သော မဂ်ဖိုလ်နိဗ္ဗာန်ကို ရရှိကြရန်

www.thitsarparamisociety.com

www.thitsarparami.org



အတွက် ပုထုဇဉ်အဖြစ်မှ သောတာပန်ပုဂ္ဂိုလ်များဖြစ်အောင် ကြိုးစားနိုင်ကြပါစေ။

ပဓာန နာယကဆရာတော် ဘဒ္ဒန္တသုမင်္ဂလ (မဟာထေရ်)
ပြည်ထောင်စုမြန်မာနိုင်ငံတော် ဝိနည်းဓိုရ်ဆရာတော်၊
မူလမင်္ဂလာစရိယဆရာတော်
ပရိယတ္တိသာသနဟိတာရေ (ဓမ္မကထိက)
ဂဏပါလ ဝိုဏ်းထောက်၊ ရွှေကျင်နိကာယသာသနာ၊
မော်လမြိုင်ဝိနည်းပြန်ဌာန (မွန်ပြည်နယ်)
ခြသေ့ကျောင်းတိုက်၊ ကမာဝက်ရွာ၊ မွန်ပြည်နယ်၊ မုဒုံမြို့။

www.thitsarparamisociety.com

www.thitsarparami.org

## စာအုပ်ပြုစုသူ၏အမှာစကား

“နိဗ္ဗာန်”တောင်းဆုကို အမြဲတစေ ဆုပန်နေကြပြီး **“နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရန် စတင်ကြိုးပမ်းကြမည့်သူများ”** ကို **ရည်ရွယ်၍ “နိဗ္ဗာန်ရှာပုံတော်ခရီး”** စာအုပ်ကို ၂၀၁၀ ပြည့်နှစ် ဇူလိုင်လတွင် ထုတ်ဝေနိုင်ခဲ့ပြီး ဗုဒ္ဓဘာသာဝင် သူတော်ကောင်း သူတော်စင်တို့၏ လက်ဝယ်အရောက် ဖြန့်ဝေနိုင်ခဲ့ပါသည်။

၂၀၁၁ခုနှစ် စက်တင်ဘာလတွင် **“နိဗ္ဗာန်ကို မျက်မှောက်ပြုမည့်ခရီးကို လျှောက်လှမ်းနေဆဲဖြစ်သူများ”** ကို **ရည်ရွယ်၍လည်း “ရဟန္တာဆိုင်ရာတရားတော်”** စာအုပ်ကို ဗုဒ္ဓဘာသာဝင် သူတော်ကောင်း သူတော်စင်တို့၏ လက်ဝယ်အရောက် ဒုတိယ စာအုပ်အဖြစ် ဖြန့်ဝေနိုင်ခဲ့ပါသည်။

**ယခုတစ်ဖန် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရန်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် ကျင့်ကြံကြိုးပမ်း အားထုတ်နေကြသော ဗုဒ္ဓဘာသာဝင်သူတော်ကောင်း သူတော်စင်တို့အတွက် “သောတာပန်ဖြစ်ဖို့ ပုထုဇဉ်အနွယ်ဓာတ်ကို ဖြတ်ကြပါစို့” စာအုပ်ကို ပြုစုထုတ်ဝေပါသည်။**

www.thitsarparamisociety.com

www.thitsarparami.org



## သောတာပန်ပုဂ္ဂိုလ်

နိဗ္ဗာန်ကို မျက်မှောက်ပြုမည့် ရဟန္တာမဖြစ်မီ၊ အနာဂါမ် ပုဂ္ဂိုလ်၊ သကဒါဂါမ်ပုဂ္ဂိုလ်၊ သောတာပန်ပုဂ္ဂိုလ်အဖြစ် ရောက်ရှိအောင် ကျင့်ကြံကြိုးပမ်းအားထုတ်ကြရမည် ဖြစ်သည့်အတွက်

အရိယာတို့မှ အသီးအခြားဖြစ်သောသူ၊

(တစ်နည်းအားဖြင့်) သာမန်လူ

(တစ်နည်းအားဖြင့်) ပုထုဇဉ်ပုဂ္ဂိုလ်အဖြစ်မှသည်

**အရိယာမဂ်တည်းဟူသော ရေအယဉ်သို့ ရောက်ရှိသော သောတာပန်ပုဂ္ဂိုလ်ဖြစ်ရန် ကြိုးပမ်းအားထုတ်ကြရပေမည်။**

တစ်နည်းအားဖြင့် **သောတာပန်ဖြစ်ဖို့ ပုထုဇဉ်အနွယ်ဇာတ်ကို ဖြတ်ကြရပါမည်။**

www.thitsarparamisociety.com

www.thitsarparami.org



# အပိုင်း (၄) ပိုင်းဖြင့် တင်ပြပါမည်

ဤစာအုပ်တွင် "**သောတာပန်ဖြစ်ဖို့ ပုထုဇဉ်အနွယ်ဇာတ်ကို ဖြတ်ကြရန်**" အတွက် မြတ်ဗုဒ္ဓဟောကြားထားတော်မူသော သောတာပန်ဆိုင်ရာတရားတော်များကို **အပိုင်း (၄) ပိုင်းဖြင့်** ပြုစုတင်ပြထားပါသည်။

## အပိုင်း (၁)

ပုထုဇဉ်အနွယ်ဇာတ်ကို ဖြတ်နိုင်သည့် မြတ်ဗုဒ္ဓ၏ တရားတော်များ အပိုင်း(၁)တွင် မဟာဝဂ္ဂသံယုတ်ပါဠိတော် သောတာပတ္တိသံယုတ်တွင် ဟောကြားတော်မူသော သောတာပန်ဖြစ်ကြောင်း တရားလေးမျိုးတို့ကို တင်ပြထားပါသည်။

## အပိုင်း (၂)

အပိုင်း(၂)တွင် သောတာပန်ဖြစ်ကြောင်းတရား လေးမျိုးတို့တွင် တစ်ပါးအပါအဝင်ဖြစ်သော "သီလ"ကို အထောက်အပံ့ပြုသည့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာတွင် ဖော်ပြထားသော သီလနှင့် သောတာပန်တရားတို့ကို တင်ပြထားပါသည်။

www.thitsarparamisociety.com

www.thitsarparami.org



## အပိုင်း (၃)

နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရန် တစ်ခုတည်းသောလမ်းမှန်၊ တစ်ကြောင်းတည်းသောလမ်းမှန်ဖြစ်သော သတိပဋ္ဌာန်လမ်းစဉ်ဖြင့် သောတာပန်ပုဂ္ဂိုလ်ဖြစ်ရန် ပယ်သတ်ရမည့်သံယောဇဉ် (၅) ပါးနှင့် ဂေါတြဘူစိတ်သည် ပုထုဇဉ်အနွယ်ဇာတ်ကို ဖြတ်တောက်လွှမ်းမိုး၍ အရိယာအနွယ်ကို ဆိုက်ရောက်စေကြောင်း (သောတာပန်ဖြစ်ကြောင်း) တို့ကို အပိုင်း(၃)တွင် ပြုစုတင်ပြထားပါသည်။

## အပိုင်း (၄)

မြဲမြဲခိုင်ခံ့ ထက်သန်လှသည့် သဒ္ဓါတရားဖြင့် သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်းငှာ ကျင့်ဆဲဖြစ်သော သဒ္ဓါနုသာရီပုဂ္ဂိုလ်နှင့် သောတာပတ္တိဖိုလ်၌တည်သော သဒ္ဓါဝိမုတ္တသောတာပန်ပုဂ္ဂိုလ်အကြောင်းကို အပိုင်း(၄)တွင် ပြုစုတင်ပြထားပါသည်။

ဗုဒ္ဓဘာသာဝင်သူတော်ကောင်း သူတော်စင်တို့ကို အပိုင်း (၄)ပိုင်းဖြင့် သောတာပန်ဖြစ်ဖို့ ပုထုဇဉ်အနွယ်ဇာတ်ကို ဖြတ်ကြရန် တတ်အားသမျှ ပြည့်ပြည့်စုံစုံ၊ စုံနိုင်သမျှ စုံအောင် ပြုစုတင်ပြထားပါသည်။

www.thitsarparamisociety.com

www.thitsarparami.org



## ဩဝါဒများလည်း ပါသည်

သူတော်ကောင်းတို့ သောတာပန်ဖြစ်ရန် ကျင့်ကြံကျင့်သုံး ကြိုးပမ်းအားထုတ်ကြရာတွင် ပိုမို၍ သဒ္ဓါတရား ထက်သန်ရန် အတွက် ဆရာတော်ကြီးများ၏ ဩဝါဒများကိုလည်း ထည့်သွင်း ဖော်ပြထားပါသည်။

## သာသနာပိုင်မှ ဖြစ်မည်

"အနည်းဆုံးတစ်မဂ်၊ တစ်ဖိုလ်ရမှ (တစ်နည်းအားဖြင့်) သောတာပန်ဖြစ်မှ သာသနာပိုင်တာ၊ သောတာပန်ဖြစ်အောင် အားထုတ်၊ ဒါမှ သာသနာပိုင်မယ်လို့ ပြောတာ"

ဆိုသည့် မိန့်မှာချက်နှင့်ဆက်နွယ်၍လည်း "သာသနာ ပိုင်"အကြောင်းများကိုပါ တစ်ဆက်တစ်စပ်တည်း ထည့်သွင်း ဖော်ပြထားပါသည်။

www.thitsarparamisociety.com

www.thitsarparami.org



## ပန်းတိုင်ရောက်သူ

ဗုဒ္ဓဘာသာဝင် သူတော်ကောင်း သူတော်စင်တို့၏ ရည်မှန်းချက်ပန်းတိုင်သည် ပုထုဇဉ်ဘဝမှ သောတာပန်ပုဂ္ဂိုလ် ဖြစ်ရေး ဖြစ်ပါသည်။

သောတာပန်ပုဂ္ဂိုလ်ဖြစ်လျှင် ပန်းတိုင်ရောက်သူဟု ဆိုနိုင်ပေပြီ၊ အဘယ်ကြောင့်ဆိုသော် မြတ်သော သောတာပန်ပုဂ္ဂိုလ်သည် အလွန်ဆုံး(၇)ဘဝအတွင်း နိဗ္ဗာန်ကို မျက်မှောက်ပြုမည့် အရိယာသူတော်စင် ဖြစ်ပါသည်။

## မြတ်သော သောတာပန်တို့၏ မြတ်သောဉာဏ်

ပန်းတိုင်ရောက်သော မြတ်သော သောတာပန်တို့ ရရှိအပ်သော ဉာဏ်(၇)ပါးကို **မိုးကုတ်ဆရာတော်ကြီး၏ ရှင်းလင်းဟောကြားမှု**တို့နှင့်အတူ အခန်း(၁၀)တွင် ပြုစုဖော်ပြထားပါသည်။

www.thitsarparamisociety.com

www.thitsarparami.org



# အာသီသ

ဗုဒ္ဓဘာသာဝင် သူတော်ကောင်း သူတော်စင်တို့သည် **သောတာပန်ဖြစ်ကြောင်း** တရားလေးပါးဖြစ်သော-

**သူတော်ဆည်းကပ်**

**မြတ်တရားနာ**

**လျော်စွာနှလုံး**

**ကျင့်သုံးဖွဲ့သန်** ဆိုသည်နှင့်အညီ

မြတ်ဗုဒ္ဓဟောကြားတော်မူသော **မြတ်သော သောတာပန်တို့၏ မြတ်သောဉာဏ်(၇)ပါးနှင့် ပြည့်စုံသော သောတာပန်ပုဂ္ဂိုလ်များဖြစ်ရန်** ကျင့်ကြံကြိုးပမ်း အားထုတ်နိုင်သူများ ဖြစ်ကြပါစေ။

ဤစာအုပ်တွင် ဖော်ပြပါရှိသော အကြောင်းအရာများနှင့် အချက်အလက်များ အရေးအသားများတွင် အားနည်းချက် ချို့ယွင်းချက်များ ပါရှိပါက မိမိ၏အားနည်းချက်၊ ချို့ယွင်းချက်များသာ ဖြစ်ပါ၏။

ထိုထိုသော အားနည်းချက်၊ ချို့ယွင်းချက်များပါရှိပါလျှင် မိမိအား ခွင့်လွှတ်နိုင်ကြပါရန်နှင့် မိမိအားလည်း ညွှန်ပြထောက်ပြ၍ နည်းလမ်းကောင်းများပေးကြပါရန် အနူးအညွတ် တင်ပြအပ်ပါ၏။

**(အရှင်နေမိန္ဒ)**

**၂၀၁၂ ခုနှစ်၊ ဩဂုတ်လ**

www.thitsarparamisociety.com

www.thitsarparami.org

# သောတာပန်ဖြစ်ဖို့
# ပုထုဇဉ်အနွယ်ဇာတ်ကို ဖြတ်ကြပါစို့

## မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

## အခန်း(၁)
## သောတာပန်
### ရည်မှန်းချက်ပန်းတိုင်


၁။ ဓမ္မစကြာညှ၏အမှတ်တရလူယောကျ်ား ၁
၂။ ဓမ္မစကြာညှ၏အမှတ်တရတရားတော် ၄
၃။ ဟောမဝတနတ်မင်းနှင့်သာတာဂိရိနတ်မင်း ၅
၄။ သာတာဂိရိနတ်မင်းက ဖိတ်ခေါ်ပုံ ၇
၅။ ဗုဒ္ဓမြတ်စွာအကြောင်း ကြိုတင်သိလို၍ မေးမြန်းခြင်း ၈
၆။ ဓမ္မစကြာညအလှ၏အမှတ်တရအမျိုးသမီး ၁၁


www.thitsarparamisociety.com

www.thitsarparami.org


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇။ | ဘုရားဖူးဖိတ်ခေါ်ပုံဆောင်ပုဒ် | ၁၃ |
| ၈။ | သာတာဂိရိ အဖြေဆောင်ပုဒ်များ | ၁၄ |
| ၉။ | ဟေမဝတသုတ္တန်ဟု အမည်တွင်ခြင်းအကြောင်း | ၁၇ |
| ၁၀။ | ဟေမဝတသုတ္တန်၏ တရားအနှစ်ချုပ်များ | ၁၉ |
| ၁၁။ | မြတ်စွာဘုရား၏ အဖြေ (၁) | ၂၁ |
| ၁၂။ | မြတ်စွာဘုရား၏ အဖြေဆောင်ပုဒ် (၁) | ၂၂ |
| ၁၃။ | မြတ်စွာဘုရား၏ အဖြေဆောင်ပုဒ် (၂) | ၂၄ |
| ၁၄။ | မြတ်စွာဘုရား၏ အဖြေဆောင်ပုဒ် (၃က) | ၂၅ |
| ၁၅။ | မြတ်စွာဘုရား၏ အဖြေဆောင်ပုဒ် (၃ခ) | ၂၆ |
| ၁၆။ | ဟေမဝတသုတ္တန်၏ တရားအကျဉ်းချုပ်ကို မှတ်သားလိုက်နာရန် | ၂၆ |
| ၁၇။ | ရည်မှန်းချက်ပန်းတိုင် | ၂၉ |


www.thitsarparamisociety.com

www.thitsarparami.org


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

## အခန်း(၂)

## သောတာပန်ဖြစ်ဖို့ ဖြတ်ကျော်ရမည့် ပုထုဇဉ်အနွယ်

| | | |
|---|---|---|
| ၁၈။ | ပုထုဇဉ်ဆိုသည်မှာ | ၃၃ |
| ၁၉။ | ရဟန္တာအရှင်သူမြတ်ရှင်နာဂသိန် | ၃၅ |
| ၂၀။ | ပုထုဇဉ်များအပေါ် သက်ရောက်သော မြတ်စွာဘုရား၏မဟာကရုဏာတော်များအစုစု (ပုထုဇဉ်တို့၏လက္ခဏာများ) | ၃၆ |
| ၂၁။ | ကိုးကွယ်အားထားရာ ဗုဒ္ဓမြတ်စွာ | ၄၁ |

## အခန်း(၃)

| | | |
|---|---|---|
| ၂၂။ | **ကိုးကွယ်ကြည်ညို မှီခိုအားထားရန်အမှန် ဖြစ်တော်မူသော ဗုဒ္ဓမြတ်စွာ** | **၄၅** |
| ၂၃။ | အရိယာသူတော်စင်ဖြစ်ထွန်းရာ တစ်ခုတည်းသော ဗုဒ္ဓသာသနာတော် | ၄၇ |
| ၂၄။ | ဓမ္မတရားအမြင်ဖြင့် ရှုမြင်ရမည့် ဗုဒ္ဓသာသနာတော် | ၄၈ |


www.thitsarparamisociety.com

www.thitsarparami.org

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


၂၅။ ဓမ္မတရားအမြင်ဖြင့် ရှုမြင်ရမည့် ဗုဒ္ဓမြတ်စွာ ၄၉

၂၆။ ဓမ္မတရားအမြင်ဖြင့် ရှုမြင်ရမည့် တရားတော်များ ၅၀

၂၇။ ဓမ္မတရားအမြင်ဖြင့် ရှုမြင်ရမည့် သံဃာတော်များ ၅၂

၂၈။ ဓမ္မတရားအမြင်ဖြင့် ရှုမြင်ခြင်း ၅၃


## အခန်း(၄)

## သောတာပန်ပုဂ္ဂိုလ်


၂၉။ သောတာပန်ဆိုသည်မှာ ၅၇

၃၀။ သောတာပန်တို့၏စိတ် ၅၈

၃၁။ သောတာပန်ပုဂ္ဂိုလ် ၅၉

၃၂။ မြတ်သော သောတာပန် ၆၀

၃၃။ သောတာပန်ဖြစ်ရတာ စကြဝတေးမင်း
ထက်လည်း မြတ်သည် ၆၁

၃၄။ နတ်ဗြဟ္မာဖြစ်ရသည်ထက်လည်း မြတ်သည် ၆၃

၃၅။ ဗြဟ္မာမင်းကြီးဖြစ်ရသည်ထက်လည်း မြတ်သည် ၆၇


www.thitsarparamisociety.com

www.thitsarparami.org


စဉ် အကြောင်းအရာ စာမျက်နှာ


## အခန်း(၅)

## သောတာပန်ဖြစ်ဖို့


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ပုထုဇဉ်အနွယ်ဇာတ်ကို ဖြတ်ကြပါစို့(အပိုင်း-၁) | ၇၁ |
| ၃၆။ | သောတာပန်ဖြစ်ရန် တရားလေးမျိုး | ၇၃ |
| ၃၇။ | သောတာပန်ပုဂ္ဂိုလ်များ | ၈၁ |
| ၃၈။ | ဒီဃာဝု ဉပါသကာသုတ် | ၈၃ |
| ၃၉။ | အနာဂါမ် ဒီဃာဝု ဉပါသကာ | ၈၆ |
| ၄၀။ | ဝိဇ္ဇာ(မဂ်ဉာဏ်)အလို့ငှာ ပွားများရမည့် တရား(၆)ပါး | ၈၇ |
| ၄၁။ | ကွယ်လွန်ခါနီး နှလုံးမသွင်းသင့်သောအရာနှင့် နှလုံးသွင်းသင့်သောအရာ | ၈၉ |
| ၄၂။ | မြတ်ဗုဒ္ဓဘုရားရှင် ပရိနိဗ္ဗာန်ပြုမည့် ဒီဃာဝု ဉပါသကာ | ၉၀ |
| ၄၃။ | သောတာပတ္တိသံယုတ်တွင် ဟောကြားတော်မူသော တရားတော်များ | ၉၁ |
| ၄၄။ | သောတာပန်ဖြစ်ဖို့ ပုထုဇဉ်အနွယ်ဇာတ်ကို ဖြတ်ကြပါစို့ (အပိုင်း-၁) အာသီသ | ၉၃ |


www.thitsarparamisociety.com

www.thitsarparami.org

စဉ် အကြောင်းအရာ စာမျက်နှာ

## အခန်း(၆)

## သောတာပန်ဖြစ်ဖို့ ပုထုဇဉ်အနွယ်ဇာတ်ကို ဖြတ်ကြပါစို့ (အပိုင်း-၂)

၄၅။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာမိတ်ဆက် ၉၇
၄၆။ အရှင်မဟာဗုဒ္ဓဃောသမထေရ်သူမြတ် ၉၇
၄၇။ သာသနာတော်သုံးရပ် ၉၈
၄၈။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာကျမ်းကြီး ၉၉
၄၉။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာကျမ်းကြီး ဖြစ်ပေါ်ခြင်း အကြောင်းရင်း ၁၀၀
၅၀။ နတ်သားမေးမြန်းလျှောက်ထားသည့်ဂါထာ ၁၀၀
၅၁။ မြတ်စွာဘုရားမိန့်တော်မူသည့်ဂါထာတော် ၁၀၁
၅၂။ သီလေပတိဋ္ဌာယနရော သပညော အစရှိသောဂါထာ ၁၀၂
၅၃။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာကျမ်းကြီး ၁၀၃
၅၄။ သီလနှင့်သောတာပန် ၁၀၄
၅၅။ သောတာပန်ဖြစ်ဖို့ ပုထုဇဉ်အနွယ်ဇာတ်ကို ဖြတ်ကြပါစို့ (အပိုင်း-၂) အာသီသ ၁၀၆

www.thitsarparamisociety.com

www.thitsarparami.org

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

## အခန်း(၇)

## သောတာပန်ဖြစ်ဖို့

## ပုထုဇဉ်အနွယ်ဓာတ်ကို ဖြတ်ကြပါစို့(အပိုင်း-၃)


၅၆။ မဟာသတိပဋ္ဌာနသုတ်၏ဂုဏ်ရည် ၁၀၉

၅၇။ ပဋ္ဌာစာရာ ထေရီမ ၁၁၁

၅၈။ ဓမ္မာနုပဿနာ-နီဝရဏပိုင်း ၁၁၃

၅၉။ ဓမ္မာနုပဿနာ-အာယတနပိုင်း ၁၁၆

၆၀။ ဆယ်ပါးသောသံယောဇဉ် ၁၁၈

၆၁။ သောတာပန်ပယ်သတ်သည့်သံယောဇဉ်(၅)ပါး ၁၁၉

၆၂။ မဟာသတိပဋ္ဌာနသုတ်တော်တွင် ဟောကြားတော်မူသည့်နည်းများဖြင့် ရှုမှတ်ပွားများခြင်း (အကျဉ်း) ၁၂၁

၆၃။ စိတ္တဝိသုဒ္ဓိ (စိတ်သမာဓိအထူးစင်ကြယ်ခြင်း) ၁၂၃

၆၄။ ဒိဋ္ဌိဝိသုဒ္ဓိ (အမြင်အထူးစင်ကြယ်ခြင်း) ၁၂၄

၆၅။ သမ္မသနဉာဏ် ၁၂၅

၆၆။ ဥဒယဗ္ဗယဉာဏ် ၁၂၆


www.thitsarparamisociety.com

www.thitsarparami.org

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |


၆၇။ ဘဂ်ဉာဏ် ၁၂၇

၆၈။ ဘယဉာဏ် ၁၂၇

၆၉။ အာဒီနဝဉာဏ် ၁၂၈

၇၀။ နိဗ္ဗိဒါဉာဏ် ၁၂၈

၇၁။ မုစ္စိတုကမျတာဉာဏ် ၁၂၉

၇၂။ ပဋိသင်္ခါဉာဏ် ၁၂၉

၇၃။ သင်္ခါရုပေက္ခာဉာဏ် ၁၃၀

၇၄။ အနုလောမဉာဏ် ၁၃၁

၇၅။ ဝုဋ္ဌာန ဂါမိနီဝိပဿနာ ၁၃၁

၇၆။ ဂေါတြဘူ ၁၃၂

၇၇။ သောတာပန်ဖြစ်ဖို့ ပုထုဇဉ်အနွယ်ဇာတ်ကို ဖြတ်ကြပါစို့ အပိုင်း(၃)အာသီသ ၁၃၃


www.thitsarparamisociety.com

www.thitsarparami.org



## အခန်း(၈)

## သောတာပန်ဖြစ်ဖို့

## ပုထုဇဉ်အနွယ်ဇာတ်ကို ဖြတ်ကြပါစို့ (အပိုင်း-၄)


၇၈။ မြဲမြံခိုင်ခံ့ထက်သန်လှသည့် သဒ္ဓါတရား ၁၃၇

၇၉။ သောတာပန်ဖြစ်ကြောင်း တရား(၄)ပါး ၁၄၀

၈၀။ သုဒ္ဓေါဒနမင်းကြီး သောတာပန်ဖြစ်ပုံ ၁၄၁

၈၁။ ဆွမ်းအလှူခံခြင်းကျင့်ဝတ် ၁၄၂

၈၂။ မိထွေးတော် ဂေါတမီ သောတာပန်ဖြစ်ပုံ ၁၄၄

၈၃။ အာဠဝကဘီလူး သောတာပန်ဘည်ခြင်း ၁၄၆

၈၄။ သံသရာပင်လယ်ကြီးကို လွန်မြောက်ရန် ၁၄၈

၈၅။ ပဋိသမ္ဘိဒါမဂ်ပါဠိတော်နှင့် ပုဂ္ဂလပညတ် ပါဠိတော် ၁၅၀

၈၆။ သဒ္ဓါနုသာရီ ပုဂ္ဂိုလ်နှင့် သဒ္ဓါဝိမုတ္တပုဂ္ဂိုလ် ၁၅၁

၈၇။ မြဲမြံခိုင်ခံ့သည့်သဒ္ဓါတရား(သဒ္ဓိန္ဒြေ)အကြောင်း ထပ်လောင်းသိကောင်းစရာများ ၁၅၂

၈၈။ သောတာပန်ဖြစ်ဖို့ ပုထုဇဉ်အနွယ်ဇာတ်ကို ဖြတ်ကြပါစို့ (အပိုင်း၄) အာသီသ ၁၅၄


www.thitsarparamisociety.com

www.thitsarparami.org



## အခန်း(၉)

## ကျေးဇူးတော်ရှင်ဆရာတော်ကြီးများ၏ ဩဝါဒများ


၈၉။ မိုးကုတ်ဆရာတော်ကြီး ၁၅၈

၉၀။ မဟာစည်ဆရာတော်ကြီး ၁၅၉

၉၁။ ကွမ်းတောတောရဆရာတော်ကြီး ၁၆၁

၉၂။ သဒ္ဓမ္မရံသီရိပ်သာဆရာတော်
(အရှင်ကုဏ္ဍလာဘိဝံသ) ၁၆၂

၉၃။ ပဏ္ဍိတာရာမ ရွှေတောင်ကုန်းဆရာတော် ၁၆၅

၉၄။ သာသနာပိုင်ဖြစ်အောင် ကြိုးစားကြပါ ၁၆၆

၉၅။ ရွှေဥမင်ဆရာတော်ကြီးနှင့် ရွှေတောင်ကုန်း
ဆရာတော် ၁၆၇

၉၆။ သာသနာပိုင် ၁၆၉

၉၇။ သီလ၊ သမာဓိ နှင့် ပညာ ၁၇၀

၉၈။ ကိုယ်၊ နှုတ်၊ စိတ်(၃)မျိုးစလုံး နှစ်သက်စရာ ၁၇၁

၉၉။ ဗုဒ္ဓယဉ်ကျေးမှုနှင့်ဗုဒ္ဓသာသနာကို
ပိုင်ဆိုင်နိုင်ပါစေ ၁၇၃


www.thitsarparamisociety.com

www.thitsarparami.org


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၀၀။ | မိမိကိုယ်ကိုမိမိ ပြန်မေးကြည့်ပါ | ၁၇၄ |
| ၁၀၁။ | မဟာပရိနိဗ္ဗာနသုတ်တော် | ၁၇၅ |
| ၁၀၂။ | ဗုဒ္ဓသာသနာတော်၏လိုရင်းအနှစ်ချုပ်တရား | ၁၇၆ |
| ၁၀၃။ | ဗောဓိပက္ခိယတရား(၃၇)ပါး | ၁၇၉ |
| ၁၀၄။ | လိုရင်းအကျဉ်းချုပ် | ၁၇၉ |
| ၁၀၅။ | သာသနာပိုင်ဖြစ်ဖို့လိုပြီ | ၁၈၀ |
| ၁၀၆။ | အာသီသ | ၁၈၁ |


## အခန်း(၁၀)

## ပန်းတိုင်ရောက်သူ


| | | |
|---|---|---|
| ၁၀၇။ | ရည်မှန်းချက်ပန်းတိုင် | ၁၈၆ |
| ၁၀၈။ | ပန်းတိုင်ရောက်ကြောင်းတရားများ | ၁၈၆ |
| ၁၀၉။ | ပန်းတိုင်ရောက်သူ | ၁၈၉ |
| ၁၁၀။ | ပန်းတိုင်ရောက်သူမြတ်သောသောတာပန် အဆင့်ဆင့် | ၁၉၀ |
| ၁၁၁။ | ပန်းတိုင်ရောက်သူ မြတ်သော သောတာပန်တို့၏ မြတ်သောဉာဏ်များ | ၁၉၁ |


www.thitsarparamisociety.com

www.thitsarparami.org

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


၁၁၂။ ကောသမ္ဗိယသုတ်တော် ၁၉၂

၁၁၃။ ပုထုဇဉ်တို့နှင့် မဆက်ဆံသည့်မြတ်သော ဉာဏ်များ ၁၉၂

၁၁၄။ မိုးကုတ်ဆရာတော်ဘုရားကြီး ၁၉၃

၁၁၅။ မြတ်သော ပဌမဉာဏ် ၁၉၅

၁၁၆။ မြတ်သော ဒုတိယဉာဏ် ၂၀၀

၁၁၇။ မြတ်သော တတိယဉာဏ် ၂၀၂

၁၁၈။ မြတ်သော စတုတ္ထဉာဏ် ၂၀၄

၁၁၉။ မြတ်သော ပဥ္စမဉာဏ် ၂၀၆

၁၂၀။ မြတ်သော ဆဋ္ဌမဉာဏ် ၂၁၀

၁၂၁။ မြတ်သော သတ္တမဉာဏ် ၂၁၃

၁၂၂။ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုပြီ ၂၁၄

၁၂၃။ မြတ်သော ဉာဏ်များ (ဂုဏ်ရည်များ) လိုရင်းအကျဉ်းချုပ် ၂၁၈

၁၂၄။ အာသီသ ၂၂၁

၁၂၅။ ကောက်နုတ်မှီငြမ်းကိုးကားသော ကျမ်းစာအုပ်များ ၂၂၃


www.thitsarparamisociety.com

www.thitsarparami.org

# အခန်း (၁)

# ရည်မှန်းချက်ပန်းတိုင်

www.thitsarparamisociety.com

www.thitsarparami.org

မဗ္ဗစကြာညာ၏အမှတ်တရများ

## အမှတ်တရ လူယောကျ်ား
## (အရှင်ကောဏ္ဍည)

ဗုဒ္ဓမြတ်စွာ ဟောကြားသော တရားဦးဒေသနာတော်ကို ကြားနာရရုံဖြင့် ဓမ္မစကြာည၏ အမှတ်တရ ပထမဦးစွာသော သောတာပန်ပုဂ္ဂိုလ် ဖြစ်ပေသည်။

## အမှတ်တရ အမျိုးသမီး (အမျိုးသမီးကာဠီ)

ကောင်းကင်ယံထက်တွင် နတ်မင်း(၂) ပါး မေးဖြေနေကြသည့် မြတ်ဗုဒ္ဓ၏ဂုဏ်တော်များကို ကြားနာရင်း၊ ကြားနာရင်း ပီတိတွေ တဖြန်းဖြန်း ဖြစ်ပေါ်လာပြီး ကြည်ညိုမှတ်သားဖွယ်၊ ကျင့်သုံးဖွယ် တရားစကားကို ကြားနာရသည်နှင့်ပင် ပထမဦးစွာသော အမျိုးသမီးသောတာပန်ပုဂ္ဂိုလ် ဖြစ်ပေသည်။

www.thitsarparamisociety.com

www.thitsarparami.org

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
ကျေးဇူးတော်ရှင်၊ မဟာကရုဏာတော်ရှင်
မြတ်စွာဘုရားအား မြတ်တရားဖြင့် ပူဇော်ပါ၏ဘုရား။

သောတာပန်ဖြစ်ဖို့
ပုထုဇဉ်အနွယ်ဇာတ်ကို ဖြတ်ကြပါစို့။

# အခန်း (၁)

# သောတာပန်

# ရည်မှန်းချက်ပန်းတိုင်

မမွစကြာည၏ အမှတ်တရ လူယောက်ျား

ဣမဿ စ ပန ဝေယျာကရဏဿ ဘညမာနေ အာယသ္မ
တော ကောဏ္ဍညဿ ဝိရဇံ ဝီတမလံ ဓမ္မစက္ခုံ ဥဒပါဒိ "ယံ
ကိဉ္စိ သမုဒယဓမ္မံ သဗ္ဗံတံ နိရောဓဓမ္မံ" န္တိ။

www.thitsarparamisociety.com

www.thitsarparami.org



ယခုရောက်ဆဲ ၂၀၁၁ ခုနှစ်မှ ပြန်လည်ရေတွက်လျှင် လွန်ခဲ့သောနှစ်ပေါင်း ၂၆၀၀ တွင် ဝါဆိုလပြည့်နေ့၌ ဂေါတမ ဗုဒ္ဓမြတ်စွာဘုရားသည် တရားဦး ဓမ္မစကြာတရားတော်မြတ်ကို ပဥ္စဝဂ္ဂီငါးဦးတို့အား ဟောကြားတော်မူခဲ့ပေသည်။

မြတ်စွာဘုရား ကောင်းမွန်ပြည့်စုံစွာ ဟောကြားတော်မူသော ဓမ္မစကြာတရားတော်မြတ်ကို ရိုသေစွာ နာယူ၍အပြီးမှာပင် ပဥ္စဝဂ္ဂီငါးဦးတို့အနက် **အရှင်ကောဏ္ဍညသည် သန့်ရှင်းသော အမြင်မှန်ကို ရရှိသွားလေသည်။**

**"ဖြစ်တတ်သောတရားတို့သည်**
**ချုပ်ပျက်ခြင်းနှင့် အဆုံးသတ်ကြသည်"**

ဟူသော အသိဉာဏ်ကို ပိုင်ပိုင်ကြီး ရရှိသွားသော အရှင်ကောဏ္ဍညသည် သောတာပန်အဖြစ်သို့ ပထမဦးစွာ ရောက်ရှိသွားသော **ဓမ္မစကြာည၏ အမှတ်တရ** လူယောကျ်ားပင် **ဖြစ်ပေသည်။**

မြတ်စွာဘုရား၏ တပည့်သာဝကတို့တွင် အရှင်ကောဏ္ဍညထက်စော၍ သစ္စာလေးပါးကို သိမြင်သူ၊ သောတာပန်အဖြစ်သို့ ပထမဦးစွာ ရောက်ရှိသူဟူ၍ မရှိပေ။

www.thitsarparamisociety.com

www.thitsarparami.org



ထို့ကြောင့် မြတ်စွာဘုရားက သစ္စာလေးပါးကို သိပြီးသော တပည့်အပေါင်းတို့တွင် အမြတ်ဆုံးအဖြစ်ဖြင့် ဧတဒဂ်အရာထား၍ ချီးမြှောက်တော်မူခဲ့သည်။ ဗုဒ္ဓမြတ်စွာဘုရား၏ သာဝကတို့တွင် ဝါအရင့်ဆုံး သာဝကမှာ "မမွစကြာည၏ အမှတ်တရ လူယောက်ျား" ဖြစ်သော အရှင်ကောဏ္ဍညပင် ဖြစ်ပေတော့သည်။

မမွစကြာညအလှ၏ အမှတ်တရ လူယောက်ျား ပေါ်ထွန်းလာသကဲ့သို့ မမွစကြာညအလှတွင် အမှတ်တရ အမျိုးသမီး တစ်ဦးလည်း ပေါ်ထွန်းလာပါသည်။ ဟောမဝတသုတ္တန်ဖြင့် ထုတ်ဖော်တင်ပြသွားပါမည်။

www.thitsarparamisociety.com

www.thitsarparami.org



# ဓမ္မစကြာသည်၏ အမှတ်တရတရားတော်
# ဟေမဝတသုတ္တန်
# သာတာဂိရိနတ်မင်း

ဗုဒ္ဓမြတ်စွာဟောကြားတော်မူသော တရားဦးဓမ္မစကြာတရားတော်မြတ်ကို ပဉ္စဝဂ္ဂီငါးဦးအပြင် စကြဝဠာတိုက်တစ်သောင်းတို့မှ နတ်ဗြဟ္မာတွေ လာရောက်ပြီး တရားနာကြရာမှာ သာတာဂိရိနတ်မင်းလည်း ပါရှိပေသည်။

ရာဇဂြိုဟ်မြို့၏ တောင်ဘက်အရပ်မှာရှိသည့် သာတတောင်မှာနေသဖြင့် သာတာဂိရိနတ်မင်းအမည်ရှိသည့် နတ်မင်းသည် တရားဦးဓမ္မစကြာတရားတော်မြတ်ကို ကြားနာရသည့်အခါ အလွန်အမင်း ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး သူ့မိတ်ဆွေ ဟေမဝတနတ်မင်းကို အထူးသတိရလာပါသည်။

မိတ်ဆွေကို သတိရလာသည်နှင့် သာတာဂိရိနတ်မင်းက ဟိမဝန္တာတောင်မှာနေသည့် ဟေမဝတနတ်မင်းလည်း သူ့လိုပင် တရားကို နာနေပါသလား၊ တရားပွဲမှာ ပါနေပါသလားလို့ ရှာကြည့်သည့်အခါ မမြင်မတွေ့ရပါ။ သူ့မိတ်ဆွေကို မမြင်မတွေ့ရသည့်အတွက် တရားပွဲကို မရောက်လာသူ၊ တရားမနာဖြစ်သူ မိတ်ဆွေ ဟေမဝတနတ်မင်းအား တရားနာစေချင်သောစိတ် လွှမ်းကဲစွာ ဖြစ်နေပေသည်။

www.thitsarparamisociety.com

www.thitsarparami.org



“ကဿပမြတ်စွာဘုရား သာသနာတော် ကွယ်သွားသည့်နောက် နှစ်ပေါင်းသိန်းသန်းကုဋေ မရေမတွက်နိုင်အောင် ကြာသွားခဲ့ပြီး ယခုဂေါတမမြတ်စွာဘုရား ပွင့်ထွန်းတော်မူလာသဖြင့်သာ ဓမ္မစကြာတရားတော်မြတ်ကို နာကြားရသည်။ မိတ်ဆွေဖြစ်သော ဟေမဝတနတ်မင်း အဘယ်ကြောင့် တရားနာဖို့ မရောက်ရှိလာပါလိမ့်”

စသည်ဖြင့် တွေးတောကြံဆနေပြီး စိတ်ပျံ့လွင့်နေတာကြောင့် ဗြဟ္မာတွေက ၁၈-ကုဋေ၊ နတ်တွေက မရေမတွက်နိုင်အောင် တရားထူးရကြသော်လည်း သာတာဂိရိနတ်မင်းသည် ထိုစဉ်က တရားနာကြားသော်လည်း အခြားသော နတ်ဗြဟ္မာများကဲ့သို့ တရားထူး မရရှိပါ။

## ဟေမဝတနတ်မင်းနှင့် သာတာဂိရိနတ်မင်း

သာတာဂိရိနတ်မင်းက မိတ်ဆွေဖြစ်သူ ဟေမဝတနတ်မင်းကို တရားနာစေရန် သတိရနေသကဲ့သို့ ဟိမဝန္တာတောမှာ ထူးထူးကဲကဲ ပန်းပေါင်းစုံတို့ ပွင့်ဖူးနေကြတာဖြစ်သည့်အတွက် ဟေမဝတနတ်မင်းကလည်း နတ်ပျော်ပွဲကြီး ကျင်းပပြီး အတူတကွဆင်ယင်ပျော်ပွဲဝင်နိုင်ရန် မိတ်ဆွေဖြစ်သူ သာတာဂိရိနတ်မင်းကို ထူးထူးခြားခြား သတိရနေပေသည်။

www.thitsarparamisociety.com

www.thitsarparami.org



သာတာဂိရိနတ်မင်းသည် ဟေမဝတနတ်မင်းကို ဗုဒ္ဓမြတ်စွာ ပွင့်ထွန်းလာကြောင်း သိစေလိုသည့်အတွက် သူ၏ အခြွေအရံ နတ်ပရိသတ်ငါးရာနှင့်အတူ ဟေမဝတနတ်မင်းရှိရာ ဟိမဝန္တာကို ယာဉ်အမျိုးမျိုးဖန်ဆင်းပြီးသွားသကဲ့သို့ ထိုအချိန်တွင် ဟေမဝတ နတ်မင်းကလည်း ပန်းပေါင်းစုံပွင့်ဖူးဝေဆာလှပနေသည့် ဟိမဝန္တာ တောတွင် သူ့မိတ်ဆွေ ပျော်ပွဲဝင်နိုင်ရန် သူ၏ အခြွေအရံ နတ် ပရိသတ်ငါးရာနှင့်အတူ သာတာဂိရိနတ်မင်း၏နေရာ သာတ တောင်ဆီသို့ ယာဉ်အမျိုးမျိုး ဖန်ဆင်းပြီးလာပါသည်။

သာတာဂိရိနတ်မင်းနှင့် ဟေမဝတနတ်မင်း(၂)ပါး ထိုသို့ တစ်ဦးကတစ်ဦးထံ လာရောက်နေကြစဉ် နတ်ပရိသတ် (၂)စုတို့ သည် ရာဇဂြိုဟ်မြို့ပေါ်မှာ ဆုံမိကြပါတော့သည်။

ထိုသို့ သာတာဂိရိနတ်မင်းနှင့် ဟေမဝတနတ်မင်း (၂)ပါး ရာဇဂြိုဟ်မြို့ပေါ် ကောင်းကင်ယံထက်မှာ ဆုံကြသည့်အခါ သာတာဂိရိနတ်မင်းက လောကမှာ သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရား ပွင့်တော်မူသည်မှာ (၂)လ ရှိပါပြီ။ ယနေ့ နေအပူ၏ အရှိန်ကုန်၍ လေပြည်လေညင်းတို့ဖြင့် အေးစပြုလာသော ညနေချမ်းအချိန်၊ အရှေ့အရပ်မှထွက်ပြူလာသောလမင်းကိုလည်း တစ်ဝက်မျှသာ မြင်ရသေးသောအချိန်၊ အနောက်ဘက်သို့ အရှိန်သတ်၍ ဝင်သွား လေသော နေမင်းကိုလည်း ထက်ဝက်မျှ မြင်ရသေးသောအချိန် ကောင်းတွင် ဓမ္မစကြာတရားဦးဒေသနာတော်မြတ်ကို မြတ်စွာ

www.thitsarparamisociety.com

www.thitsarparami.org



ဘုရားဟောကြားတော်မူလေပြီ၊ ထိုဓမ္မစကြာတရားတော်မြတ်ကို နာယူနေစဉ်က အဆွေတော်ကို မတွေ့ရသဖြင့် အလွန်သတိရနေခဲ့ပါသည်။ ယခု အဆွေတော်ကို ဘုရားဖူးဖိတ်ခေါ်ရန်အတွက် လာရခြင်းဖြစ်ပါသည်ဟု ဟေမဝတနတ်မင်းကို ဘုရားဖူးရန် ဖိတ်ခေါ်ပါသည်။

## သာတာဂိရိနတ်မင်းက ဖိတ်ခေါ်ပုံ

**အဇ္ဇ ပန္နရသော ဥပေါသထော၊ ဒိဗ္ဗာ ရတ္တိ ဥပဋ္ဌိတာ၊**

**အနောမနာမံ သတ္ထာရံ၊ ဟန္ဒ ပဿမ ဂေါတမံ။**

အဆွေတော် ဟေမဝတနတ်မင်း

ယနေ့သည် တစ်ဆယ့်ငါးရက်မြောက်ဖြစ်သော ဝါဆိုလပြည့်နေ့ ဖြစ်ပါပေသည်။ နတ်ပြည်၌ဖြစ်သော နတ်ပြည်နှင့် သက်ဆိုင်သော၊ နတ်တို့၏ အရောင်အဆင်းတို့နှင့် စပ်ဆိုင်သော သာယာစင်ကြယ်သောည၌ ဖြစ်ပါသည်။

ယနေ့သည် မြတ်စွာဘုရားက ဓမ္မစကြာတရားဦး ဒေသနာတော်မြတ်ကို ဟောကြားတော်မူသည့်နေ့ ဖြစ်သည့်အတွက် ပန်းတွေကလည်း မပွင့်စဖူး အပွင့်ထူးကြပါပေသည်။ အဆွေတော်ရဲ့ ဟိမဝန္တာမှာသာ မဟုတ်ပါ။ ကျွန်ုပ်တို့၏ သာတတောင်တစ်ဝိုက် အရပ်ဒေသအားလုံးမှာလည်း သစ်ပင်တွေသည်

www.thitsarparamisociety.com

www.thitsarparami.org



ပင်လုံးကျွတ် ဖူးပွင့်ဝေဆာနေကြပါသည်။ ကမ္ဘာတစ်ဝန်းလုံးမှာ ပင် အန့်အပြား ဖူးပွင့်ဝေဆာနေကြပါသည်။

ယခုကဲ့သို့ ပန်းမျိုးစုံတို့ ဖူးပွင့်ဝေဆာနေကြသည်မှာ ဓမ္မစကြာတရားတော်မြတ်ကို ပူဇော်ကြခြင်းဖြစ်ပါသည်။ ဓမ္မစကြာတရားပွဲကြီးကို လာရောက်နာကြားကြသည့် နတ်ဗြဟ္မာများမှာလည်း မရေမတွက်နိုင်လောက်အောင်ပင် အလွန်များပြားလှပါသည်။ ထိုထိုသော နတ်ဗြဟ္မာများ၏ ကိုယ်ရောင်ကိုယ်ဝါဖြင့်လည်း ထွန်းလင်းတောက်ပနေသည့် အမှတ်တရညပင် ဖြစ်ပါပေသည်။

အလွန်မြင့်မြတ်သောအမည်တော်များ ရှိတော်မူပေသော ဂေါတမနွယ်ဖွားဖြစ်တော်မူပေသော ငါတို့ဆရာ လွန်စွာထူးခြားမြတ်စွာဘုရားကို ယခုပင်သွားရောက်၍ ဦးစိုက်ပူဇော် ဖူးမြော်လိုက်ကြပါကုန်စို့။

## ဗုဒ္ဓမြတ်စွာအကြောင်း ကြိုတင်သိလို၍ မေးမြန်းခြင်း

ဗုဒ္ဓမြတ်စွာ ပွင့်ထွန်းတော်မမူမီကာလတွင် ဘုရားမဟုတ်ပါဘဲလျက် ဘုရားအဖြစ်ဝန်ခံပြီး ဟောပြောနေကြသော ထိုခေတ်အခါက ပူရဏကဿပ၊ မက္ခလိဂေါသာလ အစရှိသော ဂိုဏ်းဆရာကြီး(၆)ဦး ရှိနေကြသည့်အတွက် ယခုပွင့်ထွန်းပြီဟု ကြားသိရသောဗုဒ္ဓမြတ်စွာသည် ဘုရားစစ် ဘုရားမှန် ဟုတ် မဟုတ်

www.thitsarparamisociety.com

www.thitsarparami.org



သိလို၍ ဟေမဝတနတ်မင်းက မေးခွန်း(၅)ခုကို မေးမြန်းပါသည်။

(၁) အဆွေတော် သာတာဂိရိနတ်မင်း၊

(က) သင့်ဆရာ မြတ်စွာဘုရားသည် စိတ်နှလုံးကို ကောင်းစွာ ထားနိုင်ပါ၏လော၊ အလုံးစုံသော သတ္တဝါတို့အပေါ်၌ အထူးပြု၍ ရှုနိုင်သောတာဒိဂုဏ်နှင့် ပြည့်စုံသည်ဖြစ်၍ စိတ်ကို ကောင်းစွာ ထားနိုင်ပါ၏လော။

(ခ) သင့်ဆရာ မြတ်စွာဘုရားသည် အလိုရှိအပ်သည့် ကောင်းမြတ်သော အာရုံ၌လည်းကောင်း၊ အလိုမရှိအပ်သည့် မကောင်းသော အာရုံဆိုး၌လည်းကောင်း၊ စိတ်အကြံအစည်တို့ကို မဆိုင်းပိုင်ပိုင် ပြုနိုင်ပါ၏လော။

(၂) အဆွေတော် သာတာဂိရိနတ်မင်း

(က) သင့်ဆရာမြတ်စွာဘုရားသည် ပိုင်ရှင်က ကိုယ်နှုတ်ဖြင့် မပေးအပ်သော သူတစ်ပါးဥစ္စာကို မယူဘဲ ရှိပါ၏လော။

(ခ) သင့်ဆရာ မြတ်စွာဘုရားသည် သတ္တဝါခပ်သိမ်းတို့ အပေါ်၌ ညှဉ်းဆဲမှုမှ စောင့်စည်းပါ၏လော။

(ဂ) သင့်ဆရာ မြတ်စွာဘုရားသည် မေ့လျော့ခြင်းမှ ဝေးကွာကင်းရှင်းပါ၏လော။

www.thitsarparamisociety.com

www.thitsarparami.org



(ဃ) သင့်ဆရာ မြတ်စွာဘုရားသည် အာရုံသို့ကပ်၍ စူးစိုက်စွာရှုမှုရျာန်ကို မကင်းစေဘဲ ရှိပါ၏လော။

(၃) အဆွေတော် သာတာဂိရိနတ်မင်း

သင့်ဆရာဖြစ်သော မြတ်စွာဘုရားသည် အနှစ်သာရ မရှိသော အပြိန်အဖျင်းစကားများကို မပြောဆိုဘဲ ရှိပါ၏လော။

(၄) အဆွေတော် သာတာဂိရိနတ်မင်း

(က) သင့်ဆရာဖြစ်သော မြတ်စွာဘုရားသည် လိုချင်ဖွယ် အာရုံကာမဂုဏ်တို့၌ မတပ်မက်ဘဲ ရှိပါ၏လော။

(ခ) သင့်ဆရာဖြစ်သော မြတ်စွာဘုရား၏စိတ်သည် သေပျက်စေလိုသော ဗျာပါဒဟူသော အနှောက်အကျူ ကင်း၍ သန့်ရှင်းကြည်လင်သောစိတ် ဟုတ်ပါ၏လော။

(ဂ) သင့်ဆရာ မြတ်စွာဘုရားသည် တွေဝေသိမှားမှု မောဟကို လွန်မြောက်ပါ၏လော။

(ဃ) အသို့ပါနည်း၊ သင့်ဆရာ မြတ်စွာဘုရားသည် အလုံးစုံသော တရားတို့၌ သိမြင်နိုင်သော ဉာဏ်မျက်စိနှင့် ပြည့်စုံပါ၏လော။

(၅) အဆွေတော် သာတာဂိရိနတ်မင်း

(က) သင့်ဆရာ မြတ်စွာဘုရားသည် ဝိဇ္ဇာဉာဏ်နှင့် ပြည့်စုံပါ၏လော။

www.thitsarparamisociety.com

www.thitsarparami.org



(ခ) သင့်ဆရာ မြတ်စွာဘုရားသည် ကောင်းစွာ စင်ကြယ်သောအခြေခံအကျင့်များ၊ စရဏတရားများနှင့် ပြည့်စုံပါ၏လော။

(ဂ) သင့်ဆရာ မြတ်စွာဘုရား၏သန္တာန်၌ အာသဝေါတရားတို့သည် ကုန်ခန်းကင်းစင်ပါ၏လော။

(ဃ) သင့်ဆရာ မြတ်စွာဘုရားအား တစ်ဖန်ဖြစ်မည့်ဘဝသည် မရှိတော့ဘဲ ကင်းပါ၏လော။

## ဓမ္မစကြာညအလှ၏ အမှတ်တရ အမျိုးသမီး

သာတာဂိရိနတ်မင်းက မြတ်စွာဘုရားအား ကြည်ညိုဖူးမြော်ကြရန် ဟေမဝတနတ်မင်းအား ဖိတ်ခေါ်သည့်အခါ ဟေမဝတနတ်မင်းကလည်း မိမိသိလိုသည့် ဗုဒ္ဓမြတ်စွာဘုရားအကြောင်းကို ဂါထာ (၅) ပုဒ်ဖြင့် သာတာဂိရိနတ်မင်းအား ရာဇဂြိုဟ်မြို့ကောင်းကင်ယံထက်မှာပင် မေးမြန်းခြင်းဖြစ်ပါသည်။

## နတ်စကားကြားရသော အမျိုးသမီး

သာတာဂိရိနတ်မင်းနှင့် ဟေမဝတနတ်မင်းတို့ ရာဇဂြိုဟ်မြို့ ကောင်းကင်ယံမှာတွေ့ဆုံပြီး ဖိတ်ခေါ်ခြင်း မေးမြန်းခြင်းတို့ကို ပြုလုပ်နေစဉ် နတ်တွေပြောသောစကားသံကို နားလည်နိုင်သောဘုန်းကံပါရမီထူးရှိသူ ကုရရဃရမြို့သူ သူဌေးသမီးကာဠီ

www.thitsarparamisociety.com

www.thitsarparami.org



သည် လေသာပြူတင်းကိုဖွင့်ပြီး သူမ၏ ပြာသာဒ်တိုက်ခန်းမှာ လေညင်းခံနေဆဲကာလ ဖြစ်ပါသည်။

အမျိုးသမီးကာဠီသည် သူမမှာလည်း ကိုယ်လေးလက်ဝန် ရှိနေသည့်အပြင် ရာသီဥတုကလည်း ပူအိုက်သည်ဖြစ်၍ လေညင်း ခံနေစဉ် အထက်ကောင်းကင်ယံက စကားပြောသံကြားသဖြင့် နားစိုက်ပြီး အာရုံပြုနေပေသည်။

သည်စကားသံများမှာ လူတွေရဲ့အသံတော့ မဟုတ်ပါ။ နတ်တွေပြောသောအသံဖြစ်မှာပဲဟုလည်း စဉ်းစားပြီး နားထောင် နေပါသည်။

ပထမဦးစွာ သာတာဂိရိနတ်မင်းက ဟေမဝတနတ်မင်းကို ဗုဒ္ဓမြတ်စွာ ပွင့်ထွန်းပြီဖြစ်ကြောင်း၊ မြတ်စွာဘုရားကို ကြည်ညို ဖူးမြော်ကြရန် ဖိတ်ခေါ်ပုံ၊ မြတ်စွာဘုရား၏အကြောင်းကို သိလို၍ ကြိုတင်မေးသော ဟေမဝတနတ်မင်းကို သာတာဂိရိနတ်မင်းက ဗုဒ္ဓ၏ဂုဏ်တော်တွေထုတ်ဖော်ပြီး ရှင်းလင်းပြပုံတို့ကို ကြားသိ လိုက်ရသော အမျိုးသမီး ကာဠီသည် ဘုရားဂုဏ်တော်များကို အထူးအာရုံပြုပြီး ကြည်ညိုသည့် သဒ္ဓါတရားများ ထက်သန်စွာ ဖြစ်လာပေတော့သည်။

www.thitsarparamisociety.com

www.thitsarparami.org



ဤ၌တွင် မြတ်စွာဘုရားအား ကြည်ညိုဖူးမြော်ကြရန် ဖိတ်ခေါ်ပုံကို ဖော်ပြခဲ့ပြီးဖြစ်သော်လည်း မဟာစည်ဆရာတော်ကြီး ဟောကြားတော်မူသော ဟေမဝတသုတ္တန်တရားတော်တွင် ပါရှိသော သာတာဂိရိနတ်မင်းက ဟေမဝတနတ်မင်းကို ဘုရားဖူး ဖိတ်ခေါ်ပုံဆောင်ပုဒ်ကို ဖော်ပြအပ်ပါသည်။

## ဘုရားဖူးဖိတ်ခေါ်ပုံ ဆောင်ပုဒ်

လပြည့်စက်ဝန်း တက်ထွန်းစင်ကြယ်၊
ပန်းစုံဖူးပွင့် နတ်ညဥ့်ပျော်ဖွယ်၊
အရှင်ဂေါတမ မည်ရမျိုးနွယ်၊
တို့ဘုရား ခုသွားဖူးစို့ကွယ်။

ထို့အတူ မြတ်စွာဘုရားအကြောင်းကို သိလို၍ ကြိုတင်မေးမြန်းသောဟေမဝတနတ်မင်းကို သာတာဂိရိနတ်မင်းက ဗုဒ္ဓ၏ ဂုဏ်တော်များ ထုတ်ဖော်ပြီး ပြန်လည်ရှင်းပြရာတွင် အမေးဂါထာ (၅) ခုအနက် အမေးဂါထာတစ်ခုအပြီးမှာ ပြန်လည်ရှင်းပြသည့်ဂါထာတစ်ခု စသည်ဖြင့် အမေးဂါထာ(၅)ခု အဖြေဂါထာ (၅)ခုတို့ကိုလည်း မဟာစည်ဆရာတော်ဘုရားကြီးက ဆောင်ပုဒ်များ သီကုံးစပ်ဆိုထားပါသည်။

www.thitsarparamisociety.com

www.thitsarparami.org



ရှေ့ပိုင်းတွင် အမေးဂါထာ (၅) ပုဒ်တို့၏ မြန်မာပြန်ကို ဖော်ပြခဲ့ပါပြီ၊ ယခုအဖြေဂါထာ (၅) ပုဒ်တို့ကို ဆောင်ပုဒ်များဖြင့် ဖော်ပြပါမည်-

## သာတာဂိရိ အဖြေဆောင်ပုဒ်များ

### သာတာဂိရိ အဖြေဆောင်ပုဒ် (၁)

ငါတို့ဘုရား စိတ်ထားကောင်းစွာ၊
သူခပ်သိမ်းအား သနားညီညာ၊
အာရုံကောင်းဆိုး ကြံမျိုးသုံးဖြာ၊
လိုရှိတိုင်း မဆိုင်းပြုနိုင်ပါ။

### သာတာဂိရိ အဖြေဆောင်ပုဒ် (၂)

မပေးဝတ္ထု ယူမှုကင်းကွာ၊
ညှဉ်းဆဲသတ်ဖြတ် မပြုသည်သာ၊
မေလျော့ရေးမှာ ဝေးလှပေစွာ၊
တို့ဘုရား ဈာန်ပွားမဆိတ်ပါ။

www.thitsarparamisociety.com

www.thitsarparami.org



## သာတာဂီရိ အဖြေဆောင်ပုဒ် (၃)

လိမ်လည်မပြော ကုန်းချောကင်းသည်၊
ကြမ်းတမ်းရုန့်ရင်း ဆိုခြင်းပယ်သည်၊
ကျိုးစီးပွားရှိ မြင်သိဆိုသည်၊
တို့ဘုရား စကားစင်ကြယ်သည်။

## သာတာဂီရိ အဖြေဆောင်ပုဒ် (၄)

ကာမဂုဏ်ထဲ တပ်စွဲကင်းသည်၊
ဒေါသပြတ်စဲ အမြဲစိတ်ကြည်၊
မောဟသိမ်မှား လွန်သွားလေပြီ၊
တို့ဘုရား တရားဉာဏ်လင်းကြည်။

## သာတာဂီရိ အဖြေဆောင်ပုဒ် (၅)

ဝိဇ္ဇာဉာဏ်များ သုံးပါးရှစ်သွယ်၊
စရဏဆယ့်ငါး ကျင့်အားစုံတယ်၊
အာသဝေါခပ်သိမ်း ကုန်ငြိမ်းစင်ကြယ်၊
တရားမင်း ကင်းရှင်း နှောင်ဖြစ်ဖွယ်။

www.thitsarparamisociety.com

www.thitsarparami.org



## တစ်ဆင့်ကြားခါမျှဖြင့် ကြည်ညိုသူထဲမှ အမြတ်ဆုံး

ရာဇဂြိုဟ်မြို့ ကောင်းကင်ယံထက်မှာပင် သာတာဂိရိနတ်မင်းက ဟေမဝတနတ်မင်းကို ပွင့်ထွန်းတော်မူသည့် မြတ်စွာဘုရားထံ ဘုရားဖူးဖိတ်ခေါ်သံကို အမျိုးသမီးကာဠီသည် ကောင်းမွန်စွာ ကြားသိရပါသည်။ ဘုရားပွင့်ထွန်းလာပြီး၊ ဓမ္မစကြာတရားဦးဒေသနာတော်မြတ်ကို ဟောကြားလေပြီဟု သိရှိလိုက်ရသည့်အတွက် အလွန်အမင်း ဝမ်းမြောက်ဝမ်းသာ ဖြစ်ပါသည်။ နတ်မင်း(၂)ပါး ဆက်လက်ပြောဆိုနေကြသည့် မြတ်စွာဘုရား၏ ဂုဏ်တော်များအကြောင်းကိုလည်း သဒ္ဓါတရား ထက်သန်စွာဖြင့် ဆက်လက်၍ ထပ်မံကြားနာမှတ်သားရပေသည်။

ဟေမဝတနတ်မင်းက မေးမြန်းသော အမေးဂါထာ (၁) ပုဒ်အတွက် သာတာဂိရိနတ်မင်းက အဖြေဂါထာ (၁) ပုဒ်ကို ဖြေကြားပါသည်။ ဤနည်းအားဖြင့် အမျိုးသမီးကာဠီသည် သာတာဂိရိနတ်မင်း ဖြေကြားသော အဖြေဂါထာ (၅) ပုဒ်ကို ပြည့်ဝစွာနာကြားရပါသည်။

www.thitsarparamisociety.com

www.thitsarparami.org



နတ် (၂) ပါး မေးဖြေနေကြသော ဘုရားဂုဏ်တော်ကို ကြားနာနေရသော အမျိုးသမီးကာဠီသည် ဘုရားဂုဏ်တော်များ ကို ကြားနာရင်း၊ ကြားနာရင်း ပီတိတွေတဖြန်းဖြန်း ဖြစ်ပေါ် လာပြီး **ကြည်ညိုမှတ်သားဖွယ် ကျင့်သုံးဖွယ်တရားစကားကို ကြားနာရတာနှင့်ပင်** ပထမဦးစွာသော အမျိုးသမီး သောတာပန် အဖြစ်သို့ ရောက်ရှိသော ဓမ္မစကြာညအလှ၏ အမှတ်တရ အမျိုးသမီးမြတ်ပင် ဖြစ်ပေတော့သည်။

## ဟေမဝတသုတ္တန်ဟု အမည်တွင်ခြင်းအကြောင်း

ဗုဒ္ဓမြတ်စွာဘုရားသည် ဓမ္မစကြာတရားဦးဒေသနာတော် မြတ်ကို ယခုရောက်ဆဲ (၂၀၁၁) ခုနှစ်မှ ပြန်လည်ရေတွက်လျှင် လွန်ခဲ့သောနှစ်ပေါင်း (၂၆၀၀) ဝါဆိုလပြည့်နေ့တွင် ဟောကြား တော်မူခဲ့ပြီး၊ ဝါဆိုလပြည့်ကျော် (၅) ရက်နေ့၌ ပဉ္စဝဂ္ဂီငါးဦး တို့အား အနတ္တလက္ခဏာသုတ်တော်မြတ်ကို ဟောကြားတော်မူ ပေသည်။

ဟေမဝတသုတ္တန်ကိုမူ ဓမ္မစကြာတရားတော် ဟောတော် မူသော အမှတ်တရညမှာပင် ဟောတော်မူပါသည်။ ရှေ့ပိုင်းတွင် ဖော်ပြခဲ့သည့်အတိုင်း သာတာဂိရိနတ်မင်းက ဓမ္မစကြာတရား တော်ကို မနာကြားဖြစ်သူ ဟေမဝတနတ်မင်းအား ဘုရားဖူးရန် ဖိတ်ခေါ်၍ မြတ်စွာဘုရားထံရောက်ရှိသည့်အခါ မြတ်စွာဘုရား

www.thitsarparamisociety.com

www.thitsarparami.org



အား ရိုသေကြည်ညိုစွာ ရှိခိုးကန်တော့ပြီး ဟေမဝတနတ်က မြတ်စွာဘုရားကို မေးမြန်းလျှောက်ထားလိုပါကြောင်း စတင်ခွင့်တောင်းလျှောက်ထားပါသည်။

ဟေမဝတနတ်မင်း လျှောက်ထားချက်အရ ဟေမဝတနတ်မင်းသိလို၍ မေးမြန်းသော တရားစကားများအပေါ် မြတ်စွာဘုရား ပြန်လည်ရှင်းလင်းဟောကြားသော တရားတော်ဖြစ်သဖြင့် ဟေမဝတသုတ္တန်ဟု အမည်တွင်ခြင်း ဖြစ်ပါသည်။

(ဤဟေမဝတသုတ္တန်ကို မြတ်စွာဘုရား မဟောကြားမီကပင် **အမျိုးသမီးကာဠီသည် နတ်မင်း(၂)ပါး ပြောဆိုသောတရားစကားများကြောင့် ပထမဦးစွာသော အမျိုးသမီး သောတာပန်ဖြစ်ခဲ့သည်။**)

www.thitsarparamisociety.com

www.thitsarparami.org



## ဟေမဝတသုတ္တန်၏ တရားအနှစ်ချုပ်များ

ဆက်လက်၍ ဟေမဝတသုတ္တန်ဟု အမည်တွင်သော ဤသုတ်တော်၏အနှစ်ချုပ်ကိုလည်း အတိုချုံး၍ တင်ပြပါမည်-

### မြတ်စွာဘုရားအား ဟေမဝတ၏ အမေး (၁)

| | | |
|---|---|---|
| ကိသ္မိံ | လောကော | သမုပ္ပန္နော၊ |
| ကိသ္မိံ | ကုဗ္ဗတိ | သန္ထဝံ။ |
| ကိဿ | လောကော | ဥပါဒါယ၊ |
| ကိသ္မိံ | လောကော | ဝိဟညတိ။ |

### မြတ်စွာဘုရား

(က) အဘယ်အရာသည် ရှိလတ်၊ ဖြစ်ပေါ်လတ်သော် သတ္တဝါဟူသော လောကသည် ဖြစ်ပေါ်ပါသနည်း အရှင်ဘုရား။

(အဘယ်မျှသော အကြောင်းအရာ ဝတ္ထုတွေရှိလျှင်၊ ဖြစ်ပေါ်လျှင် သတ္တဝါလို့ခေါ်ရသည့် လောက၊ လောကလို့ ခေါ်ရသည့် သတ္တဝါဖြစ်ပါသနည်း)

www.thitsarparamisociety.com

www.thitsarparami.org



(ခ) သတ္တဝါဟူသော လောကသည် အဘယ်၌ ပေါင်းသင်းဆက်ဆံခြင်းကို ပြုနေပါသနည်း အရှင်ဘုရား။

(လောကဆိုသည့်သတ္တဝါဟာ ဘယ်မှာ ပေါင်းသင်းနေပါသနည်း၊ ဘာနှင့် အဖော်လုပ်နေပါသနည်း)

(ဂ) အဘယ်ကိုစွဲမှီ၍ လောကမည်ပါသနည်း အရှင်ဘုရား။

(ဘာကိုအစွဲပြုပြီး လောကလို့၊ သတ္တဝါလို့ ခေါ်ဆိုရပါသနည်း)

(ဃ) သတ္တဝါဟူသော လောကသည် အဘယ်နည်း၊ အဘယ်ကြောင့် အနှိပ်စက်ခံနေရပါသနည်း၊ ဆင်းရဲပင်ပန်းနေရပါသနည်း အရှင်ဘုရား။

(လောကဆိုသောသတ္တဝါတွေ ပင်ပန်းဆင်းရဲနေတာသည် ဘယ်မှာပါလဲ၊ ဘာနှင့်စပ်ပြီး ပင်ပန်းဆင်းရဲနေရပါသလဲ)

www.thitsarparamisociety.com

www.thitsarparami.org



## မြတ်စွာဘုရား၏ အဖြေ (၁)

ဆသု လောကော သမုပ္ပန္နော၊
ဆသု ကုဗ္ဗတိ သန္ထဝံ၊ ဆန္နမေဝ ဥပါဒါယ၊
ဆသု လောကော ဝိဟညတိ။

၁။ ခြောက်ပါးသော အာယတနများ ရှိကြ၊ ဖြစ်ကြလျှင် သတ္တဝါဟူသော လောကသည် ဖြစ်ပေါ်ပေသည်။

၂။ သတ္တဝါဟူသော လောကသည် ထို (၆) ပါးသော အာယတနတို့၌ ပေါင်းသင်းခြင်းကို ပြုနေပေသည်။

၃။ ထိုအာယတန (၆) ပါးတို့ကိုသာလျှင် စွဲမှီ၍ လောက ဟုခေါ်သော သတ္တဝါမည်ပေသည်။

၄။ လောကဟုခေါ်သော သတ္တဝါသည် ထိုအာယတန (၆)ပါးတို့၌ အနှိပ်စက်ခံရလျက် ဆင်းရဲပင်ပန်းနေ ပေသည်။

www.thitsarparamisociety.com

www.thitsarparami.org



မဟာစည်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော ဟေမဝတသုတ္တန်တရားတော်တွင် ဖော်ပြထားသော မြတ်စွာဘုရား၏ ပထမအဖြေဆောင်ပုဒ်ကို ဖော်ပြအပ်ပါသည်။

## မြတ်စွာဘုရား၏ အဖြေဆောင်ပုဒ် (၁)

ခြောက်ပါးရှိက လောကဖြစ်သည်၊
ခြောက်ပါးမှာချည်း ပေါင်းသင်းနေသည်၊
ခြောက်ပါးကိုစွဲ လုပ်ခေါ်သည်၊
ခြောက်ပါး၌ အားစိုက်ပင်ပန်းသည်။

### အတွင်းအာယတန(၆)ပါး

၁။ မျက်စိ၊
၂။ နား၊
၃။ နှာခေါင်း၊
၄။ လျှာ
၅။ ကိုယ်၊
၆။ စိတ်။

www.thitsarparamisociety.com

www.thitsarparami.org



## အပြင်အာယတန(၆)ပါး

၁။ အဆင်း

၂။ အသံ

၃။ အနံ့

၄။ အရသာ၊

၅။ ထိတွေ့မှု

၆။ တွေးတောကြံစည်မှု။

မြတ်စွာဘုရားအား ဟေမဝတနတ်မင်းက ထပ်မံမေးသော အမေး (၂) ခုနှင့် မြတ်စွာဘုရား၏ အဖြေ (၂) ခုတို့ကိုလည်း မဟာစည်ဆရာတော်ဘုရားကြီး စပ်ဆိုထားသော ဆောင်ပုဒ်များဖြင့်ပင် ဆက်လက်ဖော်ပြပါမည်-

www.thitsarparamisociety.com

www.thitsarparami.org



## မြတ်စွာဘုရားအား

## ဟေမဝတ အမေး (၂)

အကြင်ခြောက်ပါး၌ လောကမည်သော သတ္တဝါသည် အနှိပ်စက်ခံရ၏။ အနှိပ်စက်ခံရ၍ ပင်ပန်းဆင်းရဲ၏။ ငါ-ငါ့ဥစ္စာ ဟု စွဲလမ်းအပ်သောထိုတရားသည် အဘယ်ပါနည်း။

အရှင်ဘုရား-ထွက်မြောက်နိုင်ကြောင်း နည်းလမ်းကောင်းကို မေးလျှောက်ပါ၏။ အဘယ်သို့လျှင်၊ အဘယ်သို့ ပြုကျင့်လျှင် ဆင်းရဲမှ လွတ်မြောက်နိုင်ပါသနည်း။

## မြတ်စွာဘုရား၏ အဖြေဆောင်ပုဒ် (၂)

ငါးဖြာကာမ ဆဋ္ဌစိတ်တွင်၊
ငါ့ဟာ ငါပဲ ယူစွဲထင်မြင်၊
ထိုမှာဖြစ်ထိုက် နှစ်ခြိုက်ပယ်လျှင်း၊
ဆင်းရဲမှ လွတ်ရ ယောဂီရှင်။

www.thitsarparamisociety.com

www.thitsarparami.org



## မြတ်စွာဘုရားအား

## ပောမဝတ အမေး (၃)

မြတ်စွာဘုရား-

ဤလောက၌ အဘယ်သို့သောသူသည် ရေစီးအသွင် ကိလေသာရေအလျဉ်ကို ကူးမြောက်ကျော်လွှန်နိုင်ပါသနည်း။ ဤလောက၌ အဘယ်သို့သောသူသည် ရေပြင်နက်ကျယ် မြစ်ပင်လယ်ကို ကူးမြောက်ကျော်လွှန်နိုင်ပါသနည်း။ အောက်၌လည်း တည်ရာထောက်ရာမရှိသော အထက်၌လည်း ဆွဲကိုင်ထားစရာ မရှိသောနက်ကျယ်လှစွာ သံသရာပင်လယ်၌ အဘယ်သို့သော သူသည် မနစ်မမြုပ်ဘဲရှိပါသနည်း အရှင်ဘုရား။

## မြတ်စွာဘုရား၏ အဖြေဆောင်ပုဒ် (၃-က)

| | |
|---|---|
| သီလသန့်ရှင်း | အတွင်းမှာပင်၊ |
| ကြံ့ရှုမှုသိ | သတိထင်လျှင်၊ |
| စိတ်တည်ကြည်ရှင်း | ဉာဏ်လင်းသိမြင်၊ |
| ဩဃများ | ကူးသွား ယောဂီရှင်။ |

(ဩဃ = ရေစီးအသွင်ကိလေသာရေအလျဉ်)

www.thitsarparamisociety.com

www.thitsarparami.org



## မြတ်စွာဘုရား၏ အဖြေဆောင်ပုဒ် (၃-၁)

ကာမဂုဏ်ထဲ တပ်စွဲရှောင်ကြဉ်၊
သံယောဇဉ်များ လွန်သွားလေလျှင်၊
နန္ဒီရာဂ ဘဝကုန်စင်၊
ပင်လယ်မြစ် မနစ် ယောဂီရှင်။

## လိုက်နာရန်မှတ်သားရမည့် ဟေမဝတသုတ္တန်တရားအကျဉ်း

မြတ်စွာဘုရားကို ဟေမဝတနတ်မင်းက လောက၌

၁။ ရေစီးအသွင် အရှိန်အဟုန်ပြင်းစွာ စီးဆင်းနေသော ကိလေသာရေအလျဉ်ကို လည်းကောင်း၊

၂။ အောက်၌လည်း ထောက်ရာတည်ရာမရှိ၊ အထက်၌လည်း တစ်စုံတစ်ရာ ဆွဲကိုင်စရာမရှိသော နက်ကျယ်လွန်းလှသော သံသရာပင်လယ်မှ လည်းကောင်း၊

မည်သို့သော သူသည် လွတ်မြောက်အောင် ကူးခတ်ကျော်လွန်နိုင်ပါသနည်းဟု မေးမြန်းလျှောက်ထားရာတွင် မြတ်စွာဘုရားက ဤသို့ မိန့်တော်မူပါသည်-

www.thitsarparamisociety.com

www.thitsarparami.org



ဟေမဝတနတ်-

၁။ အခါခပ်သိမ်း သီလနှင့် ပြည့်စုံသည်၊ သီလစင်ကြယ်သည် ဖြစ်၍၊

၂။ အမှတ်ရမှု သတိရှိလျက်၊

၃။ ကောင်းစွာ တည်ကြည်သော သမာဓိရှိသည်ဖြစ်၍၊

၄။ ကိုယ်တွင်းတရားကို ကြံစည်ရှုမှတ်ကာ၊

၅။ ထူးသော လောကီလောကုတ္တရာဉာဏ်ပညာနှင့် ပြည့်စုံသောသူသည် ကူးမြောက်နိုင်ခဲသော ဩဃလေးဖြာ ရေအယဉ်ကို ကျော်လွန်ထုတ်ချောက်ကူးမြောက်နိုင်ပေ၏။

ဟေမဝတနတ်-

၁။ ကာမအာရုံ၌ မှတ်စွဲလျက်ဖြစ်သော ကာမသညာမှ ကြဉ်ရှောင်ကင်းကွာသည်ဖြစ်၍၊

၂။ သံယောဇဉ်ခေါ်သည့် ချည်နှောင်ကြိုးအားလုံးကို လွန်မြောက်ပြီးသော ရဟန္တာပုဂ္ဂိုလ်တို့သည်၊

၃။ နှစ်သက်တပ်စွဲသည့် နန္ဒီရာဂနှင့် ဖြစ်ရမည့်ဘဝအားလုံး ကုန်ဆုံးပြီးသည်ဖြစ်၍၊

www.thitsarparamisociety.com

www.thitsarparami.org



၄။ စွဲကိုင်စရာလည်း ကင်းသည်၊ ထောက်တည်စရာလည်း ကင်းပ၊ နက်လှစွာသော သံသရာပင်လယ်ထဲ၌ မနစ်မမြုပ်တော့ဘဲ အမြဲပေါ်ကာ ချမ်းသာလျက်ရှိပေတော့သည်။

ဤသို့ ဟေမဝတနတ်မင်း၏ အမေး(၃)ခုအပေါ် မြတ်စွာဘုရား ရှင်းလင်းဟောကြားမိန့်တော်မူသည့် တရားတော်သည် ဟေမဝတသုတ္တန်တရားတော်ပင် ဖြစ်ပေသည်။

ပထမဦးစွာသော အမျိုးသမီးသောတာပန်ဖြစ်သူ အမျိုးသမီးကာဠီသည် သာတာဂိရိနတ်မင်းနှင့် ဟေမဝတနတ်မင်း (၂)ပါး ပြောဆိုနေကြသော ဗုဒ္ဓမြတ်စွာဘုရား၏ ဂုဏ်တော်များကို ကြည်ညိုသဒ္ဓါတရား ထက်သန်စွာဖြင့် ကြားနာနေရင်း သောတာပန်အဖြစ်သို့ ရောက်ရှိသည်ကို တင်ပြခဲ့ပါပြီ။

ယခုအခါ မြတ်စွာဘုရားကို သိလို၍ မေးမြန်းသော ဟေမဝတနတ်မင်း၏ အမေး(၃)ခုအပေါ် မြတ်စွာဘုရားက ရှင်းလင်းဟောကြားမိန့်တော်မူသည့် တရားဂါထာ(၃)ပုဒ်ကို ကြားနာပြီးသည်နှင့် **တရားတော်၏အဆုံးတွင် ဟေမဝတနတ်မင်းနှင့် သာတာဂိရိနတ်မင်း (၂)ပါးတို့သည် အခြွေအရံနတ်ပရိသတ် တစ်ထောင်တို့နှင့်တကွ သောတာပတ္တိမဂ်ဖိုလ်တရားထူးကို ရရှိကြပါသည်။**

www.thitsarparamisociety.com

www.thitsarparami.org



## ရည်မှန်းချက်ပန်းတိုင်

မြတ်ဗုဒ္ဓဟောကြားတော်မူသော ဓမ္မစကြာတရားတော်၏ အမှတ်တရညတွင် အရှင်ကောဏ္ဍညသည်လည်းကောင်း၊ အမျိုးသမီးကာဠီသည်လည်းကောင်း၊ သောတာပန်အဖြစ်ကို အသီးအသီး ရရှိကြပေသည်။

ဗုဒ္ဓဘာသာဝင် သူတော်ကောင်း သူတော်စင်များ၏ အန္တိမရည်မှန်းချက်ပန်းတိုင်သည် နိဗ္ဗာန်ရောက်ရှိရေး ဖြစ်ပါသည်။

မင်္ဂလေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်ချမ်းသာဟူသည့် လောကုတ္တရာတရားကိုးပါး ပြည့်စုံစေရန်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရန် သူတော်စင်များသည် ရဟန္တာဖြစ်သည်အထိ ရည်မှန်းချက်ပန်းတိုင်ထားရှိ၍ ကြိုးပမ်းအားထုတ် ကျင့်ကြံကြရာ၌ **ပထမဦးဆုံးသော အဆင့်ဖြစ်သော သောတာပန်မှသည် သကဒါဂါမ်၊ အနာဂါမ်အဖြစ်မှ ရဟန္တာဖြစ်အောင် ကြိုးပမ်းအားထုတ်ကြရမည် ဖြစ်ပေသည်။**

သို့ပါ၍ သူတော်ကောင်း သူတော်စင်တို့၏ ပထမဦးစွာထားရှိရမည့် **ရည်မှန်းချက်ပန်းတိုင်မှာ သောတာပန်ဖြစ်ဖို့ ပုထုဇဉ်အနွယ်ဇာတ်ကို ဖြတ်ကြရန် ဖြစ်ပေသည်။**

www.thitsarparamisociety.com

www.thitsarparami.org

# အခန်း (၂)

# သောတာပန်ဖြစ်ဖို့

# ဖြတ်ကျော်ရမည့် ပုထုဇဉ်အနွယ်

www.thitsarparamisociety.com

www.thitsarparami.org

# ပုထုဇဉ်

ပုထုဇဉ်တို့သည် ရာဂ၊ ဒေါသ၊ မောဟ ဟူသော လေးလံလှသည့် အကုသိုလ်တရားများဖြင့် အလွန် ထူပြောကြကုန်၏။

- ကိလေသာ ထူပြောကြကုန်၏။
- ကိုယ်ခန္ဓာ အကျင့်သီလ၊ သမာဓိ၊ ပညာတို့ကို ပွားများခြင်း မပြုကြကုန်။

ထို့ကြောင့် ပုထုဇဉ်တို့၏စိတ်သည် သီလ၊ သမာဓိ၊ ပညာအရာတို့တွင်

- နုံ့နှေး၏။
- နှေးကွေးစွာဖြစ်၏။
- ကိလေသာတို့ဖြင့် ရှုပ်ထွေးမြေးယှက်နေသော ပုထုဇဉ်တို့၏ စိတ်သည် အလွန်နှေးကွေးလှပေ၏။

www.thitsarparamisociety.com

www.thitsarparami.org

# အခန်း (၂)
# သောတာပန်ဖြစ်ဖို့ ဖြတ်ကျော်ရမည့် ပုထုဇဉ်အနွယ်

## ပုထုဇဉ်ဆိုသည်မှာ

### ပုထုဇ္ဇန

**ပဒတ္ထမဉ္ဇူသာ**ဟူသော ပါဠိ-မြန်မာအဘိဓာန်တွင် **ပုထုဇဉ်**ဟု ခေါ်ဆိုအပ်သော အခေါ်အဝေါ် ဝေါဟာရသည် ပါဠိဘာသာအားဖြင့် **ပုထုဇ္ဇန** ဖြစ်ပါသည်။

**ပုထုဇ္ဇန**၏ ပါဠိဘာသာအခေါ်အဝေါ် ဝေါဟာရကို မြန်မာဘာသာဖြင့် ဤသို့ ပြန်ဆိုထားပါသည်။

**ပုထုဇ္ဇန** = အရိယာတို့မှ အသီးအခြား ဖြစ်သောသူ၊

= လူသာမန်၊

= ပုထုဇဉ် ဟူ၍ ဖြစ်ပါသည်။

ပုထုဇဉ်၏အနွယ်ကိုမူ ပါဠိဘာသာအားဖြင့် ပုထုဇ္ဇနဂေါတ္တ၊ ပုထုဇဉ်၏အဖြစ်ကိုလည်း ပုထုဇ္ဇနတ္တန ဟူ၍ ခေါ်ဝေါ်ကြပါသည်။

www.thitsarparamisociety.com

www.thitsarparami.org



ဗုဒ္ဓဘာသာဝင် သူတော်ကောင်း သူတော်စင်တို့သည်

၁။ အရိယာတို့မှ အသီးအခြားဖြစ်သောသူ၊

၂။ သာမန်လူ၊

၃။ ပုထုဇဉ်၊

၄။ ပုထုဇဉ်အနွယ်၊

၅။ ပုထုဇဉ်အဖြစ်

တို့မှ လွတ်မြောက်၍

- သာမန်လူမဟုတ်သော၊
- ပုထုဇဉ်မဟုတ်သော၊
- ပုထုဇဉ်အဖြစ်နှင့် ပုထုဇဉ်အနွယ်ကို ဖြတ်ကျော်ပြီး ဖြစ်သော

ပဌမဦးစွာသော အရိယာသူတော်စင်ဖြစ်သည့် **သောတာပန် ဖြစ်ဖို့ ရည်မှန်းချက်ပန်းတိုင် ထားရှိသည့်အတိုင်း အပတ်တကုတ် ကြိုးပမ်းကျင့်ကြံ အားထုတ်ကြရမည် ဖြစ်သည်။**

www.thitsarparamisociety.com

www.thitsarparami.org



## ရဟန္တာအရှင်သူမြတ် ရှင်နာဂသိန်

မိလိန္ဒမင်းကြီးမေးမြန်း၍ ရဟန္တာအရှင်သူမြတ် ရှင်နာဂသိန် မိန့်တော်မူသော ဗုဒ္ဓဝါဒအမေးအဖြေနှင့် ရှင်းတမ်းများတွင် ပုထုဇဉ်တို့၏စိတ်ကို ဤသို့ ဖော်ပြထားပါသည်။

မင်းကြီး-

ပုထုဇဉ်တို့သည် ရာဂ၊ ဒေါသ၊ မောဟဟူသော လေးလံလှသည့် အကုသိုလ်တရားများဖြင့် အလွန်ထူပြောကြကုန်၏။

- ကိလေသာ ထူပြောကြကုန်၏။
- ကိုယ်ခန္ဓာအကျင့်သီလ၊ သမာဓိ၊ ပညာတို့ကို ပွားများခြင်း မပြုကြကုန်။

ထို့ကြောင့် ပုထုဇဉ်တို့၏စိတ်သည် သီလ၊ သမာဓိ၊ ပညာအရာတို့တွင်

- နုံ့နှေး၏၊
- နှေးကွေးစွာ ဖြစ်၏။
- ရှုပ်ထွေးပွေလီနေသော ချုံအတွင်းမှ သစ်ခက်ကို ထုတ်ယူသူသည် နှေးကွေးသကဲ့သို့ပင်။
- ကိလေသာတို့ဖြင့် ရှုပ်ထွေးမွေးယှက်နေသော ပုထုဇဉ်တို့၏စိတ်သည် အလွန်နှေးကွေးလှပေ၏။

www.thitsarparamisociety.com

www.thitsarparami.org



## အရိယာဖြစ်ဖို့ ပုထုဇဉ်အနွယ်ဇာတ်ကို မဖြတ်ရသေးသောပုထုဇဉ်များအပေါ် သက်ရောက်ရှုမြင်၊ ကြင်နာ သနားတော်မူသော မြတ်စွာဘုရား၏ မဟာကရုဏာတော်များအစုစု

### ပုထုဇဉ်တို့၏စရိုက်လက္ခဏာများ

- သတ္တဝါအပေါင်းတို့သည် ရာဂစသည်တို့ဖြင့် တောက်လောင်နေကြကုန်၏။

- သတ္တဝါအပေါင်းတို့သည် အိုခြင်း၊ သေခြင်းဖြင့် မရပ်မတည် လှည့်လည်နေကြကုန်၏။

- သတ္တဝါအပေါင်းတို့သည် မှန်ကန်သော လမ်းကို သွေဖည်၍ လမ်းမှားသို့သာ သွားကြကုန်၏။

- သတ္တဝါအပေါင်းတို့သည် မမြဲသည်ဖြစ်၍သာ **သေခြင်း**သို့ အဖန်ဖန်တလဲလဲ အဆွဲဆောင်ခံရ၏။

- သတ္တဝါအပေါင်းတို့ကို စောင့်ရှောက်မည့်သူ မရှိ၊ အစိုးရသူဟူ၍လည်း မရှိကြပေ။

www.thitsarparamisociety.com

www.thitsarparami.org



- သတ္တဝါအပေါင်းတို့သည် အလုံးစုံသော စည်းစိမ်ဥစ္စာ၊ ဘဏ္ဍာအပေါင်းတို့ကို စွန့်ပယ်၍သာ သွားရအပ်သည် ဖြစ်၍ ကိုယ်ပိုင်ဥစ္စာမှ ကင်းလွတ်ကြလေကုန်၏။

- သတ္တဝါအပေါင်းတို့သည် (၁၀၈) ပါးသော တဏှာ၊ ပပဉ္စတရားတို့ဖြင့် အလွှမ်းမိုးခံရ၏။

- သတ္တဝါအပေါင်းတို့သည် မည်သို့သောအခါမှ ရောင့်ရဲ တင်းတိမ်ကျေနပ်မှုမရှိဘဲ တဏှာ၏ကျွန်သာ ဖြစ်ကြ လေကုန်၏။

- သတ္တဝါအပေါင်းတို့သည် ကိုးကွယ်ရာမဟုတ်သည် ကို ကိုးကွယ်ရာကဲ့သို့ ကိုးကွယ်ဆည်းကပ်မှု မှားယွင်း ကြလေကုန်၏၊

- သတ္တဝါအပေါင်းတို့၏စိတ်သည် ပျံ့လွင့်သည်သာ ဖြစ်၍ မငြိမ်သက်ခြင်းလက္ခဏာသာ ရှိ၏။

- သတ္တဝါအပေါင်းတို့သည် ရာဂ၊ တဏှာ စသော များလှစွာသော မြားတို့ဖြင့် အချိန်အခါမလပ် တရစပ် အပစ်ခံရနေသော်လည်း ထိုထိုသောမြားတို့ကို မနုတ် ပယ်နိုင်သော များလှစွာသော မြားနှင့်တကွ သနား ဖွယ်ရာသတ္တဝါတို့သာလျှင် ဖြစ်ကြလေကုန်၏။

www.thitsarparamisociety.com

www.thitsarparami.org



- သတ္တဝါအပေါင်းတို့သည် အဝိဇ္ဇာအမိုက်တိုက်ဖြင့် ပိတ်ဖုံးနေ၏။ အဝိဇ္ဇာဥခွံအတွင်း၌ နေကြကုန်၏။ ကိလေသာတည်းဟူသော ရှန်းမထွက်နိုင်သော လှောင်အိမ်၌ သွင်းလှောင်ခံနေရ၏။

- သတ္တဝါအပေါင်းတို့အား အဝိဇ္ဇာဖြင့် ထက်ဝန်းကျင် တစ်ခွင်လုံးမှ မြှေးယှက်နေ၏။ ရှင်းထုတ်ယူ၍ မရနိုင် လောက်သော ရှုပ်သော ချည်ထွေးကဲ့သို့ပင် ဖြစ်၏။

- ထို့ပြင် ရှုပ်လွန်းလှသော ပင့်ကူအိမ်ကဲ့သို့ပင် ဖြစ်၏။ အလွန်တရာ ရှင်းထုတ်ရခက်လွန်းလှသော ဖြူဆံမြက်၊ ပြိန်းမြက်ကဲ့သို့လည်း ဖြစ်၏။

www.thitsarparamisociety.com

www.thitsarparami.org



သို့ဖြစ်၍ **အဝိဇ္ဇာအမိုက်တိုက်ဖြင့် ဝိတ်ဖုံးခံနေရသော** သတ္တဝါအပေါင်းတို့သည်

**ချမ်းသာကင်းသော၊ မကောင်းသောသူတို့သာ လားရောက်ရာ၊ ပျက်စီး၍ ကျရာဖြစ်သော အပါယ်လေးပါးသံသရာကို မည်သို့မျှ လွတ်ကင်းအောင် မလွန်ဆန်နိုင်ကြကုန်သည်သာ ဖြစ်၏။**

ဗုဒ္ဓမြတ်စွာသည် ရာဂ၊ တဏှာ၊ အဝိဇ္ဇာ စသည်တို့ကြောင့် အပါယ်သံသရာကို မလွန်မြောက်နိုင်ကြသော သတ္တဝါအပေါင်းတို့အပေါ် သနားစဖွယ် ကရုဏာတော်ဉာဏ်များ သက်ရောက်သကဲ့သို့

- ဒိဋ္ဌိ၊
- ဒေါသ၊
- မောဟ၊
- ဒုစရိုက်၊

စသည်တို့ကြောင့်လည်း သတ္တဝါများအပေါ် မဟာကရုဏာတော်ဉာဏ်များ သက်ရောက်ပြန်ပါသည်-

www.thitsarparamisociety.com

www.thitsarparami.org



- သတ္တဝါအပေါင်းသည်

ဒိဋ္ဌိ ဟူသော ထုပ်လျှောက်၊

ဒိဋ္ဌိ ဟူသော ကွန်ရက်၊

ဒိဋ္ဌိ ဟူသော ရေအယဉ်၊

ဒိဋ္ဌိ ဟူသော သံယောဇဉ်၊

ဒိဋ္ဌိ ဟူသော အနုသယ၊

ဒိဋ္ဌိ ဟူသော ပူပန်ခြင်း၊

ဒိဋ္ဌိ ဟူသော ထက်ဝန်းကျင်၊

ပူလောင်ခြင်းတို့ဖြင့် မလွတ်

ကင်းနိုင်ဘဲ ရှိကြကုန်၏။

- သတ္တဝါအပေါင်းကို ဒေါသ၊ မောဟ၊ မာန၊ ဒုစရိုက် ဟူသော ကြီးစွာသော အနှောင်အဖွဲ့သည် ဖွဲ့၍နေ၏။

သတ္တဝါအပေါင်းတို့သည် ရာဂ၊ တဏှာ၊ အဝိဇ္ဇာ၊ ဒိဋ္ဌိ၊ ဒေါသ၊ မောဟ၊ မာန တို့မှ ရုန်းထွက်နိုင်ခြင်းမရှိသဖြင့် ရာဂမီး၊ ဒေါသမီး၊ မောဟမီး၊ ဇာတိ၊ ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ စသည့် (၁၁)မျိုးသော မီးတို့ဖြင့် တောက်လောင်နေ၏။

www.thitsarparamisociety.com

www.thitsarparami.org



# ကိုးကွယ်အားထားရာ ဗုဒ္ဓမြတ်စွာ

သံသရာတစ်လျှောက် ရာဂ၊ တဏှာ၊ အဝိဇ္ဇာ၊ ဒိဋ္ဌိ၊ ဒေါသ၊ မောဟ၊ မာန တို့ဖြင့် ညစ်ပေနေသော သတ္တဝါအပေါင်းတို့ကို ဗုဒ္ဓမြတ်စွာသည် သနားကြင်နာသည်ဖြစ်၍ မဟာကရုဏာတော် ဉာဏ်ဖြင့် ဤသို့ အားပေးတော်မူပါပေ၏။

- ငါသည်သာလျှင် သံသရာမှ ကူးမြောက်ပြီးပြီ။
- ငါသည်သာလျှင် အနှောင်အဖွဲ့မှ လွတ်မြောက်ပြီးပြီ။
- ငါသည်သာလျှင် ယဉ်ကျေး၏။
- ငါသည်သာလျှင် ငြိမ်းအေး၏။
- ငါသည်သာလျှင် သက်သာရာရပြီ။
- ငါသည်သာလျှင် ကိလေသပရိနိဗ္ဗာန်ဖြင့် ငြိမ်းပြီ။

www.thitsarparamisociety.com

www.thitsarparami.org



ထို့ကြောင့် ငါသည်

- သတ္တဝါများကို သံသရာမှ ကူးမြောက်စေရန်။
- သတ္တဝါများကို အနှောင်အဖွဲ့မှ လွတ်မြောက်စေရန်။
- သတ္တဝါများကို ယဉ်ကျေးစေရန်။
- သတ္တဝါများကို ငြိမ်းအေးစေရန်။
- သတ္တဝါများကို သက်သာရာရစေရန်။
- သတ္တဝါများကို ကိလေသပရိနိဗ္ဗာန်ဖြင့် ငြိမ်းစေရန်၊

စွမ်းဆောင်ပေးနိုင်၏ဟု အားပေးသော ဩဝါဒစကားတော်ကို မိန့်တော်မူခဲ့ပေသည်။

www.thitsarparamisociety.com

www.thitsarparami.org

# အခန်း (၃)

## ထိုးကွယ်ကြည်ညို မှီခိုအားထားရန် အမှန်ဖြစ်တော်မူသော ဗုဒ္ဓမြတ်စွာ

www.thitsarparamisociety.com

www.thitsarparami.org

# မြတ်ဗုဒ္ဓ

- ဓမ္မကိုသိမြင်သူသည် ဗုဒ္ဓကိုသိမြင်သူ ဖြစ်သည်၊
- ဗုဒ္ဓကိုသိမြင်သူသည် ဓမ္မကိုသိမြင်သူ ဖြစ်သည်၊
- ဓမ္မကိုမသိမမြင်သူသည် ဗုဒ္ဓ၏သင်္ကန်းကို ဆွဲကိုင်ထားသော်လည်း ဗုဒ္ဓကို သိမြင်သူဟု မဆိုနိုင်ပေ။
- ဗုဒ္ဓဘာသာဝင် သူတော်ကောင်း သူတော်စင်တို့ကို အမှန်တကယ် မှီခိုအားထားရာအဖြစ် အကျိုးပြုနိုင်သည့် နိဗ္ဗာန်ရောက်ကြောင်း ဓမ္မတရား အစစ်အမှန်များသည် မြတ်ဗုဒ္ဓ၏ ဗုဒ္ဓသာသနာတော်ပင် ဖြစ်သည်။
- မြတ်ဗုဒ္ဓ ဟောကြားတော်မူခဲ့သည့် ဓမ္မနှင့် ဝိနယတို့သည် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးသည့်နောက် ဗုဒ္ဓဘာသာဝင် သူတော်ကောင်း သူတော်စင်တို့၏ ကိုးကွယ်အားထားရာအဖြစ် တည်ရှိနေပေသည်။

www.thitsarparamisociety.com

www.thitsarparami.org

# အခန်း (၃)

## ကိုးကွယ်ကြည်ညိုမိုခိုအားထားရာအမှန် ဖြစ်တော်မူသောဗုဒ္ဓမြတ်စွာ

"သောတာပန်ဖြစ်ဖို့ ပုထုဇဉ်အနွယ်ဇာတ်ကို ဖြတ်ကြပါစို့" စာအုပ်အခန်း(၁)တွင် ပထမဦးစွာသော ဓမ္မစကြာည၏ အမှတ်တရ လူယောက်ျားနှင့် ဓမ္မစကြာည၏ အမှတ်တရ အမျိုးသမီးအကြောင်းတို့ကို ဖော်ပြခဲ့ပါသည်။

ဓမ္မစကြာည၏ အမှတ်တရ သောတာပန်ပုဂ္ဂိုလ် (၂)ဦးကို စံနမူနာပြု၍ ဗုဒ္ဓဘာသာဝင် သူတော်ကောင်း သူတော်စင်များသည်လည်း ပုထုဇဉ်အနွယ်ဇာတ်ကိုဖြတ်ပြီး သောတာပန်အဖြစ်သို့ ဆိုက်ရောက်ကြရန်အတွက် ရည်မှန်းချက်ပန်းတိုင်ထားပြီး ကြိုးပမ်းအားထုတ်နိုင်ကြရန်ကိုလည်း တိုက်တွန်းအားပေးခဲ့ပါသည်။

မိမိတို့ဖြတ်ကျော်ရမည့် ပုထုဇဉ်အနွယ်ကို သိရှိထားပြီး ဖြစ်သော်လည်း ထပ်မံသိရှိနိုင်ရန် လိုရင်းအချက်အချို့တို့ကို အခန်း(၂)တွင် ဖော်ပြတင်ပြခဲ့ပါသည်။

စံနမူနာပြုရမည့် ပုဂ္ဂိုလ်များကို နမူနာထား၍ ပုထုဇဉ်အနွယ်ဇာတ်ကို ဖြတ်ကျော်ပြီး သောတာပန်ပုဂ္ဂိုလ်ဖြစ်မြောက်ရန် အတွက် သောတာပန်ပုဂ္ဂိုလ်အကြောင်းနှင့် ကြိုးပမ်းအားထုတ်နိုင်သည့် နည်းလမ်းအသွယ်သွယ်ကို ဗုဒ္ဓမြတ်စွာ ဟောကြားညွှန်ပြသည့်အတိုင်း ဆက်လက်တင်ပြပါမည်။

www.thitsarparamisociety.com

www.thitsarparami.org



သောတာပန်ပုဂ္ဂိုလ်အကြောင်းနှင့် ကြိုးပမ်းအားထုတ်ရမည့် နည်းလမ်းအသွယ်သွယ်ကို မတင်ပြမီ သောတာပန်ပုဂ္ဂိုလ်မှသည် ရဟန္တာပုဂ္ဂိုလ်အထိတက်လှမ်းပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သည့်သာသနာတော်ကို ထုတ်ဖော်နိုင်ခဲ့သည့် ဗုဒ္ဓဘာသာဝင် သူတော်ကောင်း သူတော်စင်တို့၏ ကိုးကွယ်ကြည်ညို မှီခိုအားထားရာအမှန် ဖြစ်တော်မူသော ဗုဒ္ဓမြတ်စွာ၏ သာသနာတော်အကြောင်းကို အနည်းငယ် တင်ပြလိုပေသည်။

www.thitsarparamisociety.com

www.thitsarparami.org



## အရိယာသူတော်စင်ပုဂ္ဂိုလ်များ ဖြစ်ထွန်းပေါ်ပေါက်နိုင်သော တစ်ခုတည်းသော ဗုဒ္ဓသာသနာတော်

ဗုဒ္ဓမြတ်စွာသည် နောက်ဆုံးသော တပည့်သာဝက ဖြစ်သော ရဟန္တာအရှင်သုဘဒ္ဒမထေရ်ကို မိန့်တော်မူခဲ့သည်မှာ-

"ငါဘုရားသာသနာမှတစ်ပါး၊ တခြားသော ပြင်ပသာသနာတွေမှာ မဂ်ပုဂ္ဂိုလ်၊ ဖိုလ်ပုဂ္ဂိုလ် အစရှိသည့် အရိယာပုဂ္ဂိုလ်များမရှိနိုင်" ဟု မိန့်တော်မူခဲ့ပေသည်။

ထို့ပြင် ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူသည့်အတိုင်း ကျင့်ကြံကြိုးကုတ် အားထုတ်ကြမည်ဆိုပါက လောကကြီးမှာ ဘယ်သောအခါမှ ရဟန္တာမဆိတ်သုဉ်းပါဘူးဟု သုဘဒ္ဒမထေရ်ကို ဤသို့ မိန့်တော်မူခဲ့ပေသည်။

**"သုဘဒ္ဒ၊ ငါဘုရား၏ သာသနာတော်ဝန်ထမ်း ရဟန်းတွေက ငါဘုရား ဟောကြားတော်မူခဲ့တဲ့ ဓမ္မတရားတွေနဲ့အညီ ကောင်းကောင်းမွန်မွန်၊ ကျကျနန၊ နေ့ထိုင်ကျင့်သုံးသွားကြမယ်ဆိုရင် လောကကြီးမှာ ဘယ်တော့အခါမှ ရဟန္တာမဆိတ်သုဉ်းပါဘူး"**

**မှတ်ချက်**-(သုတ္တန်နည်းအရ နိဗ္ဗာန်အကျိုးငှာ တရားအားထုတ်သူ ယောဂီသူတော်စင်များသည်လည်း ရဟန်းများပင် ဖြစ်ပေသည်။)

www.thitsarparamisociety.com

www.thitsarparami.org



## ဓမ္မတရားအမြင်ဖြင့် ရှုမြင်ရမည့် ဗုဒ္ဓသာသနာတော်

**ဓမ္မတရားအမြင်ဖြင့် ဗုဒ္ဓသာသနာဟူသော စကားအနက် အဓိပ္ပာယ်သည် ဗုဒ္ဓဘာသာဝင် သူတော်ကောင်း၊ သူတော်စင် များအား "အမှန်တကယ် မိမိုအားထားရာအဖြစ် အကျိုးပြုနိုင် သည့် ဓမ္မတရား အစစ်အမှန်" သာ ဖြစ်ပေသည်။**

မြတ်ဗုဒ္ဓထုတ်ဖော်ခဲ့သည့် မြတ်ဗုဒ္ဓ၏ သာသနာတော်တွင် မြတ်ဗုဒ္ဓ၏ တရားဓမ္မ အစစ်အမှန်များကို ကြိုးပမ်းအားထုတ် ကျင့်ကြံသူ ဗုဒ္ဓဘာသာဝင် သူတော်ကောင်း သူတော်စင်တို့သည်

ပုထုဇဉ်အနွယ်ဇာတ်ကို ဖြတ်ကျော်၍ အရိယာသူတော်စင် အနွယ်များဖြစ်ကြသော

- သောတာပန်၊
- သကဒါဂါမ်၊
- အနာဂါမ်၊
- ရဟန္တာ ပုဂ္ဂိုလ်များအဖြစ်ကို ရရှိနိုင်ကြပေသည်။

www.thitsarparamisociety.com

www.thitsarparami.org



## ဓမ္မတရားအမြင်ဖြင့် ကြည်ညိုမှီခိုအားထား ကိုးကွယ်ဆည်းကပ်ရမည့် ဗုဒ္ဓမြတ်စွာ

ဗုဒ္ဓဘာသာဝင် သူတော်ကောင်း သူတော်စင်တို့သည် ဗုဒ္ဓမြတ်စွာကို ဤသို့ ကြည်ညိုမှီခို အားထားကိုးကွယ် ဆည်းကပ်သင့်လှပေသည်-

ဗုဒ္ဓမြတ်စွာဟူသည် **"မြတ်ဗုဒ္ဓ သိမြင်တော်မူခဲ့သော၊ ဟောကြားတော်မူခဲ့သော သစ္စာလေးပါး တရားတော်နှင့် နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ"** ပင် ဖြစ်ပေသည်။

မြတ်ဗုဒ္ဓက ဟောကြားတော်မူခဲ့သည်မှာ-

"ဓမ္မကို သိမြင်သူသည် ဗုဒ္ဓကို သိမြင်သူဖြစ်သည်။ ဗုဒ္ဓကို သိမြင်သူသည် ဓမ္မကို သိမြင်သူမည်သည်။ ဓမ္မကို မသိမမြင်သောသူသည် ဗုဒ္ဓ၏ သင်္ကန်းတော်ကို ဆွဲကိုင်ထားသော်လည်း၊ ဗုဒ္ဓကို သိမြင်သူဟု မဆိုနိုင်ပေ"။

www.thitsarparamisociety.com

www.thitsarparami.org



## ဓမ္မတရားအမြင်ဖြင့် ကျင့်ကြံကြိုးပမ်းအားထုတ်ရမည့် ဗုဒ္ဓမြတ်စွာ၏ တရားတော်များ

ဓမ္မတရားအမြင်ဖြင့် ရှုမြင်လျှင် မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော နိဗ္ဗာန်ရောက်ကြောင်း တရားတော်များသည် မြတ်ဗုဒ္ဓနှင့် ခွဲခြား၍ မရစကောင်းသော၊ ဗုဒ္ဓနှင့်တစ်ခုတည်း၊ တစ်မျိုးတည်းပင်ဖြစ်သော တရားတော်များသာလျှင် ဖြစ်ကြပေသည်။

မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော နိဗ္ဗာန်ရောက်ကြောင်းတရားဓမ္မများအပေါ် မြတ်စွာဘုရား ရှုမြင်ဟောကြားတော်မူခဲ့သည်ကို တစ်ကြိမ်ထပ်မံ၍ တင်ပြပါရစေ။

"ဓမ္မကို သိမြင်သူသည် ဗုဒ္ဓကို သိမြင်သူမည်၏၊
ဗုဒ္ဓကို သိမြင်သူသည် ဓမ္မကို သိမြင်သူမည်၏၊"

မြတ်ဗုဒ္ဓက တရားတော်များနှင့်စပ်လျဉ်း၍ ဤသို့လည်း ထပ်မံဟောကြားတော်မူပြန်ပါသည်။

'ငါဟောကြားထားခဲ့သည့် ဓမ္မနှင့် ဝိနယ(ဝိနည်း)တော်တို့သည် ငါပရိနိဗ္ဗာန်စံသည့်အခါ၌ သင်တို့၏ ဆရာအဖြစ်နှင့် တည်ရှိနေပေလိမ့်မည်'။

www.thitsarparamisociety.com

www.thitsarparami.org



**ထို့ကြောင့် ဗုဒ္ဓဘာသာဝင် သူတော်ကောင်း သူတော်စင်တို့ ကြည်ညိုအားထား မှီခိုကိုးကွယ်နေကြသည့် ဗုဒ္ဓအစစ်အမှန်မှာ ချုပ်ငြိမ်းမသွားပေ။**

ချုပ်ငြိမ်းသွားသောအရာမှာ မြတ်ဗုဒ္ဓ၏ ကိုယ်ကာယတော်သာလျှင် ဖြစ်သည်။

**စစ်မှန်သော ဆရာဖြစ်တော်မူသော ဓမ္မနှင့် ဝိနယမှာ ယခုထက်တိုင် ဗုဒ္ဓဘာသာဝင် သူတော်စင်များ အားလုံးနှင့်အတူ ရှိနေပေသည်။**

စစ်မှန်သော ဆရာဖြစ်တော်မူသော မြတ်ဗုဒ္ဓ ဟောကြားထားတော်မူခဲ့သော **နိဗ္ဗာန်ရောက်ကြောင်း တရားတော်များဖြင့် ဗုဒ္ဓဘာသာဝင် သူတော်ကောင်း သူတော်စင်တို့သည် ပထမဦးစွာ ပုထုဇဉ်အဖွယ်စာတ်ကိုဖြတ်၍ သောတာပန်ဖြစ်ဖို့ ကြိုးပမ်းကျင့်ကြံအားထုတ်ကြရမည် ဖြစ်ပေသည်။**

www.thitsarparamisociety.com

www.thitsarparami.org



## ဓမ္မတရားအမြင်ဖြင့် ရှုမြင်ရမည့် သံဃာတော်များ

"သံဃာ" ဟူသော စကားလုံး၏ အနက်အဓိပ္ပာယ်အမှန်မှာ မြတ်ဗုဒ္ဓ ဟောကြားတော်မူခဲ့သော သစ္စာတရားသာလျှင် ဖြစ်ပေသည်။

**ဓမ္မတရားအမြင်ဖြင့် ရှုမြင်ကြည့်လျှင် "သံဃာ" ဟူသော စကားလုံး၏ အနက်အဓိပ္ပာယ်မှာ ရဟန်းတော်တို့၏ စိတ်နှလုံးထဲတွင် ကိန်းအောင်းနေသော မြင့်မြတ်လှသည့် အရည်အချင်းကို တွေ့မြင်နိုင်ပေသည်။**

သာမန်လူများအား မြင့်မြတ်သည့် ရဟန်းဘဝသို့ ရောက်ရှိစေသည့် မြင့်မြတ်သော စိတ်ပိုင်းဆိုင်ရာ အရည်အချင်းများ ရှိကြပေသည်။ **ရဟန်းတော်တို့၏ စိတ်နှလုံးတွင်း၌ တည်ရှိနေသည့် အဆိုပါ မြင့်မြတ်သော အရည်အချင်းတို့၏ အပေါင်းအစုကိုပင် သံဃာတော်ဟု ခေါ်ဆိုရခြင်း ဖြစ်ပေသည်။**

လေးမျိုးလေးစားသော သံဃာတော်တို့ ရှိကြသည်-

၁။ သောတာပန်၊

၂။ သကဒါဂါမ်၊

၃။ အနာဂါမ်၊

၄။ ရဟန္တာ။

www.thitsarparamisociety.com

www.thitsarparami.org



**မြင့်မြတ်သော စိတ်ပိုင်းဆိုင်ရာ အရည်အချင်းများသည် သာမန်လူအား သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ အဖြစ်သို့ ရောက်ရှိစေပါသည်။**

## ဓမ္မတရားအမြင်ဖြင့် ရှုမြင်ခြင်းနှင့် သောတာပန်

မြတ်ဗုဒ္ဓ၏ မြင့်မြတ်သော သာသနာတော်တွင် ပုထုဇဉ် အနှယ်ဇာတ်ကို ဖြတ်၍ **သောတာပန်ဖြစ်ဖို့ ကြိုးပမ်းအားထုတ် နေသူများကို**

- မြတ်ဗုဒ္ဓ၏ မြင့်မြတ်လှသော ဗုဒ္ဓသာသနာတော်၊
- ဗုဒ္ဓမြတ်စွာ၊
- ဗုဒ္ဓမြတ်စွာ၏ တရားတော်များ၊
- ဗုဒ္ဓမြတ်စွာ၏ တပည့်သံဃာတော်များအပေါ် ဓမ္မတရား အမြင်ဖြင့် ရှုမြင်နိုင်ပုံတို့ကို တင်ပြခဲ့ပါသည်။

အဆိုပါ တင်ပြချက်များသည် နောင်ဆက်လက်တင်ပြ မည့် သောတာပန်ဖြစ်ရန် ကြိုးပမ်းအားထုတ်မှုများနှင့် ဆက်နွှယ် နေပါသဖြင့် သာသနာတော်၊ ဗုဒ္ဓမြတ်စွာ၊ တရားတော်များ၊ သံဃာတော်များနှင့်စပ်လျဉ်း၍ တင်ပြချက်များကို အကျဉ်းချုံး၍ ထပ်မံတင်ပြပါရစေ။

www.thitsarparamisociety.com

www.thitsarparami.org



## ဓမ္မတရားအမြင်ဖြင့် ရှုမြင်ခြင်း
## ဗုဒ္ဓသာသနာတော်

ဗုဒ္ဓဘာသာဝင် သူတော်ကောင်း သူတော်စင်များ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရန် အမှန်တကယ် မှီခိုအားထားရာ အဖြစ် အကျိုးပြုနိုင်သည့် ဓမ္မတရား အစစ်အမှန်များ ဖြစ်ပေသည်။

## မြတ်ဗုဒ္ဓ

မြတ်ဗုဒ္ဓ သိမြင်တော်မူခဲ့သော သစ္စာလေးပါးတရားတော်များနှင့် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များပင် ဖြစ်ပေသည်။

## မြတ်ဗုဒ္ဓ၏ တရားတော်များ

မြတ်ဗုဒ္ဓ၏ တရားတော်များသည် မြတ်ဗုဒ္ဓနှင့် ခွဲခြား၍ မရစကောင်းသော မြတ်ဗုဒ္ဓနှင့် တစ်ခုတည်း၊ တစ်မျိုးတည်းပင် ဖြစ်သော တရားတော်များ ဖြစ်ပေသည်။

## မြတ်ဗုဒ္ဓ၏ တပည့်သံဃာတော်များ

ရဟန်းတော်တို့၏ စိတ်နှလုံးတွင်း၌တည်ရှိနေသည့် မြင့်မြတ်သည့် အရည်အချင်းတို့၏ အပေါင်းအစုတို့သည် သံဃာတော်များ ဖြစ်ကြပေသည်။

www.thitsarparamisociety.com

www.thitsarparami.org

# အခန်း (၄)

# သောတာပန်ပုဂ္ဂိုလ်

www.thitsarparamisociety.com

www.thitsarparami.org

# မြတ်သော သောတာပန်

အရိယာမဂ်ဟူသော ရေအယဉ်သို့ ရောက်သည့် မြတ်သော သောတာပန်သည်

- စကြာဝတေးမင်းအဖြစ်ထက်လည်း မြတ်လှပါပေသည်။
- နတ်ဗြဟ္မာဖြစ်ရတာထက်လည်း မြတ်လှပါပေသည်။
- ဗြဟ္မာမင်းကြီးထက်လည်း မြတ်လှပါပေသည်။

မြတ်သော သောတာပန်သည်

- အပါယ်လေးပါးမှ ထာဝစဉ် လုံးဝလွတ်မြောက်ပြီ၊
- သုဂတိဘဝမှာ အလွန်ဆုံး(၇)ဘဝသာ ဖြစ်မည်။
- နောက်ဆုံးသော (၇) ဘဝမြောက်မှာပင် အထက်မဂ်/ဖိုလ်များကို ရရှိပြီးကာ ရဟန္တာဖြစ်ပြီး ဆင်းရဲခပ်သိမ်းငြိမ်းသည့် အနုပါဒိသေသ နိဗ္ဗာန်ကို ဝင်စံပါမည်။

www.thitsarparamisociety.com

www.thitsarparami.org

# အခန်း (၄)

# သောတာပန်ပုဂ္ဂိုလ်

## သောတာပန်ဆိုသည်မှာ

ပါဠိ-မြန်မာအဘိဓာန်တွင် ဤသို့ ဖွင့်ဆိုထားပါသည်-

**သောတာပန္န** = သောတာပန်ပုဂ္ဂိုလ်
= အရိယာမဂ် ဟူသော ရေအယဉ်သို့ ရောက်သည်။

**သောတာပတ္တိ** = အရိယာမဂ်တည်း ဟူသော ရေအယဉ်သို့ ရောက်ခြင်း၊

www.thitsarparamisociety.com

www.thitsarparami.org



## သောတာပန်တို့၏စိတ်

ရဟန္တာအရှင်သူမြတ်ရှင်နာဂသိန်က သောတာပန်တို့၏ စိတ်ကို ဤသို့ မိန့်တော်မူပါသည်။

မင်းကြီး

သောတာပန်ပုဂ္ဂိုလ်တို့သည်

- အပါယ်လားကြောင်း အကုသိုလ်တရား၊
- မှားသော မိစ္ဆာဒိဋ္ဌိ၊
- သာသနာတော်၌ ယုံမှားသော ဝိစိကိစ္ဆာတို့ကို ပယ်ပြီး ဖြစ်ကုန်၏။

သောတာပန်တို့၏စိတ်သည် ထိုသုံးဌာနတို့၌ ညစ်နွမ်းမှု မရှိဘဲ အလွန်အမင်း စင်ကြယ်ကြကုန်လေ၏။

www.thitsarparamisociety.com

www.thitsarparami.org



## သောတာပန်ပုဂ္ဂိုလ်

- သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သော ပုဂ္ဂိုလ်၊
- သုံးပါးသော သံယောဇဉ်တို့ကိုပယ်ခြင်းငှာ ကျင့်သော ပုဂ္ဂိုလ်သည် သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်း ငှာ ကျင့်သောပုဂ္ဂိုလ် မည်၏။
- အကြင်ပုဂ္ဂိုလ်သည် သုံးပါးသော သံယောဇဉ်တို့ကို ပယ်အပ်ကုန်ပြီ၊ ဤပုဂ္ဂိုလ်ကို သောတာပန်ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

ဟု ပုဂ္ဂလပညတ်ပါဠိတော်တွင် ဖွင့်ဆိုထားပါသည်။

## သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုရန် သောတာပန်ပုဂ္ဂိုလ် ပယ်ရမည့် သံယောဇဉ် (၃)ပါး

(၁) ဒိဋ္ဌိသံယောဇဉ်၊

(၂) ဝိစိကိစ္ဆာသံယောဇဉ်၊

(၃) သီလဗ္ဗတပရာမာသသံယောဇဉ်။

www.thitsarparamisociety.com

www.thitsarparami.org



## မြတ်သော သောတာပန်

မြတ်စွာဘုရား၏တရားတော်ကို နာကြားရ၍ သောတာပန် အဖြစ်ကိုရရှိသော အနာထပိဏ်သူဌေးကြီး၏သား မောင်ကာလ နှင့်ဆက်နွယ်၍ မြတ်စွာဘုရားက အနာထပိဏ် သူဌေးကြီးကို ဤသို့ မိန့်တော်မူပါသည်-

"သူဌေးကြီး၊ ယခု သင့်သားမောင်ကာလရတဲ့ သောတာပန် အဖြစ်၊ သောတာပတ္တိဖိုလ်ဟာ စကြဝတေးမင်း၏ စည်းစိမ် ချမ်းသာထက်လည်း မြင့်မြတ်တယ်၊ ဗြဟ္မာ့စည်းစိမ် ချမ်းသာ ထက်လည်း မြင့်မြတ်တယ်"

ဟု မိန့်တော်မူပြီး ဂါထာတော်တစ်ပုဒ်ကို ဟောတော်မူ ပေသည်-

ပထဗျာ ဧကရဇ္ဇေန၊ သဂ္ဂဿ ဂမနေန ဝါ၊

သဗ္ဗလောကာဓိ ပစ္စေန၊ သောတာပတ္တိဖလံ ဝရံ

သောတာပတ္တိဖလံ-**သောတာပန်အဖြစ်-သောတာပတ္တိ ဖိုလ်သည်**

ပထဗျာ ဧကရဇ္ဇေန-တစ်မြေပြင်လုံးကို အစိုးရသော **စကြဝတေးမင်း၏ စည်းစိမ်ချမ်းသာထက်လည်း သာလွန် ကောင်းမြတ်လှပါပေ၏။**

www.thitsarparamisociety.com

www.thitsarparami.org



# သောတာပန်ဖြစ်ရတာ
# စကြာဝတေးမင်းထက်လည်း မြတ်သည်။

လောကမှာ မင်းအဖြစ်ဆိုသည်ကိုရလျှင် လူတိုင်းလိုလိုပင် အလိုရှိကြပါသည်။ မင်းအဖြစ်ကို ထားပါဦး၊ ရပ်ရွာထဲမှာ လူကြီးအဖြစ်တောင် အင်မတန် လိုချင်တတ်ကြပါသည်။

မင်းအဖြစ်ဆိုသည်မှာလည်း စော်ဘွားနယ်များမှာထက် တိုင်းပြည်တစ်ခုလုံးကို ပိုင်စိုးသည့်မင်းအဖြစ်က သာပြီးမြင့်မြတ်ပါပေသည်။

တိုင်းပြည်ငယ်ငယ်ထက် တိုင်းပြည်ကြီးကြီးကို အစိုးရတဲ့မင်းကသာပြီး မြင့်မြတ်ပြန်ပါသည်။ မြေတစ်စိတ်တစ်ဒေသကို အစိုးရသည့် ပဒေသရာဇ်မင်းထက် တစ်ကျွန်းလုံးကို ပိုင်စိုးသည့် မင်းအဖြစ်ကသာပြီး ပိုပြီး မြင့်မြတ်ပါသည်။

လူ့လောကတစ်မြေထောင်လုံးကို အစိုးရသည့်၊ ပိုင်စိုးသည့် စကြာဝတေးမင်း၏စည်းစိမ်သည်သာ လောကမှာ အကောင်းဆုံး အမြတ်ဆုံး ဖြစ်ပါသည်။

ဘုန်းကံအလွန်ကြီးမားသော ပုဂ္ဂိုလ်မှသာလျှင် စကြာဝတေးမင်းအဖြစ်ကို ရနိုင်ပါသည်။ စကြာဝတေး၏ ဘုန်းကံအလျှောက်သာလျှင် စကြာရတနာ၏ အစွမ်းအာနုဘော်ကြောင့် လူ့လောကမှာရှိကြသော မင်းအားလုံးတို့က စကြာဝတေးမင်း၏ အဆုံးအမဩဝါဒကို ခံယူကြရပါသည်။ စကြာဝတေးမင်း၏ဘုန်းကံကြောင့်

www.thitsarparamisociety.com

www.thitsarparami.org



အစစအရာရာ ပေါများကြွယ်ဝ ပြည့်စုံကြပါသည်။ လူတွေလည်း ညီညွတ်ကြသည်။

ထိုသို့သော စကြဝတေးမင်း၏ စည်းစိမ်ချမ်းသာထက် သောတာပန်အဖြစ်က သာလွန်မြင့်မြတ်လှပါပေသည်။

စကြဝတေးမင်းအဖြစ် ချမ်းသာသည်ဆိုရာတွင် တစ်ဘဝ အတွက်သာ ဖြစ်သည်။ စကြဝတေးမင်းသည် သီလ၊ မင်းကျင့် တရားနှင့်ပြည့်စုံသည့်အလျောက် နောင်ဘဝမှာ ကောင်းမြတ် သော သုဂတိဘဝ၌ ဖြစ်နိုင်သော်လည်း အပါယ်လေးပါးမှ အစဉ် ထာဝရ လွတ်ပြီဟု မဆိုနိုင်သေးပါ။

စကြဝတေးမင်းအဖြစ်ကို အကြောင်းပြုပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သည်ဟုလည်း မဆိုနိုင်ပါ။

**သောတာပန်ပုဂ္ဂိုလ်မှာ အပါယ်လေးပါးမှလည်း အစဉ် ထာဝရ လွတ်ပြီ၊**

**သုဂတိဘဝမှာ အလွန်ဆုံး (၇)ဘဝသာဖြစ်ပြီး၊ နောက်ဆုံး ဘဝမှာ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်ဝင်စံပါမည်။**

ထို့ကြောင့် သောတာပန်ဖြစ်ရတာ စကြဝတေးမင်း စည်းစိမ်ချမ်းသာထက် သာလွန်မြင့်မြတ်ပါပေသည်ဟု မြတ်စွာ ဘုရား ဟောကြားတော်မူပေသည်။

www.thitsarparamisociety.com

www.thitsarparami.org



နောက်ဆုံးတော့ ...

## နတ်ပြဟ္မာဖြစ်ရသည်ထက်လည်းမြတ်သည်။

သဂ္ဂဿ ဂမနေန ဝါ ဝရံ၊

သောတာပန်ဖြစ်ရတာ နတ်ပြည် ဗြဟ္မာပြည်သို့ ရောက်ရခြင်းထက်လည်း သာလွန်ကောင်းမြတ်လှပေ၏။

သောတာပန်အဖြစ် သောတာပတ္တိဖိုလ်သည် စတုမဟာရာဇ်၊ တာဝတိံသာ အစရှိသော နတ်ပြည်-၆-ထပ် ရောက်ရသည်ထက်လည်း မြင့်မြတ်လှပါပေသည်။ ဗြဟ္မာ့ပြည် ရောက်ရသည်ထက်လည်း မြင့်မြတ်လှပါပေသည်ဟု မြတ်စွာဘုရား ဆက်လက်မိန့်တော်မူပါသည်။

မြင့်မြတ်ပုံမှာ-စတုမဟာရာဇ်နတ်ဘုံသည် လူ့ဘုံထက် သက်တမ်းအားဖြင့်လည်း အများကြီးသာပါသည်။ အဆင်း၊ အသုံးအဆောင် စသည်အားဖြင့်လည်း အများကြီးသာပါသည်။ လူ့ပြည်က အနှစ်(၅၀)သည် စတုမဟာရာဇ်နတ်ဘုံ၏ (၁)ရက်နှင့် တူညီသဖြင့် လူတို့၏နှစ်ဖြင့်ဆိုလျှင် စတုမဟာရာဇ် နတ်တို့၏သက်တမ်းသည် နှစ်ပေါင်းကိုးသန်း ရှိပါသည်။

သက်တမ်းအားဖြင့် နှစ်(၁၀၀)ရှိသော လူ့သက်တမ်း၏ အဆပေါင်းကိုးသောင်း သာလွန်သကဲ့သို့ အဆင်း၊ ချမ်းသာ စသည်တို့မှာလည်း စတုမဟာရာဇ်နတ်တွေသည် လူတွေထက် လွန်စွာပင် သာလွန်မြင့်မြတ်ကြပါပေသည်။

www.thitsarparamisociety.com

www.thitsarparami.org



- တာဝတိံသာနတ်တို့သည် စတုမဟာရာဇ်နတ်တို့ထက် သက်တမ်းလေးဆ၊
- ယာမာနတ်တို့သည် တာဝတိံသာနတ်တို့ထက် သက်တမ်း လေးဆ၊
- တုသိတာနတ်တို့သည် ယာမာနတ်တို့ထက် သက်တမ်း လေးဆ၊
- နိမ္မာနရတိနတ်တို့သည် တုသိတာနတ်တို့ထက် သက်တမ်း လေးဆ၊
- ပရနိမ္မိတဝသဝတ္တီနတ်တို့သည် နိမ္မာနရတိ နတ်တို့ထက် သက်တမ်း လေးဆ၊

စသည်ဖြင့် နတ်တို့၏သက်တမ်းသည် လူတို့၏ သက်တမ်း အားဖြင့် အလွန်တရာ သာလွန်သကဲ့သို့ အဆင်း၊ ချမ်းသာ စသည် အားဖြင့်လည်း လူတို့ထက် အဆသန်းပေါင်းများစွာ သာလွန် မြင့်မြတ်ကြပါပေသည်။

www.thitsarparamisociety.com

www.thitsarparami.org



## ထိုနတ်တို့၏ စည်းစိမ်ချမ်းသာထက်
## သောတာပတ္တိဖိုလ်က
## သာလွန်မြင့်မြတ်လှပါပေသည်။

နတ်တွေသည် ၎င်းတို့၏သက်တမ်းရှိသမျှသာ ချမ်းသာနိုင်ကြပါသည်။ သက်တမ်းကုန်ဆုံးသည့်အခါ အပါယ်လေးပါးလည်း ကျရောက်သွားနိုင်ပါသည်။ အိုခြင်း၊ နာခြင်း၊ သေခြင်း အစရှိသော သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ဖို့အရာမှာလည်း အပိုင်းအခြား မရှိသေးပါ။

သောတာပန်ပုဂ္ဂိုလ်သည် အပါယ်လေးပါးမှလည်း လုံးဝလွန်မြောက်လွတ်မြောက်ပေပြီ။ အိုခြင်း အစရှိသော သံသရာဝဋ်ဆင်းရဲကိုလည်း အများဆုံး (၇)ဘဝသာ ခံစားရပြီး၊ (၇)ဘဝမြောက်မှာ အထက်မဂ်/ဖိုလ်များကို ရရှိပြီးကာ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်ဝင်ရမှာ ဖြစ်ပါပေသည်။

သို့ဖြစ်၍ သောတာပန်ပုဂ္ဂိုလ်သည် နတ်ဗြဟ္မာတွေထက် သာလွန်မြင့်မြတ်ခြင်း ဖြစ်ပေသည်။

ဗြဟ္မာတွေသည် ကာမဂုဏ်ကို ခံစားလိုသောစိတ် မရှိပါ။ အလွန်တရာပင် ချမ်းသာလှပါပေသည်။ သက်တမ်းအားဖြင့်လည်း ကမ္ဘာနှင့်ချီပြီး ရှည်ကြာပါသည်။ ကမ္ဘာ၏ သုံးပုံတစ်ပုံခန့်မှ ကမ္ဘာပေါင်းရှစ်သောင်းလေးထောင်အထိပင် အသက်ရှည်ကြပါသည်။

www.thitsarparamisociety.com

www.thitsarparami.org



ထိုဗြဟ္မာတွေမှာ ကိုယ်ဆင်းရဲလည်း မရှိပါ။ စိတ်ဆင်းရဲလည်း မရှိပါ။ အလွန်တရာပင် ချမ်းသာကြပါပေသည်။ ထိုဗြဟ္မာချမ်းသာထက်လည်း သောတာပန်အဖြစ်က သာလွန်မြင့်မြတ်ပါသည်။

ပုထုဇဉ်ဗြဟ္မာဆိုလျှင် လူ့သက်တမ်းကုန်သည့်အခါ ကာမဘုံသို့ ပြန်ရောက်လာရပါသည်။ ကာမဘုံမှာ မကောင်းမှုကိုပြုမိလျှင် အပါယ်လေးပါးလည်း ကျရောက်နိုင်ပါသေးသည်။ မရေမတွက်နိုင်အောင် ရှည်လျားလှတဲ့ သံသရာဘဝတွေမှာ အိုခြင်း၊ သေခြင်း အစရှိသော ဒုက္ခဆင်းရဲများကိုလည်း ခံစားနေရဦးမည်ဖြစ်ပေသည်။

သောတာပန်ကတော့ အထက်တွင် တင်ပြခဲ့သည့်အတိုင်း အပါယ်လည်း လုံးဝ မကျရောက်တော့ပါ။ ခုနစ်ဘဝထက် ပိုလွန်ပြီး သံသရာဝဋ်ဆင်းရဲကို မခံစားရတော့ပါ။ ခုနစ်ဘဝမြောက်မှာ ဆင်းရဲခပ်သိမ်းငြိမ်းသည့် အနုပါဒိသေသနိဗ္ဗာန်ကို ဝင်ရတော့မည် ဖြစ်ပေသည်။ ထို့ကြောင့် သောတာပန်သည် အလွန်တရာပင် သာလွန်မြင့်မြတ်လှပါပေသည်။

www.thitsarparamisociety.com

www.thitsarparami.org



## ဗြဟ္မာမင်းကြီးဖြစ်ရသည်ထက်လည်း မြတ်သည်

**သဗ္ဗလောကာဓိပစ္စေန ဝါ ဝရံ၊**

တစ်လောကလုံးကို အစိုးရသည့် **ဗြဟ္မာမင်းကြီးအဖြစ်ထက်လည်း သောတာပန်က သာလွန်ကောင်းမြတ်လှသည်** ဟုလည်း မြတ်စွာဘုရားက ထပ်မံဟောထားပါသေးသည်။

မဟာဗြဟ္မာမင်းကြီးသည် ဗြဟ္မာတွေထဲမှာ အကြီးအမြတ်ဆုံးဖြစ်သော ဗြဟ္မာကြီး ဖြစ်ပါသည်။ ထိုဗြဟ္မာကြီးတွေလည်း ပုထုဇဉ်ဆိုလျှင် အပါယ်လေးပါးမှ မလွတ်သေးပါ၊ သံသရာဘဝဆင်းရဲတွေကိုလည်း အကန့်အသတ်၊ အပိုင်းအခြားမရှိ ခံစားနေရပါဦးမည်။

သောတာပန်သည် အပါယ်လေးပါးမှ လုံးဝလွတ်ပြီး၊ သံသရာဘဝဆင်းရဲကိုလည်း အများဆုံး ခုနစ်ဘဝသာ ခံစားရမည်၊ ခုနစ်ခုမြောက်ဘဝမှာ ရဟန္တာဖြစ်ပြီး ဆင်းရဲခပ်သိမ်းငြိမ်းပါတော့မည်။

ထို့ကြောင့် သောတာပန်အဖြစ် သောတာပတ္တိဖိုလ်သည် ဗြဟ္မာမင်းကြီးအဖြစ်ထက်လည်း ပိုမိုသာလွန် မြင့်မြတ်လှပါပေသည်။

www.thitsarparamisociety.com

www.thitsarparami.org

# အခန်း(၅)

# သောတာပန်ဖြစ်ဖို့

# ပုထုဇဉ်အနွယ်ဇာတ်ကို ဖြတ်ကြပါစို့

## အပိုင်း-၁-

www.thitsarparamisociety.com

www.thitsarparami.org

# သောတာပန်ဖြစ်ရန်
# ပြည့်စုံရမည့်တရားလေးမျိုး

ဤသာသနာတော်၌ အရိယာတပည့်သည်

၁။ ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံတော်မူသော ဘုန်းတော်ကြီးလှသော မြတ်စွာဘုရားကို မတုန်မလှုပ် သက်ဝင်ကြည်ညိုခြင်းနှင့် ပြည့်စုံ၏။

၂။ ဂုဏ်တော်ခြောက်ပါးနှင့် ပြည့်စုံသော၊ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သည်အထိ စလယ်ဆုံးကောင်းမွန်စွာ မြတ်စွာဘုရား ဟောကြားတော်မူသော တရားတော်ကို မတုန်မလှုပ် သက်ဝင်ကြည်ညိုခြင်းနှင့် ပြည့်စုံ၏။

၃။ မြတ်စွာဘုရား၏ သားတော်များ ဖြစ်ကြသော ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံသော သံဃာတော်များကို မတုန်မလှုပ် သက်ဝင်ကြည်ညိုခြင်းနှင့် ပြည့်စုံ၏။

၄။ မြတ်စွာဘုရား ကောင်းမွန်စွာ ကျင့်သုံးဆောက်တည်စေအပ်သော အရိယာတို့ နှစ်သက်အပ်ကုန်သော သီလနှင့် ပြည့်စုံ၏။

www.thitsarparamisociety.com

www.thitsarparami.org

# အခန်း(၅)
# သောတာပန်ဖြစ်ဖို့ ပုထုဇဉ်အနွယ်ဇာတ်ကို ဖြတ်ကြပါစို့
## အပိုင်း–၁–

နိဗ္ဗာန်ကို မျက်မှောက်ပြုရန် ကြိုးပမ်းအားထုတ်နေကြသော ဗုဒ္ဓဘာသာဝင် သူတော်ကောင်း သူတော်စင်တို့သည် ဆင်းရဲခပ်သိမ်း ချုပ်ငြိမ်းသည့် အနုပါဒိသေသနိဗ္ဗာန်ကို ဝင်စံရမည့်ရဟန္တာဖြစ်ရန်အတွက် သောတာပန်ပုဂ္ဂိုလ်ဖြစ်အောင် ဦးစွာကြိုးပမ်းအားထုတ်ကြရပါမည်။

အခန်း(၁)တွင် ပထမဦးစွာသော ဓမ္မစကြာအမှတ်တရည၏ သောတာပန်(၂)ဦးအကြောင်းကို တင်ပြခဲ့ပါသည်။ မြတ်ဗုဒ္ဓ၏ သာသနာတော်တွင်သာဖြစ်နိုင်သည့် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်နှင့် ရဟန္တာအဖြစ် မရေမတွက်နိုင်သော အရိယာသူတော်စင်တို့လည်း ဤသာသနာတော်တွင် ဖြစ်ထွန်းခဲ့ကြပြီးဖြစ်သည်။

ထိုအရိယာသူတော်စင်များကို နည်းယူ၍ မိမိတို့သည်လည်း အရိယာမဂ်ဟူသော ရေအယဉ်သို့ရောက်သည့် မြတ်သောသောတာပန်ဖြစ်ရန် ရည်မှန်းချက်ပန်းတိုင်ထားရှိရန်အတွက် တိုက်တွန်းအားပေးခဲ့ပါသည်။

www.thitsarparamisociety.com

www.thitsarparami.org



အခန်း(၂)တွင် မိမိတို့ကျော်ဖြတ်ရမည့် ပုထုဇဉ်၏ သဘော သဘာဝအနည်းငယ်ကို တင်ပြခဲ့ပြီး၊ အခန်း(၃)တွင် သောတာပန် ပုဂ္ဂိုလ်ဖြစ်ရန် ကြိုးပမ်းအားထုတ်နေကြသည့် ဗုဒ္ဓဘာသာဝင် သူတော်ကောင်းသူတော်စင်များ သောတာပန်ဖြစ်ရန် အမှန်တကယ် ကိုးကွယ်ကြည်ညို မှီခိုအားထားနိုင်သော ဗုဒ္ဓမြတ်စွာနှင့် ဗုဒ္ဓ မြတ်စွာ၏ သာသနာတော်အကြောင်းကို လိုရင်းမျှ တင်ပြခဲ့ ပါသည်။

အခန်း(၄)တွင် မြတ်သော သောတာပန်အကြောင်းကို တင်ပြခဲ့ပါသည်။

ဆက်လက်၍ သံယုတ္တနိကာယ်ဝင် သုတ္တန်ပိဋကတ် မဟာ ဝဂ္ဂသံယုတ်ပါဠိတော်(မြန်မာပြန်)တွင် မြတ်စွာဘုရားဟောကြား တော်မူသော သောတာပန်ဖြစ်ကြောင်းတရားများကို သောတာ ပတ္တိသံယုတ်မှ ကောက်နုတ်တင်ပြပါမည်။

သောတာပတ္တိသံယုတ်တွင် မြတ်စွာဘုရားဟောကြားတော် မူသောတရားများမှာ တရားနာပုဂ္ဂိုလ်တို့၏ သံသရာဝဋ်ဆင်းရဲ မှ လွတ်မြောက်ရေးအတွက် အခြေခံကျသော လက်တွေ့ကျင့်သုံး ဖွယ် တရားများပင် ဖြစ်ပေသည်။

www.thitsarparamisociety.com

www.thitsarparami.org



## သောတာပန်ဖြစ်ရန် တရား (၄) မျိုး

မြတ်စွာဘုရားသည် သောတာပတ္တိသံယုတ်၊ ဖြဟ္မစရိယောဂဓသုတ်တွင် သောတာပန်ဖြစ်ကြောင်းတရားကို ဤသို့ ဟောကြားတော်မူခဲ့ပါသည်။

ရဟန်းတို့-

တရားလေးမျိုးတို့နှင့် ပြည့်စုံသော အရိယာတပည့်သည် အပါယ်လေးပါးသို့ ပျက်စီးကျရောက်ခြင်း မရှိသော၊ ကိန်းသေလျှင် အထက်မဂ်သုံးပါးဖြစ်သော သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ်တို့၌သာ လဲလျောင်းရာရှိသော သောတာပန် ဖြစ်၏။

**သောတာပန်ဖြစ်ရန် တရားလေးမျိုးမှာ-**

**၁။ ဗုဒ္ဓမြတ်စွာကို မတုန်မလှုပ် သက်ဝင်ကြည်ညိုခြင်း။**

ဤသာသနာတော်၌ အရိယာတပည့်သည် "မြတ်စွာဘုရားကို ဤသို့ မတုန်မလှုပ် သက်ဝင်ကြည်ညိုခြင်းနှင့် ပြည့်စုံ၏"။

- မြတ်စွာဘုရားသည်ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့် "**အရဟံ**" မည်တော်မူ၏။
- အလုံးစုံသော တရားတို့ကို ကိုယ်တော်တိုင် မှန်စွာသိတော်မူသောကြောင့်လည်း "**သမ္မာသမ္ဗုဒ္ဓေါ**" မည်တော်မူ၏။

www.thitsarparamisociety.com

www.thitsarparami.org



- အသိဉာဏ်(ဝိဇ္ဇာ)နှင့် အကျင့်(စရဏ)တို့ ပြည့်စုံတော်မူခြင်းကြောင့်လည်း **"ဝိဇ္ဇာစရဏသမ္ပန္န"** မည်တော်မူ၏။

- ကောင်းသောစကားတော်ကိုသာ ဆိုတော်မူခြင်းကြောင့်လည်း **"သုဂတ"** မည်တော်မူ၏။

- လောက (၃) ပါးကို သိတော်မူသောကြောင့်လည်း **"လောကဝိဒူ"** မည်တော်မူ၏။

- ဆုံးမထိုက်သူကို ဆုံးမရာ၌ အတုမဲ့ပုဂ္ဂိုလ်ဖြစ်တော်မူသောကြောင့်လည်း **"အနုတ္တရောပုရိသ ဒမ္မသာရထိ"** မည်တော်မူ၏။

- နတ်လူတို့၏ ဆရာတစ်ဆူ ဖြစ်တော်မူသောကြောင့်လည်း **"သတ္ထာဒေဝမနုဿာနံ"** မည်တော်မူ၏။

- သစ္စာလေးပါး အမှန်တရားတို့ကို သိစေတော်မူနိုင်သောကြောင့်လည်း **"ဗုဒ္ဓ"** မည်တော်မူ၏။

- ဘုန်းတန်ခိုးကြီးတော်မူသောကြောင့် **"ဘဂဝါ"** မည်တော်မူ၏။

ဟု မြတ်စွာဘုရားကို မတုန်မလှုပ် သက်ဝင်ကြည်ညိုခြင်းနှင့် ပြည့်စုံသူဖြစ်၏။

www.thitsarparamisociety.com

www.thitsarparami.org



## ၂။ ဓမ္မတရားတော်ကို မတုန်မလှုပ် သက်ဝင်ကြည်ညိုခြင်း

ဤသာသနာတော်၌ အရိယာတပည့်သည် "နိဗ္ဗာန်တိုင်အောင် ရောက်ရှိနိုင်ရန် မြတ်စွာဘုရား ဟောကြားတော်မူသည့် တရားတော်ကိုလည်း ဤသို့ မတုန်မလှုပ် သက်ဝင်ကြည်ညိုခြင်းနှင့် ပြည့်စုံ၏"-

- တရားတော်သည် မြတ်စွာဘုရား ကောင်းမွန်စွာ ပြည့်စုံစွာ ဟောကြားထားတော်မူသော တရားတော် ဖြစ်ပါပေ၏။

  (နာစဉ်ချမ်းသာ၊ ကျင့်စဉ်ချမ်းသာ၍ ချမ်းသာမြတ်မွန် မြတ်နိဗ္ဗာန်ဟု သုံးတန်ကောင်းခြင်းဖြင့် ပြည့်စုံလျှင်းအောင် ရှင်းလင်းဟောကြားတော်မူအပ်သော တရားတော်မြတ် ဖြစ်ပါပေ၏)။

- ကိုယ်တိုင်သိမြင်နိုင်သော တရားတော် ဖြစ်ပါပေ၏။

  (သူတစ်ပါး ပြောကြားစကားနှင့်မျှ မယုံရဘဲ ကျန ကိုယ်တိုင်သိမြင်နိုင်သော တရားတော်မြတ် ဖြစ်ပါပေ၏)။

- အခါမလင့် အကျိုးပေးတတ်သော တရားတော် ဖြစ်ပါပေ၏။

www.thitsarparamisociety.com

www.thitsarparami.org



(အချိန်မလင့် မဖင့်မနှေး ချက်ချင်း အကျိုးပေးတော်မူသော တရားတော်မြတ် ဖြစ်ပါပေ၏)။

- လာလှည့်၊ ရှုလှည့်ဟု ပြထိုက်သော တရားတော် ဖြစ်ပါပေ၏။

(လာခဲ့ပါ၊ ရှုလှည့်ပါဟု ဝမ်းသာရွှင်လိုက် ဖိတ်ခေါ်ထိုက်သော တရားတော်မြတ် ဖြစ်ပါပေ၏)။

- မိမိ၏ ကိုယ်ထဲ စိတ်ထဲ၌ ဆောင်ယူရန်ထိုက်သော တရားတော် ဖြစ်ပါပေ၏။

(စိတ်ထဲရောက်အောင် ကပ်ဆောင်ထားထိုက်သော တရားတော်မြတ် ဖြစ်ပါပေ၏)။

- အရိယာပညာရှိတို့သာ ကိုယ်စီကိုယ်ငသိနိုင် ခံစားနိုင်သော တရားတော် ဖြစ်ပါပေ၏။

(မြတ်စွာဘုရား ဟောကြားတော်မူသည့် မဂ်လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန်အားဖြင့် ကိုးပါးသော လောကုတ္တရာ တရားတော်မြတ်သည် အရိယာပုဂ္ဂိုလ်သူတော်စင်များ သည်သာလျှင် သိရခံစားရသော တရားတော်မြတ် ဖြစ်ပါပေ၏)။

www.thitsarparamisociety.com

www.thitsarparami.org



ဟု မြတ်စွာဘုရား စလယ်ဆုံး ကောင်းမွန်စွာ ဟောကြားထားတော်မူသော နိဗ္ဗာန်ရောက်ကြောင်း တရားတော်မြတ်၌ မတုန်မလှုပ် သက်ဝင်ကြည်ညိုခြင်းနှင့် ပြည့်စုံသူဖြစ်၏။

## ၃။ သံဃာတော်ကို မတုန်မလှုပ်သက်ဝင်ကြည်ညိုခြင်း

ဤသာသနာတော်၌ အရိယာတပည့်သည် "မြတ်စွာဘုရား၏ သားတော်များဖြစ်ကြသော အရိယာသံဃာတော်များ၊ အရိယာဖြစ်ရန် ကျင့်ကြံနေဆဲ သံဃာတော်များကိုလည်း ဤသို့ မတုန်မလှုပ် သက်ဝင်ကြည်ညိုခြင်းနှင့် ပြည့်စုံ၏"-

- မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် ကောင်းသောအကျင့် ရှိတော်မူပါပေ၏။

  (ကိလေသာငြိမ်းကြောင်း တရားများကို ကောင်းစွာ ကျင့်ကြံတော်မူပါပေ၏)။

- မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် ဖြောင့်မတ်သောအကျင့် ရှိတော်မူပါပေ၏။

  (သာဋ္ဌေ မာယာ ကင်းစင်ကွာ၍ ဖြောင့်မှန်စွာ ကျင့်ကြံတော်မူပါပေ၏)။

- မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် မှန်ကန်သောအကျင့် ရှိတော်မူပါပေ၏။

www.thitsarparamisociety.com

www.thitsarparami.org



(နိဗ္ဗာန်အကျိုးကို မျှော်ကိုးရည်သန်၍ ကျင့်ကြံတော်မူပါပေ၏)။

- မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် လျော်ကန်သောအကျင့် ရှိတော်မူပါပေ၏။

(မဂ္ဂင်ရှစ်ရပ် အကျင့်မြတ်ဖြင့် တုပ်ဝပ်ရိုသေ လျော်ကန်စွာ ကျင့်ကြံတော်မူပါပေ၏)။

- အစုံအားဖြင့် လေးစုံ၊ ပုဂ္ဂိုလ်အားဖြင့် ရှစ်ပါး အရေအတွက် ရှိသော မြတ်စွာဘုရား၏ တပည့်သား သံဃာတော်

(အစုံလေးပါး၊ သီးခြားရှစ်ဖော်၊ မြတ်စွာဘုရား၏ တပည့်သားမော် အရိယာသံဃာတော်) တို့ကို

- အဝေးမှဆောင်ယူ ပစ္စည်းများကိုမူလည်း ပေးလှူခြင်းငှာ ထိုက်တော်မူပါပေ၏။

- ဧည့်သည်ဖို့ရာ ဆောင်ထားပစ္စည်းများပင် ပေးလှူခြင်းငှာ ထိုက်တော်မူပါပေ၏။

- တမလွန်စခန်း ကောင်းဖို့ရည်မှန်း၍ လှူဒါန်းခြင်းငှာ ထိုက်တော်မူပါပေ၏။

- ရှိသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးခြင်းငှာ ထိုက်တန်တော်မူပါပေ၏။

www.thitsarparamisociety.com

www.thitsarparami.org



- နတ်လူအများ ကောင်းမှုပွားဖို့ ကြဲထားပျိုးချ တုမရ သည့် ကောင်းလှလယ်မြေယာမြေပမာ ဖြစ်တော်မူပါ ပေ၏။

ဟု မြတ်စွာဘုရား၏ သားတော်များ ဖြစ်ကြသော အစုံ ရှစ်ဖော် အရိယာသံဃာတော်များနှင့် အရိယာဖြစ်ရန် ကျင့်ကြံ နေဆဲ သံဃာတော်များ၌ မတုန်မလှုပ် သက်ဝင်ကြည်ညိုခြင်းနှင့် ပြည့်စုံသူဖြစ်၏။

## ၄။ အရိယာတို့ နှစ်သက်အပ်သော သီလနှင့် ပြည့်စုံခြင်း

ဤသာသနာတော်၌ အရိယာတပည့်သည် မြတ်စွာဘုရား ကောင်းမွန်စွာ ကျင့်သုံးဆောက်တည်စေအပ်သော

- မကျိုးမပေါက်၊
- မပြောက်မကျားကုန်သော၊
- တဏှာကျွန်အဖြစ်မှ လွတ်မြောက်စေကုန်သော၊
- ပညာရှိတို့ ချီးမွမ်းအပ်သော၊
- မှားသောအားဖြင့် မသုံးသပ်အပ်ကုန်သော၊
- တည်ကြည်မှုသမာဓိကို ဖြစ်စေတတ်ကုန်သော၊

www.thitsarparamisociety.com

www.thitsarparami.org



- အရိယာတို့ နှစ်သက်အပ်ကုန်သော "သီလ" တို့နှင့် ပြည့်စုံသူဖြစ်၏။

ရဟန်းတို့

ဤဆိုခဲ့ပြီးသော တရား(၄)မျိုးတို့နှင့် ပြည့်စုံသော ကျင့်ဆဲ အရိယာတပည့်သည် အပါယ်လေးပါးသို့ ပျက်စီးကျရောက်ခြင်း မရှိသော ကိန်းသေလျှင် အထက်မဂ်သုံးပါးလျှင် လဲလျောင်းရာ ရှိသော သောတာပန်ဖြစ်၏ဟု မြတ်စွာဘုရား ဟောကြားတော်မူ ခဲ့ပါပေ၏။

www.thitsarparamisociety.com

www.thitsarparami.org



## သောတာပန်ပုဂ္ဂိုလ်များ

မြတ်စွာဘုရား၏ တရားဦးဒေသနာဖြစ်တော်မူသော ဓမ္မစကြာတရားတော်မြတ်ကို ဦးစွာနာကြားရသူ အရှင်ကောဏ္ဍညသည် သောတာပန် ဖြစ်ခဲ့ပြီ။

မြတ်စွာဘုရား၏ဂုဏ်တော်များကို ကြားနာရင်း ကြည်ညိုမှတ်သားဖွယ်၊ ကျင့်သုံးဖွယ်တရားစကားကို ကြားနာရသည်နှင့် အမျိုးသမီးကာဠီသည် သောတာပန်ဖြစ်ခဲ့ပြီ။

ဗုဒ္ဓမြတ်စွာသည်-

- မြတ်စွာဘုရား၌ မတုန်မလှုပ် သက်ဝင်ကြည်ညိုခြင်း၊
- မြတ်စွာဘုရား ကောင်းစွာ ဟောကြားထားတော်မူသော တရားတော်၌ မတုန်မလှုပ် သက်ဝင်ကြည်ညိုခြင်း၊
- မြတ်စွာဘုရား၏ သားတော်များ ဖြစ်ကြသော သံဃာတော်များ၌ မတုန်မလှုပ် သက်ဝင်ကြည်ညိုခြင်း၊
- အရိယာတို့ နှစ်သက်အပ်သော သီလဖြင့် ပြည့်စုံခြင်း၊

www.thitsarparamisociety.com

www.thitsarparami.org



စသည့် တရားလေးမျိုးနှင့် ပြည့်စုံသူသည် သောတာပန် ဖြစ်၏ဟု သုတ္တန်ပိဋကတ်၊ မဟာဝဂ္ဂသံယုတ်ပါဠိတော်၊ သောတာ ပတ္တိသံယုတ်တွင် အကျယ်တဝင့် မိန့်တော်မူခဲ့ပေသည်။

ထိုသို့ မိန့်တော်မူသည်နှင့်အညီ မြတ်စွာဘုရား ဝေဠုဝန် ကျောင်းတွင် သီတင်းသုံးနေတော်မူစဉ် ဒီဃာဝု ဥပါသကာအား သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်အဖြစ်သို့ ဆိုက်ရောက် စေရန် ဟောကြားတော်မူသော သောတာပတ္တိသံယုတ်၊ ဒီဃာဝု ဥပါသကသုတ်ကို ဆက်လက်တင်ပြပါမည်။

www.thitsarparamisociety.com

www.thitsarparami.org



## ဒီဃာဝု ဥပါသကာသုတ်

အခါတစ်ပါး၌ မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်းတော်ကြီး၌ သီတင်းသုံးနေတော်မူစဉ် ဒီဃာဝုအမည်ရှိသော ဥပါသကာသည် ပြင်းထန်စွာ အလွန်အမင်း မကျန်းမမာ ဖြစ်နေ၏။

ထိုအခါ မြတ်စွာဘုရားထံ ဒီဃာဝု၏ ပန်ကြားချက်အရ ဖခင်ဖြစ်သော ဇောတိကသူကြွယ်သည် မြတ်စွာဘုရားအား ပြင်းထန်စွာ အနာရောဂါနှိပ်စက်ခံနေရသည့် ဥပါသကာဒီဃာဝုမှ မြတ်စွာဘုရား၏ တရားတော်ကို နာယူလိုပါသဖြင့် နေအိမ်သို့ ကြွရောက်တော်မူပါရန် ရိုသေစွာ လျှောက်ထားပါသည်။

မြတ်စွာဘုရားသည် သပိတ်သင်္ကန်းတို့ကို ဆောင်ယူလျက် ဒီဃာဝုဥပါသကာ၏ နေအိမ်သို့ရောက်ရှိ၍ ခင်းထားသောနေရာ၌ ထိုင်နေတော်မူပြီးလျှင် ဒီဃာဝုဥပါသကာအား ဤသို့ တရားဟောကြား မိန့်တော်မူပါသည်။

www.thitsarparamisociety.com

www.thitsarparami.org



ဒီဃာဝု-

သင့်အား နှိပ်စက်နေသော ဝေဒနာတို့သည် ဆုတ်ယုတ်ကုန်သည်မရှိဘဲ တိုး၍တိုး၍သာတိုးပွား၍ နှိပ်စက်နေပါက သင်သည် ဤသို့ ကျင့်ကြံရမည်-

၁။ အရဟံ အစရှိသော ဂုဏ်တော်ကိုးပါးဖြင့် ပြည့်စုံသော မြတ်စွာဘုရား၌ မတုန်မလှုပ် သက်ဝင်ကြည်ညိုခြင်းနှင့် ပြည့်စုံသူ ဖြစ်ရမည်။

၂။ သွာက္ခာတော ဘဂဝတာ ဓမ္မော အစရှိသော ဂုဏ်တော်ခြောက်ပါးဖြင့် ပြည့်စုံသော တရားတော်၌ မတုန်မလှုပ် သက်ဝင်ကြည်ညိုခြင်းနှင့် ပြည့်စုံသူ ဖြစ်ရမည်။

၃။ သုပ္ပဋိပန္နော အစရှိသော ဂုဏ်တော်ကိုးပါးဖြင့် ပြည့်စုံသော သံဃာတော်၌ မတုန်မလှုပ် သက်ဝင်ကြည်ညိုခြင်းနှင့် ပြည့်စုံသူ ဖြစ်ရမည်၊

၄။ အရိယာတို့ နှစ်သက်အပ်သော သီလနှင့် ပြည့်စုံသူ ဖြစ်ရမည်။

www.thitsarparamisociety.com

www.thitsarparami.org



မြတ်စွာဘုရား၏ ဆိုဆုံးမသော တရားတော်ကို ကြားနာရသော ဒီဃာဝုဥပါသကာက ဤသို့ လျှောက်ထားပါသည်။

**အရှင်ဘုရား၊ တပည့်တော်သည် မြတ်စွာဘုရား ဟောကြားတော်မူအပ်သော သောတာပန်၏ အင်္ဂါလေးမျိုးနှင့် ပြည့်စုံသူဖြစ်ပါ၏။ တပည့်တော်သည် ထိုတရားလေးမျိုးတို့၌ ထင်မြင်သူဖြစ်ပါ၏။**

မြတ်စွာဘုရားက ဤသို့ ဆက်လက်မိန့်တော်မူသည်။

ဒီဃာဝု၊ သို့ဖြစ်လျှင်

**သင်သည် သောတာပန် အင်္ဂါလေးမျိုးတို့၌ တည်ပြီးဖြစ်ပါသည်။**

**သောတာပန် အင်္ဂါလေးမျိုးတို့နှင့် ပြည့်စုံသူသည် ဝိဇ္ဇာ (မဂ်ဉာဏ်)အတွက် ဆက်လက်၍ တရား(၆)ပါးတို့ကို တစ်ဆင့်တက်၍ ပွားများရာ၏။**

www.thitsarparamisociety.com

www.thitsarparami.org



## အနာဂါမ်ဒီဃာဝုဉပါသကာ

ဒီဃာဝုဉပါသကာသည် သောတာပန် အင်္ဂါလေးမျိုးနှင့် ပြည့်စုံအောင် ကျင့်ကြံအားထုတ်သူဖြစ်၍ သောတာပန် ဖြစ်ပြီဟု မြတ်စွာဘုရားသိတော်မူသဖြင့် အနာရောဂါ နှိပ်စက်ခံနေရသော ဒီဃာဝုအား ၎င်း၏ နောက်ဆုံးအချိန်တွင် အထက်မဂ်များအတွက် တစ်ဆင့်တက်၍ ဆက်လက်အားထုတ်ရမည့် မြတ်စွာဘုရား ဟောကြားတော်မူသော တရား(၆)ပါးတို့ကို ဤနေရာတွင် အလျဉ်းသင့်၍ တစ်ဆက်တစ်စပ်တည်းဖြစ်စေရန် တင်ပြပါရစေ။

မြတ်စွာဘုရားက ဤသို့ ဆက်လက်ဟောတော်မူပါသည်။

ဒီဃာဝု -

**သောတာပန်အင်္ဂါလေးမျိုးတို့၌ တည်ပြီးဖြစ်သော သင်သည် ဝိဇ္ဇာ(မဂ်ဉာဏ်)အလို့ငှာ တစ်ဆင့်တက်၍ တရား(၆) ပါးတို့ကို ပွားများရာ၏-**

www.thitsarparamisociety.com

www.thitsarparami.org



## ဝိပဿနာ (မဂ်ဉာဏ်) အလို့ငှာ ပွားများရမည့် တရား (၆)ပါး

၁။ အလုံးစုံသော သင်္ခါရတရားတို့၌ မမြဲဟု အဖန်ဖန် တလဲလဲ ရှု၍နေရမည်။

၂။ ထိုမမြဲသော သင်္ခါရတရားတို့သည် ဆင်းရဲ၏ဟု ရှု၍ နေရမည်။

၃။ ထိုဆင်းရဲသော သင်္ခါရတရားတို့ကို အတ္တမဟုတ်ဟု ရှု၍နေရမည်။

၄။ ထိုဆင်းရဲသော သင်္ခါရတရားတို့ကို ပယ်စွန့်မည်ဟု ရှု၍နေရမည်။

၅။ ထိုဆင်းရဲသော သင်္ခါရတရားတို့အပေါ် စွဲမက်မှု ကင်းစေရမည်ဟု ရှု၍နေရမည်။

၆။ ထိုဆင်းရဲသော သင်္ခါရတရားတို့ ချုပ်ငြိမ်းစေရန် ရှု၍နေရမည်။

www.thitsarparamisociety.com

www.thitsarparami.org



ဒီဃာဝု

သင်သည် ထို(၆)မျိုးသော တရားတို့ကို ဤသို့လျှင် ကျင့်ရမည်ဟု မြတ်စွာဘုရား မိန့်တော်မူ၏။

မြတ်စွာဘုရားက ဒီဃာဝုဥပါသကာကို ထိုသို့ မိန့်တော်မူလျှင် ဒီဃာဝုက မြတ်စွာဘုရားကို ပြန်လည်လျှောက်ထားသည်မှာ-

အရှင်ဘုရား

မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ဝိဇ္ဇာ (မဂ်ဉာဏ်)အတွက် ဆက်လက်အားထုတ်ရမည့် တရား(၆)ပါးတို့သည် တပည့်တော်၌ ရှိပါကုန်၏။ တပည့်တော်သည်လည်း ထိုတရားတို့၌ အရှင်ဘုရား ဟောကြားတော်မူသည့်အတိုင်း ထင်မြင်ပါပေ၏။

အရှင်ဘုရားကို တပည့်တော် လျှောက်ထားပါရစေဘုရား။

တပည့်တော်၏ ဖခင်ဖြစ်သူ ဇောတိကသူကြွယ်သည် တပည့်တော်ကွယ်လွန်သဖြင့် ဆင်းရဲခြင်းသို့ မရောက်ပါစေလင့်ဟု တပည့်တော်အား အကြံဖြစ်မိပါသည်ဟု ရှိသေစွာ လျှောက်ထားပါသည်။

www.thitsarparamisociety.com

www.thitsarparami.org



## ကွယ်လွန်ခါနီး နှလုံးမသွင်းသင့်သောအရာနှင့် နှလုံးသွင်းသင့်သောအရာ

ဇောတိကသူကြွယ်က ''ဒီဃာဝု၊ သင်သည် ဖခင်အတွက် စိုးရိမ်သောကဖြစ်သည့်အကြံကို နှလုံးမသွင်းပါနှင့်။

**ချစ်သား ဒီဃာဝု၊ ဖခင် တိုက်တွန်းပါ၏။ မြတ်စွာဘုရား ဟောကြားသည့် တရား(၆)မျိုးကိုသာ သင်သည် ကောင်းစွာ နှလုံးသွင်းလော့'' ဟု သားဖြစ်သူကို ဆုံးမပါသည်။**

ဝေဒနာနှိပ်စက်ခံနေရသူ ဒီဃာဝုဥပါသကာသည် မြတ်စွာဘုရား ပြန်ကြွသွားတော်မူပြီး မြတ်စွာဘုရား ဟောကြားတော်မူသောတရား(၆)မျိုးကိုသာ ကောင်းစွာ နှလုံးသွင်းပြီးလျှင် မကြာမီမှာပင် ကောင်းစွာ ကွယ်လွန်လေသည်။

www.thitsarparamisociety.com

www.thitsarparami.org



## အောက်ပိုင်းသံယောဇဉ်ငါးပါးတို့ကုန်ခြင်းကြောင့် ဩပပါတိကဖြစ်ပြီးလျှင် ပရိနိဗ္ဗာန်ပြုမည့် ဒီဃာဝုဥပါသကာ

မြတ်စွာဘုရားအား များစွာသောရဟန်းတို့သည်

အရှင်ဘုရား

မြတ်စွာဘုရားသည် အကျဉ်းမျှဖြင့် ဟောကြားဆုံးမတော်မူအပ်သော ဒီဃာဝုဥပါသကာသည် ကွယ်လွန်ခဲ့ပါပြီ၊ ထိုဥပါသကာ၏ လားရောက်ရာ 'ဂတိ' ကို ဟောကြားတော်မူပါဟု လျှောက်ထားကြကုန်၏။

မြတ်စွာဘုရားက

ရဟန်းတို့

ပညာရှိသော ဒီဃာဝုဥပါသကာသည် နိဗ္ဗာန်အားလျော်သော မဂ်ဖိုလ်တရားကို ရရောက်ခဲ့ပြီ။ တရားဟောပုဂ္ဂိုလ်ဖြစ်သော ငါဘုရားကိုလည်း မပင်ပန်းစေခဲ့ပါ။

ရဟန်းတို့

ဒီဃာဝုဥပါသကာသည် အောက်ပိုင်းသံယောဇဉ်ငါးပါးတို့ကုန်ခြင်းကြောင့် ဩပပါတ်ဘုံ၌ဖြစ်ပြီးလျှင် ပရိနိဗ္ဗာန်ပြုမည့်သူဖြစ်သည်ဟု မိန့်တော်မူလေသည်။

www.thitsarparamisociety.com

www.thitsarparami.org



## သောတာပတ္တိသံယုတ်တွင် ဟောကြားတော်မူသော တရားတော်များ

သောတာပတ္တိသံယုတ်တွင် တရားလေးမျိုးနှင့် ပြည့်စုံသူသည် သောတာပန်ဖြစ်၏ဟု ဟောကြားထားသော တရားတော်များစွာရှိပါသည်။

ထိုတရားတော်များမှာ-

၁။ ပဌမသာရိပုတ္တသုတ်၊

၂။ ဝေဠုဒွါရေယျသုတ်၊

၃။ ပဌမဂိဉ္ဇကာဝသထသုတ်၊

၄။ တတိယဂိဉ္ဇကာဝသထသုတ်၊

၅။ သဟဿဘိက္ခုနိသံဃသုတ်၊

၆။ အာနန္ဒတ္ထေရသုတ်၊

၇။ ပဌမမိတ္တာမစ္စသုတ်၊

၈။ ဒုတိယမိတ္တာမစ္စသုတ်၊

၉။ တတိယဒေဝစာရိကသုတ်၊

၁၀။ ဂေါဓသက္ကသုတ်

www.thitsarparamisociety.com

www.thitsarparami.org



၁၁။ ပဌမအနာထပိဏ္ဍိကသုတ်၊

၁၂။ ဒုတိယအနာထပိဏ္ဍိကသုတ်၊

၁၃။ ပဌမဘယဝေရူပသန္တသုတ်၊

၁၄။ ဒုတိယဘယဝေရူပသန္တသုတ်၊

၁၅။ နန္ဒကလိစ္ဆဝိသုတ်၊

၁၆။ နန္ဒိယသက္ကသုတ်၊

၁၇။ သုဒ္ဓကသုတ်၊

၁၈။ နန္ဒိယသုတ်၊

၁၉။ ဘဒ္ဒိယသုတ်၊

၂၀။ မဟာနာမသုတ်၊

၂၁။ သဂါတကသုတ်၊

၂၂။ ဓမ္မဒိန္နသုတ်

တို့ ဖြစ်ကြပါသည်။

www.thitsarparamisociety.com

www.thitsarparami.org



# သောတာပန်ဖြစ်ဖို့ ပုထုဇဉ်အနွယ်ဇာတ်ကို ဖြတ်ကြပါစို့ (အပိုင်း-၁) အာသီသ

သောတာပန်ဖြစ်ရန် ပုထုဇဉ်အနွယ်ဇာတ်ကို ဖြတ်ကြရန်အတွက် မြတ်စွာဘုရားသည် ဗုဒ္ဓဘာသာဝင် သူတော်ကောင်း၊ သူတော်စင်များ လိုက်နာကျင့်ကြံ ကြိုးပမ်းအားထုတ်ရမည့် လေးမျိုးသောတရားတို့ကို သောတာပတ္တိသံယုတ်တွင် အကျယ်တဝင့် ဟောကြားထားတော်မူလေပြီ။

သို့ဖြစ်၍ ဗုဒ္ဓဘာသာဝင် သူတော်ကောင်း သူတော်စင်တို့သည် မိမိတို့၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သော သောတာပန်ဖြစ်ရန်အတွက် မြတ်ဗုဒ္ဓဟောကြားတော်မူသော ဓမ္မဒေသနာတော်နှင့်အညီ မိမိတို့သန္တာန်တွင် သဒ္ဓါတရားထက်သန်စွာဖြင့် မြတ်ဗုဒ္ဓဟောကြားတော်မူသော တရားလေးမျိုးဖြင့် ပြည့်စုံသူ သောတာပန်ပုဂ္ဂိုလ်များ ဖြစ်နိုင်သည်အထိ ကျင့်ကြံကြိုးပမ်းအားထုတ်နိုင်ကြပါစေ။

www.thitsarparamisociety.com

www.thitsarparami.org

# အခန်း(၆)

# သောတာပန်ဖြစ်ဖို့

# ပုထုဇဉ်အနွယ်ဇာတ်ကိုဖြတ်ကြပါစို့

## အပိုင်း-၂-

www.thitsarparamisociety.com

www.thitsarparami.org

# သီလနှင့် သောတာပန်

- သီလသည် သာသနာတော်၏ အစဖြစ်ပါသည်။
- ကုသိုလ်တရားတို့၏ အစသည် အထူးစင်ကြယ်သော သီလပေတည်း။
- သီလနှင့် ပြည့်စုံခြင်းကြောင့် ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံနိုင်သည်။
- သီလဖြင့် ကာမနှင့်ယှဉ်သော သုခချမ်းသာကို ခံစားသုံးဆောင်သော "ကာမသုခလ္လိကာနုယောဂ" ဟူသော အယုတ်တရားကို ပယ်နိုင်၏။
- သီလဖြင့် အပါယ်လေးဘုံမှ လွတ်မြောက်နိုင်၏။
- သီလဖြင့်တဒင်္ဂ၊ ခေတ္တခဏမျှ ကိလေသာကို ပယ်နိုင်၏။
- သီလသည် ကိုယ်နှုတ်တို့ဖြင့် ကျူးလွန်နိုင်သော ကိလေသာတို့ကို ပယ်နိုင်၏။
- သီလဖြင့် ဒုစရိုက်အညစ်အကြေးတို့ကို သုတ်သင်ဖယ်ရှားနိုင်၏။
- သီလပြည့်စုံခြင်းဖြင့် သောတာပန် ဖြစ်၏။

www.thitsarparamisociety.com

www.thitsarparami.org

# အခန်း(၆)
# သောတာပန်ဖြစ်ဖို့
# ပုထုဇဉ်အနွယ်ဇာတ်ကို ဖြတ်ကြပါစို့
# အပိုင်း-၂-

## ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ မိတ်ဆက်

တင်ပြခဲ့ပြီးသောအပိုင်း-၁-ပါလေးမျိုးသောတရား အနက် "သီလ" နှင့် ဆက်နွယ်၍ အနည်းငယ် ထပ်မံတင်ပြလိုရင်းနှင့် သီလ၊ သမာဓိ၊ ပညာ သိက္ခာ(၃)ရပ်ကို အကျယ်တဝင့် ပြဆိုသော ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာကိုလည်း မိတ်ဆက်တင်ပြလိုပါသဖြင့် ဤအပိုင်း-၂-ကို ဆက်လက်တင်ပြပါရစေ။

## အရှင်မဟာဗုဒ္ဓဃောသမထေရ်သူမြတ်

ယခုရောက်ဆဲ (၂၀၁၁) ခုနှစ်က ပြန်လည်ရေတွက်ကြည့်လျှင် လွန်ခဲ့သော နှစ်ပေါင်း(၁၆၃၀)ခန့် မြတ်စွာဘုရား ပရိနိဗ္ဗာန် စံယူတော်ပြီး နှစ်ပေါင်း (၉၇၀)ခန့်တွင် နောင်ပွင့်လတ္တံ့သော "မေတ္တေယျဘုရားအလောင်းတော်ကြီး" ဟူ၍လည်းကောင်း၊ "ဇမ္ဗူဒီပါတောင်ကျွန်းတွင် ဘုရားငယ်တစ်ဆူကဲ့သို့ ကျော်စောသူ" ဟူ၍လည်းကောင်း အလွန်ထင်ရှားကျော်စောသော အရှင်

www.thitsarparamisociety.com

www.thitsarparami.org



မဟာဗုဒ္ဓဃောသမထေရ်သူမြတ်သည် စာမျက်နှာပေါင်း (၇၂၆) ရှိသော ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာကို ပါဠိဘာသာဖြင့် စီရင်ရေးသားတော်မူပေသည်။

## သာသနာတော် သုံးရပ်

ဗုဒ္ဓမြတ်စွာဘုရား၏ အဆုံးအမဖြစ်သော သာသနာတော်သည်

- လေ့လာသင်ကြားမှု (ပရိယတ္တိသာသနာ)
- ကျင့်ကြံအားထုတ်မှု (ပဋိပတ္တိသာသနာ)
- ထိုးထွင်းသိမြင်မှု (ပဋိဝေဓသာသနာ)

ဟူ၍ သာသနာတော်သုံးရပ် ဖြစ်ပါသည်။

www.thitsarparamisociety.com

www.thitsarparami.org



# ဝိသုဒ္ဓိမဂ်အဋ္ဌကထာကျမ်းကြီး

ဗုဒ္ဓမြတ်စွာဘုရား၏ သာသနာတော်သုံးရပ်တွင်

ဒုတိယ ဖြစ်သည့် ပဋိပတ္တိသာသနာ၌

- ကိုယ်၊ နှုတ်၊ နှလုံးသုံးပါးစလုံးကို ကျင့်သုံးစောင့်ထိန်းမှု (သီလ)

- စိတ်တည်ငြိမ်စေရန် စီးဖြန်းပွားများမှု သမထဘာဝနာ (သမာဓိ)

- ရုပ်နာမ်ခန္ဓာတို့ကို အနိစ္စ စသော အခြင်းအရာတို့ဖြင့် အထူးရှုမှတ်ပွားများမှု ဝိပဿနာဘာဝနာ (ပညာ)

ဟူ၍ အပိုင်းသုံးပိုင်းကို အကျယ်တဝင့် ဖွင့်ပြသော ကျမ်းကြီးကား အရှင်မဟာဗုဒ္ဓဃောသမထေရ်သူမြတ်၏ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာကျမ်းကြီးပင် ဖြစ်ပေသည်။

www.thitsarparamisociety.com

www.thitsarparami.org



## ဝိသုဒ္ဓိမဂ်အဋ္ဌကထာကျမ်းကြီး ဖြစ်ပေါ်ခြင်းအကြောင်းရင်း

အခါတစ်ပါး၌ ဘုန်းတော်ကြီးသော မြတ်စွာဘုရား သာဝတ္ထိပြည်တွင် သီတင်းသုံးနေတော်မူစဉ် ညဉ့်၏သန်းခေါင်ယာမ်အခါ၌ အမည်အားဖြင့် မထင်ရှားသော နတ်သားတစ်ပါး မြတ်စွာဘုရားထံ လာရောက်ချဉ်းကပ်ပြီး ၎င်း၏ ယုံမှားသကင်္ခာ မကင်းမှုများကို ပယ်ဖျောက်ရန်အလို့ငှာ မြတ်စွာဘုရားအား ဤသို့ ရှိသေစွာ မေးမြန်းလျှောက်ထားပါသည်-

### နတ်သားမေးမြန်းလျှောက်ထားသည့် ဂါထာ

**အန္တော ဇဋာ ဗဟိဇဋာ၊ ဇဋာယ ဇဋိတာ ပဇာ၊**
**တံ တံ ဂေါတမ ပုစ္ဆာမိ၊ ကော ဣမံ ဝိဇဋယေ ဇဋန္တိ။**

အရှင်မြတ်ဘုရား

တပည့်တော် ရိုသေလေးမြတ်စွာ လျှောက်ထားအပ်ပါသည်။

"အကြွင်တဏှာတည်းဟူသော ကွန်ရက်သည် အတွင်း၌လည်း ဖွဲ့ယှက်တတ်၏။ အပ၌လည်း ဖွဲ့ယှက်တတ်၏။ ထိုသို့ အတွင်းရော အပတွင်ပါ ရှုပ်ထွေးစွာ မြေးရစ်တတ်သော တဏှာသည် သတ္တဝါအပေါင်းကို အကြွင်ကြောင့် ငြိတွယ်ချုပ်စပ် မြေးရစ်အပ်လေ၏။ ထိုအမြေးအယှက်(တဏှာ)ကို အဘယ်သို့သော သူသည် ရှင်းလင်းနိုင်ပါအံ့နည်း အရှင်ဘုရား။

www.thitsarparamisociety.com

www.thitsarparami.org



## မြတ်စွာဘုရား မိန့်တော်မူသည့် ဂါထာတော်

သီလေ၊ ပတိဋ္ဌာယ နရော သပညော၊

စိတ္တံ ပညဉ္စ ဘာဝယံ။

အာတာပီ နိပကော ဘိက္ခု၊

သော ဣမံ ဝိဇဋယေ ဇဋံ္။

အို-နတ်သား

ပဋိသန္ဓေနေစဉ်ကပင် တိဟိတ်ပဋိသန္ဓေဖြစ်၍ ကမ္မဇ ပညာပါရှိသောသူသည်

- သီလအကျင့်၌ ကောင်းစွာ ဆောက်တည်၍၊
- ကိလေသာကို ပူပန်ခြောက်သွေ့စေတတ်သော လုံ့လ၊
- ဆန့်ကျင်ဘက် ကိလေသာကို တားမြစ်နိုင်စွမ်းသော ပညာရှိသည်ဖြစ်၍၊
- စိတ်၏တည်ကြည်မှု ဝိပဿနာပညာကိုလည်းကောင်း၊
- အထူးရှုမြင်မှု ဝိပဿနာပညာကိုလည်းကောင်း၊

ရှုမှတ်ပွားများသည်ရှိသော် ထိုသူသည် ဝါးရုံပင် အခက်အလက်နှင့်တူသော တဏှာအမြွေးအယှက်ကို ချေဖျက်ရှင်းလင်း အကြွင်းမဲ့ သုတ်သင်နိုင်ပေ၏။

www.thitsarparamisociety.com

www.thitsarparami.org



## သီလေ ပတိဋ္ဌာယ နရော သပညော အစရှိသောဂါထာ

မြတ်စွာဘုရားသည် ''သီလေ ပတိဋ္ဌာယ နရောသပညော'' အစရှိသော ဂါထာတော်တစ်ပုဒ်ဖြင့်

ပညာရှိ၍ ပြင်းစွာအားထုတ်မှုရှိသော ရင့်ကျက်သော ပညာရှင်ရဟန်းသည်

- သီလ၌ တည်၍၊

- စိတ်တည်ကြည်မှု သမာဓိကိုလည်းကောင်း၊

- ပညာကိုလည်းကောင်း

ပွားစေလျက် ဖွဲ့ယှက်နှောင်ဖွဲ့တတ်သောတဏှာ အရှုပ်ကို ဖြေရှင်းနိုင်၏ဟု နတ်သား၏ အမေးကို ပြန်လည်မိန့်တော်မူလေပြီ။

တဏှာအရှုပ်ကို အကြွင်းမဲ့သုတ်သင်ဖယ်ရှားမည့် သူသည် သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးရပ်ကို ကျင့်ကြံကြိုးပမ်း အားထုတ်ရမည်ဟု မြတ်စွာဘုရား မိန့်တော်မူသည့် ထိုဂါထာ တစ်ပုဒ်ကို အခြေပြု၍ အရှင်မဟာဗုဒ္ဓဃောသမထေရ်မြတ်သည် သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးရပ်ကို အကျယ်တဝင့် ဖွင့်ဆို ရှင်းလင်းထားသော ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာကို ပြုစုရေးသားခဲ့ခြင်း ဖြစ်ပါသည်။

www.thitsarparamisociety.com

www.thitsarparami.org



## ဝိသုဒ္ဓိမဂ်အဋ္ဌကထာကျမ်းကြီး

သာသနာဝင်တစ်လျှောက်၌ ပေါ်ပေါက်ခဲ့သော ပဋ္ဌပတ္တိကျမ်းတို့တွင် ပထမဦးစွာ ပေါ်ထွက်လာသည့် ပဋ္ဌပတ္တိကျမ်းမှာ တရားစစ်သူကြီးဖြစ်သူ အရှင်သာရိပုတ္တရာ ဟောကြားတော်မူသည့် ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်ကျမ်းကြီး ဖြစ်ပါသည်။

ဒုတိယမြောက် ပေါ်ထွက်လာသည့် ပဋ္ဌပတ္တိကျမ်းမှာ အရှင်ဥပတိဿမထေရ်မြတ်ပြုစုသည့် ဝိမုတ္တိမဂ္ဂအဋ္ဌကထာကျမ်းကြီး ဖြစ်ပေသည်။

အရှင်မဟာဗုဒ္ဓဃောသ၏ လက်စွမ်းပြအဖြစ်ဖြင့် အစဆုံးပြုစုသော ဤဝိသုဒ္ဓိမဂ်အဋ္ဌကထာကျမ်းကြီးသည် နောက်ဆုံးပဋ္ဌပတ္တိကျမ်းကြီးအဖြစ် ယနေ့တိုင် တည်ရှိနေပါသည်။

### စင်ကြယ်မှုလမ်းစဉ်ကျမ်း (ဝါ) နိဗ္ဗာန်ရှုနည်းကျမ်း

ဝိသုဒ္ဓိ = စင်ကြယ်ခြင်း

မဂ္ဂ = လမ်း

“စင်ကြယ်မှုလမ်းစဉ်ကျမ်း”

ဟု သဒ္ဒါနည်းအရ ပြန်ဆိုရန်ဖြစ်သော်လည်း

www.thitsarparamisociety.com

www.thitsarparami.org



ကျမ်းဆရာများက

ဝိသုဒ္ဓိ = နိဗ္ဗာန်၊

မဂ္ဂ = ရနည်း၊

''နိဗ္ဗာန်ရနည်းကျမ်း''

ဟုပြန်ဆိုကြပါသည်။

သို့ဖြစ်၍ နိဗ္ဗာန်ကိုမျက်မှောက်ပြုရန် ကျင့်ကြံကြိုးပမ်းသူများအားထုတ်ကြသူတိုင်း နိဗ္ဗာန်ရနည်းကျမ်းဟု ခေါ်ဆိုအပ်သော ဝိသုဒ္ဓိမဂ်အဋ္ဌကထာကျမ်းကို ဆောင်ထားသင့်လှပေသည်ဟု ဆရာတော်ကြီးများက ညွှန်းဆိုကြပါသည်။

## သီလနှင့် သောတာပန်

ဝိသုဒ္ဓိမဂ်အဋ္ဌကထာကျမ်းတွင် ဖွင့်ဆိုထားသော သီလနှင့်ဆက်နွယ်သည်များကို ဆက်လက် ကောက်နုတ်တင်ပြပါမည်-

- အခါခပ်သိမ်း သီလဂုဏ်နှင့် ပြည့်စုံသော၊ လောကီ၊ လောကုတ္တရာနှင့် ပြည့်စုံသော၊ ကောင်းစွာ တည်ကြည်သော၊ လုံ့လ ဝီရိယရှိသော ကိုယ့်အသက်ကို ငဲ့ကွက်ခြင်း မရှိ၊ နိဗ္ဗာန်သို့ စေလွှတ်သောစိတ်ရှိသော ရဟန်းသည် ကူးခတ်နိုင်ခဲသော ဩဃလေးဖြာဟု ဆိုအပ်သော သံသရာ ပင်လယ်ကြီးကို ကူးခတ်နိုင်၏။

www.thitsarparamisociety.com

www.thitsarparami.org



- ကုသိုလ်တရားတို့၏ အစသည် အထူးစင်ကြယ်သော သီလပေတည်း။

- သီလသည် သာသနာတော်၏အစ ဖြစ်ပါပေ၏။

- သီလနှင့် ပြည့်စုံခြင်းကြောင့် ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံနိုင်သည်။

- သီလဖြင့် ကာမနှင့်ယှဉ်သော သုခချမ်းသာကို ခံစားသုံးဆောင်သော "ကာမသုခလ္လိကာနုယောဂ" ဟူသော အယုတ်တရားကို ပယ်နိုင်၏၊

- သီလဖြင့် အပါယ်လေးဘုံမှ လွတ်မြောက်နိုင်၏။

- သီလဖြင့် တဒင်္ဂခေတ္တခဏမျှ ကိလေသာကို ပယ်နိုင်၏။

- သီလသည် ကိုယ်၊ နှုတ်တို့ဖြင့် ကျူးလွန်နိုင်သော ကိလေသာတို့ကို ပယ်နိုင်၏။

- သီလဖြင့် ဒုစရိုက်အညစ်အကြေးတို့ကို သုတ်သင်ဖယ်ရှားနိုင်၏။

- **သီလပြည့်စုံခြင်းဖြင့် သောတာပန် ဖြစ်၏။**

www.thitsarparamisociety.com

www.thitsarparami.org



# သောတာပန်ဖြစ်ဖို့ ပုထုဇဉ်အနွယ်ဇာတ်ကို ဖြတ်ကြပါစို့ (အပိုင်း-၂) အာသီသ

သောတာပန်ဖြစ်ဖို့ ပုထုဇဉ်အနွယ်ဇာတ်ကို ဖြတ်ကြမည့် ဗုဒ္ဓဘာသာဝင်သူတော်ကောင်း သူတော်စင်တို့သည် အရိယာတို့ နှစ်သက်အပ်ကုန်သော သီလနှင့် ပြည့်စုံစေရန် ကျင့်ကြံကြိုးပမ်း အားထုတ်နိုင်ကြပါစေ။

www.thitsarparamisociety.com

www.thitsarparami.org

# အခန်း(၇)

# သောတာပန်ဖြစ်ဖို့

# ပုထုဇဉ်အနွယ်ဇာတ်ကိုဖြတ်ကြပါစို့

## အပိုင်း-၃-

www.thitsarparamisociety.com

www.thitsarparami.org

## သောတာပန်ပယ်သတ်ရန် သံယောဇဉ် (၅) ပါး

- ရုပ်နာမ်ကိုပဲ၊ ငါကောင်စွဲ၊ ယူလွဲဒိဋ္ဌိပင်။
- တရားမှန်တွင်၊ မယုံချင်၍ ဆင်ခြင်နှိုင်းညှိ၊ ဝေဖန်ကြည့်၊ ဝိစိကိစ္ဆာပင်။
- သစ္စာမမြင်၊ မဂ္ဂင်မပါ၊ လေ့ကျင့်ကာဖြင့်၊ ချမ်းသာမြဲမည်၊ ယုံကြည်ဆုံးဖြတ်၊ ယူဆမှတ်၊ သီလဗ္ဗတပင်။
- ကိုယ့်ထက်သာကို၊ မနာလို၊ ခေါ်ဆိုဣဿာပင်။
- ကိုယ့်လိုသူများ၊ ကောင်းစားမည်မှ ဝန်တိုက၊ မစ္ဆရိယပင်။

## သကဒါဂါမ် နောက်ထပ်ပယ်သတ်ရန် သံယောဇဉ် (၂) ပါး

- ကြမ်းတမ်းသော ကာမရာဂသံယောဇဉ်။
- ကြမ်းတမ်းသော ပဋိဃသံယောဇဉ်။

## အနာဂါမ် နောက်ထပ်ပယ်သတ်ရန် သံယောဇဉ်(၂)ပါး

- သိမ်မွေ့သော ကာမရာဂသံယောဇဉ်။
- သိမ်မွေ့သော ပဋိဃသံယောဇဉ်။

## ရဟန္တာ နောက်ထပ်ပယ်သတ်ရန် သံယောဇဉ်(၃)ပါး

- ကိုယ်သာတော်လှ၊ ထင်မှတ်က၊ မာနသံယောဇဉ်။
- သုံးပါးဘဝ၊ တပ်စွဲက၊ ဘဝသံယောဇဉ်။
- သစ္စာလေးတန်၊ ပြောင်းပြန်ထင်ကာ၊ မသိတာ၊ အဝိဇ္ဇာသံယောဇဉ်။

www.thitsarparamisociety.com

www.thitsarparami.org

# အခန်း(၇)
# သောတာပန်ဖြစ်ဖို့
# ပုထုဇဉ်အနွယ်ဇာတ်ကိုဖြတ်ကြပါစို့
# အပိုင်း-၃-

ဤအပိုင်း-၃-တွင် မဟာသတိပဋ္ဌာနသုတ်နှင့် ဆက်နွယ်၍ သောတာပန်ဖြစ်ရန်အတွက် ကျင့်ကြံကြိုးပမ်း အားထုတ်နိုင်ရန် ဆက်လက်တင်ပြပါမည်။

## မဟာသတိပဋ္ဌာနသုတ်၏ဝုဏ်ရည်

သတိပဋ္ဌာန်တရားတော်မြတ်သည်

၁။ ကိလေသာအညစ်အကြေးတို့မှ ကင်းစင်သန့်ရှင်းရန်၊

၂။ စိုးရိမ်ပူဆွေးသောကရောက်ခြင်းမှ လွတ်မြောက်ရန်၊

၃။ ငိုကြွေးမြည်တမ်းခြင်းမှ လွတ်မြောက်ရန်၊

၄။ ကိုယ်ဆင်းရဲခြင်း ပျောက်ကွယ်ရန်၊

၅။ စိတ်ဆင်းရဲခြင်း ပျောက်ကွယ်ရန်၊

www.thitsarparamisociety.com

www.thitsarparami.org



၆။ အရိယာမဂ် ရရှိရန်၊

၇။ နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုရန်၊

စသည့် အကျိုးတရား (၇) မျိုးတို့ကို ပေးစွမ်းနိုင်သော တစ်ခုတည်းသော တရားတော်မြတ် ဖြစ်ပေ၏။

**နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုနိုင်သော ရဟန္တာအထိ ဖြစ်နိုင်သည့် မဟာသတိပဋ္ဌာန်အမည်ရှိသော တစ်ခုတည်းသော အကြောင်းလမ်းဖြင့်သာလျှင် ဘုရားရှင်တို့၏ အလုံးစုံသော တပည့် သာဝကတို့သည် နိဗ္ဗာန်သို့ ကြွသွားထွက်မြောက် ဆိုက်ရောက် တော်မူကုန်၏။**

ရဟန္တာအထိဖြစ်နိုင်သည့် နိဗ္ဗာန်သို့သွားရန် တစ်ခုတည်းသော၊ တစ်ကြောင်းတည်းသော မဟာသတိပဋ္ဌာန်လမ်းမှန်ဖြင့် ဗုဒ္ဓဘာသာဝင် သူတော်ကောင်း သူတော်စင်တို့သည် **အရိယာမဂ် ဟူသော ရေအယဉ်သို့ ပထမဦးစွာ ရောက်ရှိသည့် သောတာပန်** ပုဂ္ဂိုလ်ဖြစ်ရန် ကျင့်ကြံကြိုးပမ်း အားထုတ်သင့်ပေသည်။

www.thitsarparamisociety.com

www.thitsarparami.org



## ပဋာစာရာထေရီမ

**န သန္တိ ပုတ္တာ တာဏာယ၊ န ပိတာ နာပိ ဗန္ဓဝါ၊**

**အန္တကေနာဓိပန္နဿ၊ နတ္ထိ ဉာတီသု တာဏတာ။**

**ဧတမတ္ထံ ဝသံ ဉတွာ၊ ပဏ္ဍိတော သီလသံဝုတော၊**

**နိဗ္ဗာနဂမနံ မဂ္ဂံ၊ ခိပ္ပမေဝ ဝိသောဓယေ။**

မြတ်စွာဘုရားဟောကြားတော်မူသော အထက်ပါ ဂါထာတော်(၂)ပုဒ်ကို နာကြားရ၍ ပဋာစာရီထေရီမ သောတာပန်ဖြစ်သွားသည်ဟု ဓမ္မပဒ၌ ဖွင့်ဆိုထားပေသည်။

## ပထမဂါထာ မြန်မာပြန်အဓိပ္ပာယ်

"တစ်နေ့ကျလျှင် ကိုယ်တိုင်ပင် သေဘေးဆိုးကြီးနှင့် တွေ့ရဦးမည်၊ ထိုအခါမှာ သားသမီးမိဘဆွေမျိုးများ မျက်မှောက်မှာ ထင်ရှားရှိနေကြငြားသော်လည်း မိမိအား သေဘေးမှ မကာကွယ်နိုင်ပုံ၊ အားမကိုးလောက်ပုံ" တို့ကို မြတ်စွာဘုရားက ပဋာစာရာအား ထင်မြင်စေ၍ သတိသံဝေဂဉာဏ်ကို ဖြစ်ပေါ်စေသည်။

www.thitsarparamisociety.com

www.thitsarparami.org



## ဒုတိယဂါထာ မြန်မာပြန်အဓိပ္ပာယ်

သူတစ်ပါးသည် မိမိ၏ အားကိုးရာ မဖြစ်နိုင်ပုံ၊ အားကိုးရာဖြစ်လောက်အောင်ပြုကျင့်လျှင် မိမိကိုယ်သာလျှင် မိမိ၏ အားကိုးရာ ဖြစ်နိုင်ပုံတို့ကို သိမြင်သဘောကျသော ပုဂ္ဂိုလ်သည် သီလနှင့် ပြည့်စုံ၍ နိဗ္ဗာန်ကို အမြန်ချက်ချင်းပင် ရှင်းလင်းသင့်ကြောင်း မြတ်စွာဘုရားက ထပ်မံမိန့်တော်မူပေသည်။

ပဋာစာရာသည် မြတ်စွာဘုရား ဟောကြားတော်မူသော တရားတော်၏ အနက်အဓိပ္ပာယ်ကို သဘောပေါက်၍ သတိသံဝေဂရပြီးလျှင် ရှေးက အပြုအမူမျိုး၊ အပြောအဆိုမျိုးတို့ကို မပြုတော့၊ မပြောတော့ပြီဟု တရားနာရင်းပင် နှလုံးသွင်းဆောက်တည်ကာ

**သီလ၌ ရှေးဦးစွာတည်၍ သတိပဋ္ဌာန် နည်းလမ်းအတိုင်း ရှုမှတ်လျက် တစ်ထိုင်တည်းအတွင်းမှာပင် သောတာပတ္တိဖိုလ်သို့ ရောက်သွားပေသည်။**

ပဋာစာရာသည် ပုဗ္ဗဘာဂဝိပဿနာမဂ်နှင့်တကွ သောတာပတ္တိမဂ်ဖြင့် ဖြစ်ပေါ်ဆဲပရိဒေဝ ဒေါမနဿစိတ်များကို ပယ်ပြီးလျှင် များမကြာမီပင် အထက်မဂ်သုံးပါးသို့လည်း ဆိုက်ရောက်သွားပေသည်။

သောတာပတ္တိမဂ်သို့ ရောက်ရှိသည်မှစ၍ ပဋာစာရာ၏ သန္တာန်၌ ထိုပရိဒေဝ၊ ဒေါမနဿမျိုး တစ်ဖန်ဖြစ်ပေါ်ခြင်း မရှိတော့ဘဲ အနာဂါမိမဂ်ဖြင့် အကြွင်းမဲ့ လွန်မြောက်ခဲ့ပေသည်။

www.thitsarparamisociety.com

www.thitsarparami.org



## ဓမ္မာနုပဿနာ–နီဝရဏပိုင်း

မဟာသတိပဋ္ဌာနသုတ်ပါ နုပဿနာ(၄)မျိုးထဲမှ သံယောဇဉ်တို့ကို ပယ်ခွာရန် ဖော်ပြသည့် ဓမ္မာနုပဿနာ–နီဝရဏပိုင်းနှင့် အာယတနပိုင်းတို့ကို အနည်းငယ် တင်ပြပါရစေ–

သန္တံ ဝါ အဇ္ဈတ္တံ ဝိစိကိစ္ဆံ၊ 'အတ္ထိ မေ အဇ္ဈတ္တံ ဝိစိကိစ္ဆာ' တိ ပဇာနာတိ။

အသန္တံ ဝါ အဇ္ဈတ္တံ ဝိစိကိစ္ဆံ၊ 'နတ္ထိ မေ အဇ္ဈတ္တံ ဝိစိကိစ္ဆာ'၊ တိ ပဇာနာတိ။

ယထာ စ အနုပ္ပန္နာယ ဝိစိကိစ္ဆာယ ဥပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ။

ယထာ စ ဥပ္ပန္နာယ ဝိစိကိစ္ဆာယ ပဟာနံ ဟောတိ၊ တဉ္စ ပဇာနာတိ။

ယထာစ ပဟီနာယ ဝိစိကိစ္ဆာယ အာယတိံ အနုပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ။

www.thitsarparamisociety.com

www.thitsarparami.org



## ဝိစိကိစ္ဆာကိုပယ်ရန် ရှုမှတ်ခြင်း

သောတာပန်ဖြစ်ရန် ပယ်ရှားရမည့် ဒိဋ္ဌိ၊ ဝိစိကိစ္ဆာနှင့် သီလဗ္ဗတပရာမာသ သံယောဇဉ်(၃)မျိုးအနက် ဝိစိကိစ္ဆာကို ပယ်နိုင်ရန်အတွက် ဓမ္မနုပဿနာ-နီဝရဏပိုင်းတွင် တစ်ဖက်ပါအတိုင်း မြတ်စွာဘုရား မိန့်တော်မူခဲ့ပေသည်။

## ဓမ္မာနုပဿနာ–နီဝရဏပိုင်း
## မြန်မာပြန်အဓိပ္ပာယ်

ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် မိမိတို့၏ ကိုယ်တွင်းသန္တာန်၌ရှိသော ဝိစိကိစ္ဆာကို (သို့မဟုတ်) ဝိစိကိစ္ဆာရှိနေလျှင်၊ ဖြစ်ပေါ်လျှင် ကိုယ်တွင်းသန္တာန်၌ ဝိစိကိစ္ဆာရှိသည် ဖြစ်သည်ဟု သိရ၏။

ကိုယ်တွင်းသန္တာန်၌ ဝိစိကိစ္ဆာမရှိလျှင်လည်း မိမိ၏ ကိုယ်တွင်းသန္တာန်၌ ဝိစိကိစ္ဆာ မရှိပေဟု သိရ၏။

ထို့ပြင် မူလက မဖြစ်ပေါ်သေးသော ဝိစိကိစ္ဆာသည် ယခုအခါဖြစ်ပေါ်လာလျှင် ထိုသို့ ဖြစ်ပေါ်ခြင်းသည် အယောနိသောမနသိကာရ ဟူသော အသင့်အတင့် နှလုံးမသွင်းနိုင်မှုကြောင့် ဖြစ်သည်ကိုလည်း သိရ၏။

www.thitsarparamisociety.com

www.thitsarparami.org



ထို့ပြင် ဖြစ်ပေါ်နေသောဝိစိကိစ္ဆာကို တဒင်္ဂ ဝိက္ခမ္ဘနပဟာန် အားဖြင့် ပယ်ခြင်းသည် ယောနိသောမနသိကာရ ဟူသော အသင့်အတင့် နှလုံးသွင်းခြင်းကြောင့် ဖြစ်သည်ကိုလည်း သိရ၏။

ထို့ပြင် တဒင်္ဂ၊ ဝိက္ခမ္ဘနပဟာန်အားဖြင့် ပယ်အပ်ပြီးသော ဝိစိကိစ္ဆာ၏ နောင်အခါ၌ တစ်ဖန် ထပ်မံမဖြစ်ပေါ်နိုင်ခြင်းသည် အရိယာမဂ်ဟူသောအကြောင်းကြောင့် ဖြစ်သည်ကိုလည်း သိရ၏။

**ဖော်ပြခဲ့သော ပါဠိတော်၏ မြန်မာပြန်အဓိပ္ပာယ်ဖြင့် ဗုဒ္ဓ ဘာသာဝင် သူတော်စင်တို့သည် ဝိစိကိစ္ဆာမကင်းသေးလျှင် ဖြစ် ပေါ်လာနိုင်သော ဝိစိကိစ္ဆာကို ရှုမှတ်လျက် သိနေရန်နှင့် ပယ်ရန် တို့ကို ညွှန်ပြထားပေသည်။**

ဝိစိကိစ္ဆာ မကင်းသေးသူ ဆိုသည်မှာလည်း ပုထုဇဉ်ပုဂ္ဂိုလ် တို့သာလျှင် ဖြစ်ပေသည်။

ထို့ကြောင့် သောတာပန်ဖြစ်ဖို့ ပုထုဇဉ်အနွယ်ဇာတ်ကို ဖြတ်ကြမည့်သူများသည် **ဝိစိကိစ္ဆာသံယောဇဉ်**နှင့်အတူ **ဒိဋ္ဌိနှင့် သီလဗ္ဗတပရာမာသ သံယောဇဉ်တို့ကိုပါ ကင်းစင်ရန် ကျင့်ကြံ ရှုမှတ်ရပေမည်။**

www.thitsarparamisociety.com

www.thitsarparami.org



## ဓမ္မာနုပဿနာ–အာယတနပိုင်း

ဣဓ ဘိက္ခဝေ ဘိက္ခု စက္ခုဉ္စ ပဇာနာတိ၊ ရူပေစ ပဇာနာတိ။

ယဉ္စ တဒုဘယံ ပဋိစ္စ ဥပဇ္ဇတိ သံယောဇနံ၊ တဉ္စ ပဇာနာတိ။

ယထာ စ အနုပ္ပန္နဿ သံယောဇနဿ ဥပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ၊

ယထာစ ဥပ္ပန္နဿ သံယောဇနဿ ပဟာနံ ဟောတိ၊ တဉ္စ ပဇာနာတိ။

ယထာစ ပဟီနဿ သံယောဇနဿ အာယတိံ အနုပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ။

## မြန်မာပြန်အဓိပ္ပာယ်

**ရဟန်းတို့ ဤသာသနာတော်၌ ဝိပဿနာတရား အားထုတ်နေသောပုဂ္ဂိုလ်သည် မျက်စိရုပ်ကိုလည်း သိ၏။ အဆင်းရုပ်ကိုလည်း သိ၏။ မျက်စိနှင့်အဆင်း နှစ်ပါးတို့ကို စွဲမှီ၍ အကြောင်းဆယ်ပါးသော သံယောဇဉ်တို့သည်လည်း ဖြစ်ပေါ်ပေ၏။ ထိုဖြစ်ပေါ်သော သံယောဇဉ်ကိုလည်း သိ၏။**

www.thitsarparamisociety.com

www.thitsarparami.org



ထို့ပြင် မဖြစ်ပေါ်သေးသော သံယောဇဉ်၏ ဖြစ်ပေါ်ခြင်းသည် အယောနိသောမနသိကာရ ဟူသော မသင့်မတင့် နှလုံးသွင်းမှုကြောင့် ဖြစ်သည်ကိုလည်း သိရ၏။

ထို့ပြင် ဖြစ်ပေါ်နေသော သံယောဇဉ်ကို တဒင်္ဂ၊ ဝိက္ခမ္ဘန ပဟာန်ဖြင့် ပယ်ခြင်းသည် ယောနိသော မနသိကာရ ဟူသော အသင့်အတင့် နှလုံးသွင်းမှုကြောင့် ဖြစ်သည်ကိုလည်း သိရ၏။

ထို့ပြင် တဒင်္ဂ၊ ဝိက္ခမ္ဘန ပဟာန်ဖြင့် ပယ်အပ်ပြီးသော သံယောဇဉ်၏ နောင်အခါ၌ တစ်ဖန် ထပ်မံမဖြစ်ပေါ်နိုင်ခြင်းသည် အရိယာမဂ်ဟူသောအကြောင်းကြောင့် ဖြစ်သည်ကိုလည်း သိရ၏။

ဖော်ပြခဲ့သော ပါဠိတော်၏ မြန်မာပြန်အဓိပ္ပာယ်ဖြင့် ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် **အာယတန(၆)ပါးတွင် တစ်ပါးအပါအဝင်ဖြစ်သော မျက်စိရုပ်နှင့် အဆင်းကို စွဲမှီ၍ ဖြစ်ပေါ်သော သံယောဇဉ်တို့ကို ရှုမှတ်လျက် သိနေရန်နှင့် ပယ်ရန်တို့ကို ညွှန်ပြထားပေသည်။**

**ကျန်သော အာယတန (၅) ပါးတို့ကြောင့် ဖြစ်ပေါ်သော သံယောဇဉ်တို့ကိုလည်း ရှုမှတ်လျက်သိနေရန်နှင့် ပယ်ရန်တို့ကို**လည်း မြတ်စွာဘုရားသည် ပြည့်စုံအောင် ဟောကြားတော်မူခဲ့ပေသည်။

www.thitsarparamisociety.com

www.thitsarparami.org



## ဆယ်ပါးသော သံယောဇဉ်

မဟာစည်ဆရာတော်ဘုရားကြီး ရေးသားတော်မူအပ်သော မဟာသတိပဋ္ဌာနသုတ်ပါဠိနိဿယတွင် ဆယ်ပါးသောသံယောဇဉ်ကို ဤသို့ ဆောင်ပုဒ်ဖြင့် ဖော်ပြထားပေသည်။

၁။ အာရုံငါးဝ၊ တပ်စွဲက၊ ကာမသံယောဇဉ်၊

၂။ သုံးပါးဘဝ၊ တပ်စွဲက၊ ဘဝသံယောဇဉ်၊

၃။ အမျက်ဒေါသ၊ စိတ်ဆိုးက၊ ပဋိဃသံယောဇဉ်။

၄။ ကိုယ်သာတော်လှ၊ ထင်မှတ်က၊ မာနသံယောဇဉ်၊

၅။ ရုပ်နာမ်ကိုပဲ၊ ငါကောင်စွဲ၊ ယူလွဲဒိဋ္ဌိပင်၊

၆။ တရားမှန်တွင်၊ မယုံချင်၍၊ ဆင်ခြင်နှိုင်းညှိ၊ ဝေဖန်ကြည့် ဝိစိကိစ္ဆာပင်၊

၇။ သစ္စာမမြင်၊ မဂ္ဂင်မပါ၊ လေ့ကျင့်ကာဖြင့်၊ ချမ်းသာမြဲမည်၊ ယုံကြည်ဆုံးဖြတ်၊ ယူဆမှတ်၊ သီလဗ္ဗတပင်၊

၈။ ကိုယ့်ထက်သာကို မနာလို၊ ခေါ်ဆိုဣဿာပင်၊

၉။ ကိုယ့်လိုလူများ၊ ကောင်းစားမည်မှ၊ ဝန်တိုက၊ မစ္ဆရိယပင်။

၁၀။ သစ္စာလေးပါး၊ ပြောင်းပြန်ထင်ကာ၊ မသိတာ အဝိဇ္ဇာ သံယောဇဉ်၊

ဝဋ်ဆင်းရဲမှ၊ မလွတ်ရအောင်၊ ချည်နှောင်တတ်စွာ၊ ဤဆယ်ဖြာ အဘိဓမ္မာသံယောဇဉ်။

www.thitsarparamisociety.com

www.thitsarparami.org



## သောတာပန်ပယ်သတ်သည့် သံယောဇဉ် (၅) ပါး

**ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသ၊ ဣဿာ နှင့် မစ္ဆရိယ သံယောဇဉ်ငါးပါးသည် သောတာပတ္တိမဂ်ဖြင့် တစ်ဖန်မဖြစ်နိုင်တော့ဘဲ ချုပ်ငြိမ်းပါပေ၏။**

ထိုသောတာပတ္တိမဂ်ကို သောတာပန်သည် မျက်မှောက်သိပေ၏။

ရုန့်ရင်းသော ကာမရာဂနှင့် ပဋိဃသံယောဇဉ်တို့သည် သကဒါဂါမိမဂ်ဖြင့် လုံးဝချုပ်ငြိမ်းကုန်၏။

သိမ်မွေ့သော ကာမရာဂနှင့် ပဋိဃသံယောဇဉ်တို့သည် အနာဂါမိမဂ်ဖြင့် လုံးဝချုပ်ငြိမ်းကုန်၏။

မာန၊ ဘဝရာဂ၊ အဝိဇ္ဇာဟူသော သံယောဇဉ်သုံးပါးတို့သည် အရဟတ္တမဂ်ဖြင့် လုံးဝချုပ်ငြိမ်း၏။

## သံယောဇဉ် (၁၀) ပါးကို အတိုချုပ်မှတ်နိုင်ရန် ဆောင်ပုဒ်

**(၁) ဒိ၊ ဝိ၊ သီ၊ ဣ၊ မစ္ဆရိ၊ ကင်း၏သောတာပန်၊**

**(၂) ကာမရာဂ၊ ပဋိဃ၊ ကင်းပအနာဂါမ်၊**

**(၃) ဘဝ၊ မာနာ၊ အဝိဇ္ဇာ၊ ကင်းကွာအရဟံ။**

www.thitsarparamisociety.com

www.thitsarparami.org



သောတာပန်ဖြစ်ဖို့ ပုထုဇဉ်အနွယ်ဓာတ်ကို ဖြတ်ကြမည့် ဗုဒ္ဓဘာသာဝင် သူတော်ကောင်း သူတော်စင်တို့သည် မဟာသတိပဋ္ဌာနသုတ်တော်မြတ်မှ အနည်းငယ် ကောက်နုတ်ဖော်ပြခဲ့သည့် ဓမ္မာနုပဿနာပါ နီဝရဏများကို ပယ်ခွာရန် ရှုမှတ်ရမည့်အပိုင်းနှင့် အာယတနများကို ရှုမှတ်ခြင်းဖြင့် သံယောဇဉ် (၁၀) ပါးတို့ကို ပယ်ခွာရန် ရှုမှတ်ရမည့်အပိုင်းတို့မှ ရှုမှတ်နည်းများဖြင့် ရှုမှတ်ကျင့်ကြံပွားများ ကြိုးစားအားထုတ်၍ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာနှင့် သီလဗ္ဗတပရာမာသ၊ ဣဿာ၊ မစ္ဆရိယ စသည့် သံယောဇဉ် (၅) ပါးတို့ကို ကင်းစင်ရန် ပယ်ခွာနိုင်ကြပါစေ။

www.thitsarparamisociety.com

www.thitsarparami.org



## မဟာသတိပဋ္ဌာနသုတ်တော်တွင် ဟောကြားတော်မူသည့် နည်းများဖြင့် ရှုမှတ်ပွားများခြင်း (အကျဉ်း)

ဝိပဿနာဘာဝနာတရားများကို ကျင့်ကြံပွားများ ကြိုးပမ်းအားထုတ်ကြတော့မည့် ဗုဒ္ဓဘာသာဝင် သူတော်ကောင်း သူတော်စင်တို့သည် **ရှေးဦးစွာ သီလနှင့် ပြည့်စုံစေရပါမည်။**

သီလနှင့် ပြည့်စုံပြီးသည့်အခါ သူတော်ကောင်းသည် သမာဓိ၊ ပညာအကျင့်ကို ကျင့်ကြံအားထုတ်ရပါမည်။ ထိုသို့ သမာဓိ၊ ပညာကို ကျင့်ကြံ၍ ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်နှင့် စတုတ္ထဈာန်အထိ ကျင့်ကြံအားထုတ်နိုင်လျှင်လည်း ပို၍ ကောင်းပါသည်။ ဈာန်ရရှိလျှင် ထိုဈာန်ကို အခြေခံပြု၍ ဝိပဿနာဘာဝနာတရားကို ကျင့်ကြံကြိုးပမ်း ပွားများအားထုတ်ရပါမည်။

ဈာန်ရရှိအောင် အားမထုတ်လျှင် မဟာသတိပဋ္ဌာနသုတ်တော်မှာ ဟောကြားတော်မူသည့် နည်းများအရ ဒွါရ (၆) ပါးက ထင်ရှားဖြစ်ပေါ်နေသော ရုပ်နာမ်တရားများကို ရှုမှတ်ရပါမည်။

မဟာသတိပဋ္ဌာနသုတ်တော်မှာ ဟောကြားတော်မူသည့်အတိုင်း ဒွါရ(၆)ပါးက ထင်ရှားဖြစ်ပေါ်နေသော ရုပ်နာမ်တရားများကို မပြတ်ရှုမှတ်နေခြင်းမှာ ဝိပဿနာ ဘာဝနာတရားကို မဂ်ဖိုလ်အလို့ငှာ ကျင့်ကြံပွားများ ကြိုးပမ်းအားထုတ်နေခြင်းပင် ဖြစ်ပေသည်။

www.thitsarparamisociety.com

www.thitsarparami.org



ဒွါရ(၆)ပါးက ဖြစ်တိုင်းဖြစ်တိုင်းသော အခြင်းအရာများကို လိုက်ပြီး မရှုမှတ်နိုင်သေးခင် အားထုတ်ခါစယောဂီမှာ ထင်ရှား ဖြစ်ပေါ်နေသော ရုပ်အမူအရာတစ်ခုခုမှ စပြီးရှုမှတ်ရပေသည်။

သွားဆဲအခါမှာ သွားနေတဲ့အမူအရာကပင်စပြီး ရှုမှတ်ရမည်။ ထိုင်နေဆဲအခါမှာလည်း ထိုင်နေသည့်အမူအရာကစပြီး ရှုမှတ်ရပါသည်။ ထိုင်ဆဲမှာ အထူးထင်ရှားဖြစ်ပေါ်သော အမူအရာတစ်ခုခုမှလည်း စ၍ ရှုမှတ်နိုင်ပေသည်။

ထိုသို့ ရှုမှတ်နေရင်း ဖြစ်ပေါ်လာကြသော စိတ်ကူးကြံစည်မှုတွေကိုလည်း ရှုမှတ်ရပါမည်။ ညောင်းမှု၊ ပူမှု၊ နာကျင်မှု အစရှိသော ခံစားဝေဒနာများကိုလည်း ရှုမှတ်ရပါမည်။ မြင်မှု၊ ကြားမှု၊ နှစ်သက်မှု၊ မနှစ်သက်မှု အစရှိသော သဘောတရားတွေကို ထင်ရှားဖြစ်ပေါ်လာတိုင်း ရှုမှတ်ရပါမည်။

www.thitsarparamisociety.com

www.thitsarparami.org



## စိတ္တဝိသုဒ္ဓိ (စိတ်သမာဓိ အထူးစင်ကြယ်ခြင်း)

သူတော်ကောင်းများ ရှုမှတ်အားထုတ်ခါစအချိန်မှာ သမာဓိက အားမကောင်းသေးသည့်အတွက် စိတ်ကူးတွေက တရားရှုမှတ်နေရင်း တခြားကို ထွက်သွားတတ်ပါသည်။

ထိုထွက်ထွက်သွားသော စိတ်ကူးတွေကို ရှုမှတ်နိုင်အောင် ကြိုးစားရပါမည်။ ထိုသို့ကြိုးစားပြီး ရှုမှတ်သဖြင့် သမာဓိအား ကောင်းလာသည့်အခါ စိတ်သည် တခြားကို ထွက်မသွားတော့ဘဲ မူလ ရှုမှတ်ပွားများသည့်တရားကို ကောင်းမွန်စွာ ရှုမှတ်နိုင်ပေမည်။

ထိုသို့ ဝိပဿနာဘာဝနာတရားများကို အားကောင်းလာပြီဖြစ်သော သမာဓိဖြင့် ဆက်လက်ရှုမှတ်၍ ရှေးစိတ်သည်လည်း ရှုမှတ်စိတ်၊ နောက်စိတ်သည်လည်း ရှုမှတ်စိတ်၊ ထိုနောက်စိတ် ရှုမှတ်စိတ်၏ နောက်စိတ်မှာလည်း ရှုမှတ်စိတ် စသည်ဖြင့် ရှုမှတ်စိတ်ချည်းသာဖြစ်ပြီး စိတ်များသည် စင်ကြယ်နေပေသည်။ **ထိုသို့ ရှုမှတ်စိတ်ချည်းများသာ စင်ကြယ်နေသည်ကို စိတ်သမာဓိ အထူးစင်ကြယ်ခြင်း (စိတ္တဝိသုဒ္ဓိ) ပင် ဖြစ်ပေသည်။**

www.thitsarparamisociety.com

www.thitsarparami.org



## ဒိဋ္ဌိဝိသုဒ္ဓိ (အမြင် အထူးစင်ကြယ်ခြင်း)

ထိုသို့ စိတ်သမာဓိ အထူးစင်ကြယ်လာသည့်အချိန်တွင် ရှုမှတ်ရသည့်အာရုံကို ပိုင်းပိုင်းခြားခြား သိလာပါသည်။ မှတ်သိနေသည့်စိတ်ကိုလည်း ပိုင်းခြားပြီး သိနေပြီ။ မည်သို့ သိပါသနည်း ဆိုပါလျှင် မှတ်သိရသည့် အာရုံရုပ်ကတခြား၊ မှတ်သိနေတာက တခြားလို့ ယခုလို ပိုင်းခြားပြီး သိလာပါသည်။

ရှုမှတ်တိုင်း၊ ရှုမှတ်တိုင်းမှာပင် သိဖန်များလာသည် ဖြစ်၍ မိမိကိုယ်ထဲမှာ သိစရာကိုယ်ရုပ်နှင့် သိသည့်စိတ်(၂)ခုပဲ ရှိသည်လို့ သိလာပါသည်။ ထိုသို့ သိစရာ **ကိုယ်ရုပ်နှင့်သိသည့် စိတ်(၂)ခုသာ ရှိသည်ကို သိရှိသောဉာဏ်မှာ နာမရူပပရိစ္ဆေဒဉာဏ် ဖြစ်ပါသည်။**

တစ်နည်းအားဖြင့် သူတော်ကောင်းတို့သည် ဝိပဿနာဘာဝနာတရားကို ကျင့်ကြံရှုမှတ်ပွားများမှုကြောင့် **အမြင် အထူး စင်ကြယ်လာခြင်း (ဒိဋ္ဌိဝိသုဒ္ဓိ)** လည်း ဖြစ်ပေသည်။

www.thitsarparamisociety.com

www.thitsarparami.org



## သမ္မသနဉာဏ်

တရားအားထုတ်သော သူတော်ကောင်းသည် ဝိပဿနာ ဘာဝနာတရားကို ဆက်လက်ရှုမှတ်နေလျှင် အကြောင်းနှင့်အကျိုး ဆက်စပ်ပြီး ဖြစ်နေတာမျှသာ ဖြစ်ကြောင်းကိုလည်း ကိုယ်ပိုင် ဉာဏ်ဖြင့် သဘောကျပြီး သိလာပါသည်။

အကြောင်းနှင့်အကျိုး ဆက်စပ်ပြီး ဖြစ်နေသည့်သဘော တရား၊ တရားသဘောမျှသာဖြစ်ကြောင်းကို သိရှိသောဉာဏ်မှာ ပစ္စယပရိဂ္ဂဟဉာဏ် ဖြစ်ပါသည်။

သူတော်ကောင်းတို့သည် ဝိပဿနာ ဘာဝနာတရားကို ကျင့်ကြံရှုမှတ်ပွားများမှုများကြောင့် **ယုံမှားခြင်းကို လွန်မြောက်သောဉာဏ် အထူးစင်ကြယ်လာခြင်း (ကင်္ခါဝိတရဏဝိသုဒ္ဓိ)ပင် ဖြစ်ပေသည်။**

ယုံမှားခြင်းကို လွန်မြောက်သောဉာဏ် အထူးစင်ကြယ် လာသည်နှင့်အမျှ ဆက်လက်ပြီး ရှုမှတ်သည့်အခါ ရှုမှတ်ရသည့် အာရုံတွေသည် အသစ်အသစ် ဖြစ်ပေါ်လာလိုက်၊ တစ်ခဏ လောက်နေ ပျောက်ကွယ်သွားလိုက်ဖြင့်

ရှုမှတ်နေသည့် အာရုံများ၏ အစ၊ အလယ်၊ အဆုံး (၃) ပါးလုံးကို ထင်ရှားတွေ့ရှိလာရပေသည်။

www.thitsarparamisociety.com

www.thitsarparami.org



ထိုသို့ ''ဖြစ်ပေါ်လာပြီး ပျောက်ပျက်သွားလို့ မမြဲဘူး၊ ဆင်းရဲတွေမျှသာပဲ၊ အစိုးမရသော အနတ္တသဘောတရားတွေပဲ'' စသည်ဖြင့် သုံးသပ်ဆင်ခြင်လာမိပါသည်။

**''မမြဲမှု၊ ဆင်းရဲမှု၊ အစိုးမရသော အနတ္တ''ဟု သုံးသပ်ဆင်ခြင်မိသောဉာဏ်သည် သမ္မသနဉာဏ်ပင် ဖြစ်ပေသည်။**

## ဥဒယဗ္ဗယဉာဏ်

သူတော်ကောင်းသည် ဝိပဿနာ ဘာဝနာတရားများကို ဆက်လက်ရှုမှတ်ခြင်းဖြင့်လည်း ခဏမစဲ လျင်မြန်စွာ ဖြစ်ပျက်နေသည်များကိုလည်း တွေ့ရှိလာပါမည်။ လျင်မြန်စွာ ဖြစ်ပျက်နေသည်များကို လျင်မြန်စွာ မှတ်နိုင် သိနိုင်သည့် သတိဉာဏ်အထူးများလည်း ဖြစ်လာကြပါသည်။

**ခဏမစဲ လျင်မြန်စွာ ဖြစ်ပျက်နေသည်များကို လျင်မြန်စွာ မှတ်သိနိုင်သည့်ဉာဏ်သည် ဥဒယဗ္ဗယဉာဏ်ပင် ဖြစ်ပေသည်။**

www.thitsarparamisociety.com

www.thitsarparami.org



## ဘင်္ဂဉာဏ်

သူတော်ကောင်းသည် ရှုမှတ်နေသည်ကိုသာ အလေးထား ပြီး မပြတ်မစဲဘဲ တစ်ဆက်တစ်စပ်တည်း ရှုမှတ်လျှင် ပုံသဏ္ဌာန် အထည်ဒြပ်တွေဟု ဉာဏ်ထဲတွင် မထင်လာတော့ပါ။ အလွန် လျှင်မြန်စွာ ကွယ်ပျောက်၊ ကွယ်ပျောက်သွားသည်ကိုသာ တွေ့ရ ပါသည်။

သူတော်ကောင်းတို့ ရှုမှတ်သိနေသည့် အာရုံသည် လည်းကောင်း၊ မှတ်သိနေသည့် စိတ်သည်လည်းကောင်း ပျောက် ပျောက်သွားတာကိုသာ တွေ့ရပါသည်။

ရှုမှတ်နေသည့်အာရုံများ၊ ရှုမှတ်နေသည့်စိတ် ပျောက် ပျောက်သွားနေတာကိုသာ သိသည့်ဉာဏ်သည် အပျက်ကို သိမြင် သည့် ဘင်္ဂဉာဏ် ဖြစ်ပါသည်။

## ဘယဉာဏ်

အပျက်တွေကိုသာ မြင်တွေ့နေသော သူတော်ကောင်းသည် တစ်ပျက်တည်းသာ ပျက်နေသော သင်္ခါရတရားတို့သည် ရှေးက လည်း ပျက်ခဲ့ဖူးပြီး၊ ယခုလည်း ပျက်နေကြဆဲ ဖြစ်၍ နောင်တွင် လည်း ပျက်ကြဦးမှာပါတကားဟု လွန်စွာ ကြောက်အားကြီးလှ သော ဉာဏ်သည် ဘယဉာဏ် ဖြစ်ပေသည်။

www.thitsarparamisociety.com

www.thitsarparami.org



## အာဒီနဝဉာဏ်

သူတော်ကောင်းသည် ဝိပဿနာ ဘာဝနာတရားကို ဆက်လက်ရှုမှတ်၍ ဘယဉာဏ် ထက်သန်ရင့်ကျက်လာသည်နှင့်အမျှ ရုပ်နာမ် (၂)ပါး၊ ခန္ဓာ (၅)ပါး၊ သင်္ခါရတရားတို့၌ အားကိုးစရာမရှိ၊ အပြစ်ချည်းသာဟု သိသောဉာဏ်သည် အာဒီနဝဉာဏ် ဖြစ်ပေသည်။

## နိဗ္ဗိဒါဉာဏ်

သူတော်ကောင်းသည် ရုပ်နာမ် (၂)ပါး၊ ခန္ဓာ (၅)ပါး၊ သင်္ခါရတရားတို့၏ အပြစ်များကိုသာ မြင်နေထင်နေသဖြင့် သင်္ခါရတရားတို့အပေါ် မပျော်မမွေ့တော့ဘဲ မခင်တွယ်တော့ဘဲ မုန်းတီးလာသောဉာဏ်သည် နိဗ္ဗိဒါဉာဏ် ဖြစ်ပေသည်။

www.thitsarparamisociety.com

www.thitsarparami.org



## မုစ္စိတုကမျတာဉာဏ်

ဝိပဿနာ ဘာဝနာများကို ရှုမှတ်နေသော သူတော်ကောင်းသည် ရုပ်နာမ်တို့အပေါ် နိဗ္ဗိဒါဉာဏ်ဖြင့် မခင်မတွယ်၊ မပျော်မမွေ့ မုန်းတီးသဖြင့် ငြီးငွေ့လွန်းအားကြီးသည့်အခါ သင်္ခါရုပေက္ခာအတွင်းမှ လွတ်ကင်းလိုသောဉာဏ် ဖြစ်ပေါ်လာသည်။

သင်္ခါရုပေက္ခာအတွင်း လွတ်ကင်းလို၍ ဝိပဿနာတရားကို ကျင့်ကြံပွားများ ကြိုးပမ်းအားထုတ်နေသော သူတော်ကောင်းတွင် ဖြစ်ပေါ်လာပြီဖြစ်သော သင်္ခါရုပေက္ခာအတွင်းမှ လွတ်ကင်းလိုသောဉာဏ်သည် မုစ္စိတုကမျတာဉာဏ် ဖြစ်ပေသည်။

## ပဋိသင်္ခါဉာဏ်

အထက်ပါ မုစ္စိတုကမျတာဉာဏ်သည် သူတော်ကောင်းအား သင်္ခါရုပေက္ခာထဲမှ လွတ်လို၍ လွတ်ချင်ရုံသာရှိသေးသည်။ အမှန်တကယ် မလွတ်မြောက်သေးပါ။

ရုပ်နာမ် (၂)ပါး၊ ခန္ဓာ (၅)ပါးတို့ကို ယခင်က နိစ္စ၊ သုခ၊ အတ္တဟု အထင်မှား၍ မှတ်ထင်စွဲလမ်းမှုများသာ အားသန်လာခဲ့ရာ၊ ယခုအခါ **တစ်ဖန်ပြန်၍ မစွဲလမ်းနိုင်လောက်အောင် အနိစ္စ၊ ဒုက္ခ၊ အနတ္တတရားများကို ထပ်မံနား ဆင်ခြင်သုံးသပ် နှလုံးသွင်းလာသော သူတော်ကောင်း၏ဉာဏ်သည် ပဋိသင်္ခါဉာဏ် ဖြစ်၏။**

www.thitsarparamisociety.com

www.thitsarparami.org



## သင်္ခါရုပေက္ခာဉာဏ်

သူတော်ကောင်း သူတော်စင်တို့သည် သတိပဋ္ဌာန်နည်းဖြင့် ဝိပဿနာများကို တစ်ဆက်တစ်စပ်တည်း ရှုမှတ်လာသည့်အခါ ဉာဏ်စဉ်များ အစဉ်အတိုင်းဖြစ်ပေါ်လာပြီး သင်္ခါရတရားများကို သိရှုံ၊ သိရှုံမှုဖြင့် ပဋိသင်္ခါဉာဏ် ရင့်သန်လာသည့်အလျောက် **ရုပ်နာမ် (၂)ပါး၊ ခန္ဓာ (၅)ပါး၊ သင်္ခါရတရားတို့အပေါ် ချစ်ခြင်းကိုလည်း မပြုတော့၊ မုန်းခြင်းကိုလည်း မပြုတော့၊ လျစ်လျူသာပြုသော သင်္ခါရုပေက္ခာဉာဏ် ဖြစ်ပေါ်လာ၏။**

ထိုသင်္ခါရတရားတွေကို သိရှုံ၊ သိရှုံမှု လျစ်လျူရှုနိုင်သော သင်္ခါရုပေက္ခာဉာဏ် ရင့်သန်ရင့်ကျက်လာသည့်အခါမှာ မပြတ်ဖြစ်ပျက်နေကြသော ရုပ်နာမ်တွေကို ရှုသိနေရင်းထဲမှာပင် ရုပ်နာမ် သင်္ခါရတွေ လုံးဝချုပ်ငြိမ်းသောသဘောထဲသို့ အသိဉာဏ်ရောက်သွားပါသည်။

www.thitsarparamisociety.com

www.thitsarparami.org



## အနုလောမဉာဏ်

အနုလောမ၏အဓိပ္ပာယ်မှာ 'လျော်သည်' ဖြစ်သဖြင့် ဖော်ပြခဲ့ပြီးသော သမ္မသနဉာဏ်မှ သင်္ခါရုပေက္ခာဉာဏ်အထိ ဝိပဿနာဉာဏ်များမှာကဲ့သို့ပင် သူတော်ကောင်းတို့သည် လက္ခဏာရေးသုံးပါးကို ဆင်ခြင်သည့်အတွက် ထိုဝိပဿနာ ဉာဏ်များနှင့်လည်း လျော်ကန်သင့်မြတ်သောဉာဏ် 'အနုလောမ ဉာဏ်' ဖြစ်ပေါ်လာ၏။

ထို့ပြင် အနုလောမဉာဏ်သည် ရှေ့တွင် ရလတ္တံ့ဖြစ်သော အထက်မဂ်ဉာဏ်နှင့်လည်း လျော်ကန်သင့်မြတ်ပါပေ၏။

## ဝုဋ္ဌာနဂါမိနီဝိပဿနာ

သင်္ခါရုပေက္ခာဉာဏ်နှင့် အနုလောမဉာဏ်နှစ်ပါးတို့သည် သံသရာဝဋ်ဆင်းရဲမှ ကျွတ်လွတ်ထမြောက်ကြောင်းဖြစ်သဖြင့် ဝုဋ္ဌာနဂါမိနီဝိပဿနာဟု ခေါ်ဆိုပေ၏။

www.thitsarparamisociety.com

www.thitsarparami.org



## ဂေါတြဘူ

အနုလောမဉာဏ်အဆုံးတွင် သင်္ခါရတရားတို့၏ ချုပ်ငြိမ်းရာဘက်သို့ သူတော်ကောင်းတို့၏ဉာဏ် သက်ဝင်သွားပြီး ဂေါတြဘူစိတ် ဖြစ်ပေါ်လာ၏။

ဂေါတြဘူသည် သင်္ခါရချုပ်ရာ နိဗ္ဗာန်ကို ပထမယူလိုက်သော ဝိပဿနာဉာဏ်၏ အထွတ်အထိပ်ဇောစိတ်ပင် ဖြစ်၏။

တစ်နည်းအားဖြင့် ဂေါတြဘူစိတ်သည် သူတော်ကောင်းတို့ လိုလားအပ်၊ တောင့်တအပ်သော နိဗ္ဗာန်ကို အာရုံပြုလျက် ပုထုဇဉ်အနွယ်ဇာတ်ကို ဖြတ်တောက်လွှမ်းမိုး၍ အရိယာအနွယ်ကို ဆိုက်ရောက်စေပါ၏။

အရိယာအနွယ်ကို ဆိုက်ရောက်စေသော ထိုအရိယမဂ်ဉာဏ် ဖိုလ်ဉာဏ် တစ်ကြိမ်ဖြစ်သည်ဆိုလျှင်ပင် သောတာပန်ပုဂ္ဂိုလ် ဖြစ်ပေတော့သည်။ ထိုသောတာပန်ပုဂ္ဂိုလ်မှာ အပါယ်ကျစေနိုင်သော ကံဟောင်းတွေ ကုန်ခန်းသွားကြပါပြီ။ အပါယ်ကျစေနိုင်လောက်သော အကုသိုလ်ကံ အသစ်တွေကိုလည်း မပြုလုပ်တော့ပါ။

www.thitsarparamisociety.com

www.thitsarparami.org



# သောတာပန်ဖြစ်ဖို့ ပုထုဇဉ်အနွယ်ဇာတ်ကို ဖြတ်ကြပါစို့
## (အပိုင်း-၃) အာသီသ

နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်ရန် တစ်ခုတည်းသော လမ်းမှန်၊ တစ်ကြောင်းတည်းသော လမ်းမှန်ဖြစ်သော သတိပဋ္ဌာန်လမ်းစဉ်ဖြင့် သောတာပန်ဖြစ်ဖို့ ပုထုဇဉ်အနွယ်ဇာတ်ကို ဖြတ်ကြမည့် ဗုဒ္ဓဘာသာဝင် သူတော်ကောင်း သူတော်စင်တို့သည် တင်ပြခဲ့သည့် ရှုမှတ်မှုနည်းများဖြင့် ကြိုးပမ်းကျင့်ကြံ အားထုတ်နိုင်ကြသည်ဖြစ်၍ **အရိယာမဂ်တည်းဟူသော ရေအယဉ်သို့ ဦးစွာဆိုက်ရောက်သည့် သောတာပန်ပုဂ္ဂိုလ်များ ဖြစ်နိုင်ကြပါစေ။**

www.thitsarparamisociety.com

www.thitsarparami.org

# အခန်း(၈)

# သောတာပန်ဖြစ်ဖို့

# ပုထုဇဉ်အနွယ်ဇာတ်ကို ဖြတ်ကြပါစို့

## အပိုင်း-၄-

www.thitsarparamisociety.com

www.thitsarparami.org

## မိုးကုတ်ဆရာတော်ကြီး၏ သြဝါဒ

တို့တရားနာတဲ့ သဒ္ဓါတရား၊ တို့တရားအားထုတ်တဲ့ သဒ္ဓါတရား၊ တို့တရားနှလုံးသွင်းတဲ့ သဒ္ဓါတရားသည် ဘာမှကျေးဇူးဥပကာရ မရှိဘူးလို့ ဒီလိုမယူဘဲ၊

အပါယ်လေးပါး တံခါးပိတ်တဲ့ သောတာပတ္တိမဂ်ကို ဖြစ်စေနိုင်တယ်ဆိုတာ ယုံကြည်ရမယ်။

ဒကာ ဒကာမတွေ

သဒ္ဓါတရားသည် သောတာပတ္တိမဂ်ကို ဖြစ်စေနိုင်တယ်ဆိုတာ သေသေချာချာ ယုံကြည်ကြပါနော်။

(အာဠာဝကဘီလူးသောတာပန်တည်သောတရားတော်)
(၆-၁၂-၁၉၆၀)

www.thitsarparamisociety.com

www.thitsarparami.org

# အခန်း(၈)
# သောတာပန်ဖြစ်ဖို့
# ပုထုဇဉ်အနွယ်ဇာတ်ကို ဖြတ်ကြပါစို့ (အပိုင်း-၄)

သောတာပန်ဖြစ်ဖို့ ပုထုဇဉ်အနွယ်ဇာတ်ကို ဖြတ်နိုင်ကြရန် အပိုင်း (၃) ပိုင်းဖြင့် တင်ပြခဲ့ပါသည်။

ယခုဆက်လက်၍ အပိုင်း-၄-ကို တင်ပြပါရစေ။

## မြဲမြံခိုင်ခံ့သည့် သဒ္ဓါတရား

သဒ္ဓါဆိုသည့်အဓိပ္ပာယ်ကို ဗုဒ္ဓဘာသာဝင် သူတော်ကောင်း သူတော်စင်များအားလုံး သိရှိကျင့်ကြံလိုက်နာနေကြသည့် ''ယုံကြည်ခြင်း'' ဟု အားလုံး သိရှိကြပြီး ဖြစ်ပေသည်။

ဘာသာရေးဆိုင်ရာ ကိစ္စရပ်များတွင် ''သဒ္ဓါကြည်လင်ပါရမီရှင်''ဆိုသည့် စကားလုံးကိုလည်း ဗုဒ္ဓဘာသာဝင်တို့ နားရည်ဝနေပြီ ဖြစ်သည်။

www.thitsarparamisociety.com

www.thitsarparami.org



ဗုဒ္ဓသာသနာအပေါ် သဒ္ဓါတရားရှိသည်နှင့်အမျှ ယုံကြည်သက်ဝင် ကြည်ညိုသည်နှင့်အမျှ ဗုဒ္ဓဘာသာဝင်တို့သည် ဒါန၊ သီလ၊ ဘာဝနာ (၃)ရပ်တို့ကို အသီးသီး သဒ္ဓါတရားထက်သန်စွာဖြင့် ကြိုးပမ်းအားထုတ် ဆောင်ရွက်နေကြပေသည်။

ဒါန ပေးကမ်းလှူဒါန်းကြသူများ၊ သီလနှင့် ပြည့်စုံအောင်နေထိုင်ကျင့်ကြံသူများနှင့် ဘာဝနာတရား ပွားများအားထုတ်နေကြသူများကိုလည်း အားလုံးကပင် ထိုထိုသော ပုဂ္ဂိုလ်အသီးသီးကို သဒ္ဓါတရားကောင်းလှပါပေသည်ဟု ချီးကျူးထောမနာပြုကြပါသည်။

သဒ္ဓါတရားဖြင့် ထိုသို့ ဒါန၊ သီလ၊ ဘာဝနာတို့ကို ကျင့်ကြံကြိုးပမ်း အားထုတ်ဆောင်ရွက်ကြ၍ **ပိုမို ရင့်သန်ရင့်ကျက်လာသည်နှင့်အမျှ မူလက သဒ္ဓါတရားသည် ခိုင်မြဲခြင်း၊ အစိုးရခြင်းဟူသည့် အဓိပ္ပာယ်ရသည့် ဣန္ဒြေအဆင့်သို့ ရောက်ရှိ၍ "သဒ္ဓိန္ဒြေ" (သဒ္ဓါ+ဣန္ဒြိယ)ဟု ခေါ်ဆိုအပ်သော "မြဲမြံခိုင်ခံ့သည့် သဒ္ဓါတရား"အဖြစ်သို့ ရောက်ရှိပေသည်။**

www.thitsarparamisociety.com

www.thitsarparami.org



"သဒ္ဓိန္ဒြေ" ဟု ဆိုအပ်သော "မြဲမြဲနိုင်ခံ့သည့် သဒ္ဓါတရား" ကို မြတ်စွာဘုရားက ဤသို့ ချီးမွမ်းတော်မူပါသည်။

ရဟန်းတို့

"သဒ္ဓိန္ဒြေ" ဟူသည်မှာ

သာသနာတော်၌ အရိယာတပည့်သည် ယုံကြည်မှု သဒ္ဓါတရား ရှိ၏။

**ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားအပေါ် ယုံကြည်သည်ကို "သဒ္ဓိန္ဒြေ"ဟု ဆိုအပ်၏ဟု မိန့်တော်မူပါသည်။**

ဣန္ဒြေအဆင့်သို့ရောက်သည့်၊ ဣန္ဒြေထိုက်သည့်၊ မြဲမြဲနိုင်ခံ့လှသည့် "သဒ္ဓိန္ဒြေ" ဟု ဆိုအပ်သော မြဲမြဲနိုင်ခံ့သော သဒ္ဓါတရားကို သောတာပတ္တိယင်္ဂလေးပါးဟူသော တရား၌ သိအပ်၏ဟု မြတ်ဗုဒ္ဓ ဆက်လက်ဟောကြားတော်မူသည်။

သို့ဖြစ်၍ "သဒ္ဓိန္ဒြေ" ကို သောတာပန်ဖြစ်ကြောင်းတရားလေးပါးဟု ထူးခြားထင်ရှားစွာ သိအပ်ပေသည်။

www.thitsarparamisociety.com

www.thitsarparami.org



သောတာပန်ဖြစ်ကြောင်းတရား (၄) ပါး

၁။ သပ္ပုရိသသံသေဝေါ

သူတော်ကောင်းပညာရှိ ဆရာကောင်းတို့နှင့် တွေ့ဆုံမှီဝဲဆည်းကပ်ခြင်း၊

၂။ သဒ္ဓမ္မဿဝန

ဝိပဿနာ၊ ဘာဝနာ၊ ပညာ၊ ဝိပဿနာတရားတို့ကို နာယူမှတ်သားသင်ယူခြင်း၊

၃။ ယောနိသောမနသိကာရ

သင့်တင့်သော နှလုံးသွင်း ကောင်းမွန်၍ စိတ်ထား မြင့်မြတ်ခြင်း၊

၄။ ဓမ္မာနုဓမ္မပဋိပတ္တိ

ဝိပဿနာ ဘာဝနာတရားတို့ကို သိရှိသည့်အတိုင်း ကျင့်ကြံရှုမှတ် ကြိုးပမ်းပွားများအားထုတ်ခြင်း။

မြဲမြံခိုင်ခံ့သည့် သဒ္ဓါတရား ပြည့်စုံလာသည်နှင့်အမျှ ဗုဒ္ဓဘာသာဝင် သူတော်ကောင်း သူတော်စင်တို့၏သန္တာန်တွင် သောတာပန်ဖြစ်ကြောင်းတရား (၄) ပါးတို့ကို ကျင့်သုံးလိုက်နာ ကျင့်ကြံရန် လွန်စွာ စိတ်အားထက်သန်လာကြပေသည်။

သောတာပန်ဖြစ်ကြောင်းတရား (၄) ပါး ဆောင်ပုဒ်

သူတော်ဆည်းကပ်၊ မြတ်တရားနာ၊
လျော်စွာနှလုံး၊ ကျင့်သုံးဖွဲ့သန်၊
သောတာပန်ဖြစ်ရန်၊ အကြောင်းလေး။

www.thitsarparamisociety.com

www.thitsarparami.org



## သုဒ္ဓေါဒနမင်းကြီး သောတာပန်ဖြစ်ပုံ

မြဲမြံခိုင်ခံ့သည့် သဒ္ဓါတရားကြောင့် သောတာပန်ပုဂ္ဂိုလ် အဖြစ် ရရှိသည့်ပုဂ္ဂိုလ်များအကြောင်းကို အနည်းငယ် ဆက်လက် တင်ပြပါမည်။

ဗုဒ္ဓမြတ်စွာသည် ကပိလဝတ်နေပြည်တော်တွင် သံဃာ တော် နှစ်သောင်းနှင့်တကွ ဆွမ်းခံကြွတော်မူပါသည်။ ထိုသို့ မြတ်စွာဘုရားကိုယ်တော်တိုင် မြို့တော်အတွင်း အိမ်စဉ်လျှောက် ပြီး ဆွမ်းခံကြွတော်မူနေတာကို မြင်တွေ့ရသည့် ယသော်ဓရာဒေဝီ သည် မသင့်တော်ဟု ထင်မြင်သဖြင့် သုဒ္ဓေါဒနမင်းကြီးအား သွားရောက်တိုင်ကြားပါသည်။

သုဒ္ဓေါဒနမင်းကြီးသည်လည်း မြတ်စွာဘုရားကိုယ်တော် တိုင် မြို့တော်အတွင်း အိမ်စဉ်လျှောက်၍ ဆွမ်းခံကြွတော်မူသည့် သတင်းကို ကြားသိရသဖြင့် လွန်စွာရှက်တော်မူပြီး ၎င်း၏ ခါးဝတ်ပုဆိုးကိုပင် သပ်သပ်ရပ်ရပ်ဖြစ်အောင် မဝတ်နိုင်တော်မူ တော့ပါ။

ခါးဝတ်ပုဆိုးကို လက်တစ်ဖက်ဖြင့်ကိုင်မ၍သာ မြတ်စွာ ဘုရားထံအရောက် အဆောတလျင် သွားတော်မူပြီး မြတ်စွာ ဘုရားကို ဤသို့ လျှောက်ထားတော်မူပါသည်။

www.thitsarparamisociety.com

www.thitsarparami.org



အရှင်ဘုရား

တပည့်တော်တို့ကို အဘယ်ကြောင့်များ ဤသို့ အရှက်ခွဲရပါသနည်း၊ အဘယ်ကြောင့် မြို့တော်အတွင်း အိမ်စဉ်လျှောက်၍ ဆွမ်းအလှူခံရပါသနည်းဘုရား။

တပည့်တော်တို့ အရှင်ဘုရားနှင့်တကွသော သံဃာတော်နှစ်သောင်းကို ဆွမ်းမကျွေးနိုင်ဘူးဟု ထင်မှတ်တော်မူပါသလောစသည်ဖြင့် ရိုသေစွာ လျှောက်ထားပါသည်။

## ဆွမ်းအလှူခံခြင်း ကျင့်ဝတ်

မြတ်စွာဘုရားသည် ပင့်လျှောက်သူမရှိပါက အိမ်စဉ်လှည့်၍ ဆွမ်းအလှူခံခြင်းကျင့်ဝတ်သည် အားလုံးသော ဘုရားတို့၏ကျင့်ဝတ်ဖြစ်သည်ဟု မိန့်တော်မူပြီးလျှင်

ဥတ္တိဋ္ဌေ နပ္ပမဇ္ဇေယျ၊ ဓမ္မံ သုစရိတံ စရေ။
ဓမ္မစာရီ သုခံ သေတိ၊ အသ္မိံ လောကေ ပရမှိ စ။

ဆိုသည့် ဂါထာတော်ကို ဟောကြားတော်မူပေသည်။

## မြန်မာပြန်အဓိပ္ပာယ်

ဆွမ်းကိုရည်၍ အိမ်စဉ် ရပ်သောကျင့်ဝတ်၌ မမေ့လျော့ရာ၊ မတရားသဖြင့် ရှာမှီးခြင်းကိုကြဉ်၍ ကောင်းစွာကျင့်အပ်သောဆွမ်းခံအကျင့်တရားကို ကျင့်ရာ၏။ တရားကိုကျင့်သောသူသည် ဤမျက်မှောက်လောက၌လည်းကောင်း၊ တစ်ပါးသောလောက၌လည်းကောင်း၊ ချမ်းသာစွာအိပ်စက်ရ၊ နေရလေတော့သတည်း။

www.thitsarparamisociety.com

www.thitsarparami.org



## သောတာပန်ဖြစ်ကြောင်းတရား

ဣန္ဒြေထိုက်သည့် မြဲမြံခိုင်ခံ့လှသော "သဒ္ဓိန္ဒြေ" ဟု ဆိုအပ်သော မြဲမြံခိုင်ခံ့သော သဒ္ဓါတရားသည် မြတ်စွာဘုရား ဟောကြားတော်မူသော ဆွမ်းအလှူခံခြင်း ကျင့်ဝတ်တရားတော် ဖြင့် သုဒ္ဓေါဒနမင်းကြီးတွင် ဖြစ်ပေါ်လာပါသည်။

မြတ်စွာဘုရားဟူသော ပညာလွန်ကဲထူးမြတ်သော ဆရာ ကောင်းကို တွေ့ဆုံဆည်းကပ်ရခြင်း၊ မြတ်စွာဘုရား ဟောကြား သောတရားတော်ကို နာယူမှတ်သားရခြင်း၊ သင့်တင့်သော နှလုံး သွင်းကောင်းမွန်၍ စိတ်ထားပိုမိုမြင့်မြတ်လာခြင်း၊ မြတ်စွာဘုရား ဟောကြားတော်မူသောတရားကို ကြားနာနေရစဉ် ရှုမှတ်နိုင်ခြင်း တို့အပြင် သားတော်မြတ်စွာဘုရားသည် ရှေးရှေးဘုရားတို့၏ ကျင့်ဝတ်ကိုကျင့်သည်ဆိုသည်ကို ကြားနာရရုံဖြင့် မြတ်စွာဘုရား ၏ ဂုဏ်တော်တွေကို အာရုံပြုပြီး ကြည်ညိုဝမ်းမြောက်လှသည့် သဒ္ဓါတရားကို အခြေပြု၍ **မြတ်စွာဘုရား ဟောကြားတော်မူ သော ဂါထာတစ်ပုဒ်ကို ကြားနာရင်း နှလုံးသွင်းပြီး သုဒ္ဓေါဒန မင်းကြီးသည် သောတာပတ္တိမဂ်ဖိုလ်ရောက်ပြီး သောတာပန် ပုဂ္ဂိုလ် ဖြစ်သွားပါသည်။**

www.thitsarparamisociety.com

www.thitsarparami.org



## မိထွေးတော်ဂေါတမီ သောတာပန်ဖြစ်ပုံ

မြတ်စွာဘုရားသည် ကပိလဝတ်မြို့တော်အတွင်း အိမ်စဉ်လျှောက်၍ ဆွမ်းခံနေစဉ် လမ်းမှာပင် သုဒ္ဓေါဒနမင်းကြီး တစ်ပါးတည်းကိုသာ ဆွမ်းခံအလျှုခံခြင်းကျင့်ဝတ်ကို ဟောကြားတော်မူခဲ့ခြင်း ဖြစ်သည်။

မိထွေးတော် မဟာပဇာပတိဂေါတမီနှင့်တကွသော အခြားပုဂ္ဂိုလ်တွေမှာ ဘုရားရှင်တို့၏ ဆွမ်းခံအလျှုခံခြင်း ကျင့်ဝတ်ကို မကြားနာရ၊ မသိရှိရသေးပါ။

**ထိုဆွမ်းခံကျင့်ဝတ်ကို ထပ်မံနာယူရခြင်းဖြင့် သုဒ္ဓေါဒနမင်းကြီးသည် သောတာပန်ပုဂ္ဂိုလ်အဖြစ်မှ သကဒါဂါမ်ပုဂ္ဂိုလ်အဖြစ်သို့လည်းကောင်း၊ မိထွေးတော် ဂေါတမီသည်လည်း ပုထုဇဉ်အဖြစ်မှ သောတာပန်ပုဂ္ဂိုလ်ဖြစ်မည်** ဆိုသည့် အကြောင်းများကြောင့် သောတာပန်ပုဂ္ဂိုလ်ဖြစ်သော သုဒ္ဓေါဒနမင်းကြီး၏ နန်းတော်တွင် အသင့်ခင်းထားသောနေရာ၌ မြတ်စွာဘုရား ထိုင်ပြီးသောအခါ သုဒ္ဓေါဒနမင်းကြီး အမှူးပြုသော မင်းပရိသတ်များအား ဆွမ်းခံကျင့်ဝတ်တရား ဂါထာတော်ကို ထပ်မံဟောကြားတော်မူပေသည်။

www.thitsarparamisociety.com

www.thitsarparami.org



မမ္ဗံ စရေ သုစရိတံ၊ န နံ ဒုစ္စရိတံ စရေ။
မမ္မစာရီ သုခံ သေတိ၊ အသ္မိံ လောကေ ပရမှိ စ။

## မြန်မာပြန်အဓိပ္ပာယ်

မတရားသဖြင့် ရှာမှီးခြင်းကို ရှောင်ကြဉ်၍ ကောင်းစွာ ကျင့်အပ်သော ဆွမ်းခံကျင့်ဝတ်တရားကို ကျင့်ရာ၏။ ကိုယ်နှုတ်တို့ဖြင့် တိုက်ရိုက်တောင်းခြင်း၊ လှုချင်အောင် အရိပ်အမြွက်ပြ၍ ဟောခြင်း စသော မကောင်းသောအကျင့်ကို မကျင့်ရာ၊ တရားကို ကျင့်သောသူသည် ဤမျက်မှောက်လောက၌လည်းကောင်း၊ တစ်ပါးသော တမလွန်လောက၌လည်းကောင်း ချမ်းသာစွာ အိပ်စက်ရ၊ နေရလေတော့သတည်း။

ထိုဂါထာတရားတော်ကို နာယူပြီး သောတာပန်ပုဂ္ဂိုလ် သုဒ္ဓေါဒနမင်းကြီးသည် သကဒါဂါမ်ပုဂ္ဂိုလ် ဖြစ်ပါသည်။ **မိထွေးတော် မဟာပဇာပတိဂေါတမီသည်လည်း မြမြဲနိုင်ခံ့သော သဒ္ဓါတရားဖြင့် "မြတ်စွာဘုရားသည် ရှေးရှေးဘုရားတို့၏ ကျင့်ဝတ်အတိုင်း ကျင့်သည့် ဆွမ်းခံကျင့်ဝတ်တရား ဂါထာတော်တစ်ပုဒ်ကို ကြားနာရင်း"၊ တရားနှလုံးသွင်းပြီး ပုထုဇဉ်အဖြစ်မှ သောတာပန်ပုဂ္ဂိုလ် ဖြစ်သွားပေသည်။**

www.thitsarparamisociety.com

www.thitsarparami.org



## အာဠာဝကဘီလူး သောတာပန်တည်ခြင်း

ဗုဒ္ဓမြတ်စွာ၏အောင်ခြင်းရှစ်ပါးတွင် မြတ်စွာဘုရားသည် အာဠာဝကဘီလူးကို အောင်နိုင်ခြင်းသည်လည်း တစ်ပါးအပါ အဝင် ဖြစ်ပါသည်။

မြတ်စွာဘုရားသည် အာဠာဝကဘီလူးကို အောင်နိုင် ပြီးနောက် အာဠာဝကဘီလူးသည် ဗုဒ္ဓမြတ်စွာအား ကိုးကွယ်ရာ အဖြစ် ဆည်းကပ်ပါသည်။ ဗုဒ္ဓမြတ်စွာ၏ တပည့်အဖြစ်လည်း ခံယူပါသည်။

မြတ်စွာဘုရားအား မှီခိုအားထားရာအဖြစ် ကိုးကွယ်ဆည်း ကပ်သော၊ မြတ်စွာဘုရား၏ တပည့်အဖြစ်ခံယူသော အာဠာဝက ဘီလူးကို မြတ်စွာဘုရား ဟောကြားတော်မူသည်မှာ-

"သဒ္ဓါယ တရတိ ဩဃံ"

အာဠဝက

**သဒ္ဓါတရားတစ်ခုတည်းနှင့်ပင် မြတ်စွာဘုရား ဟောတော် မူသော တရားတော်ကို ယုံယုံကြည်ကြည်နှင့် အားထုတ်ပါ။ ဝဋ်ဒုက္ခဒွ် နှစ်မွန်းစေတတ်သော တရားအပေါင်းဟု ဆိုအပ်သော ဩဃမှ လွန်မြောက်နိုင်ပေသည်။**

www.thitsarparamisociety.com

www.thitsarparami.org



မြတ်စွာဘုရား ဟောကြားတော်မူသော သဒ္ဓါတရားတစ်ခု တည်းနှင့်ပင် ယုံယုံကြည်ကြည် အားထုတ်ပါ။ ဩဃမှ လွန်မြောက်နိုင်ပါသည် ဆိုသော **"သဒ္ဓါယ တရတိ ဩဃံ" ဂါထာတော် တစ်ပိုဒ်ဖြင့်ပင် အာဠဝကဘီလူး သောတာပန် တည်ပါသည်။**

**သဒ္ဓါတရား ထက်ထက်သန်သန်ဖြင့် အားထုတ်လိုက် သည်နှင့်ပင် ယိုစီးခြင်းဆိုသည့် အာသဝေါတရားလေးပါးတို့ အနက် ဒိဋ္ဌာသဝဆိုသည့် ဒိဋ္ဌိအာသဝေါတရား ကင်းစင်ပေသည်။ အပါယ်ကို ကျရောက်စေတတ်သော ဒိဋ္ဌိကင်းစင်ခြင်း ဖြစ်ပေသည်။**

**သဒ္ဓါတရားတစ်ခုတည်း မြဲမြဲခိုင်ခံ့လာသည်နှင့်ပင် အပါယ် လေးပါးကို ကျစေတတ်သော၊ ဝဋ်ဒုက္ခမှ နစ်မွန်းစေတတ်သော တရားအပေါင်းဟု ဆိုအပ်သော ဩဃတရားလေးပါးတို့အနက် ဒိဋ္ဌိဩဃဆိုသည့် ဒိဋ္ဌောဃကိုလည်း ကင်းစင်အောင် ထုတ်ဆောင် နိုင်ပေသည်။**

**အပါယ်လေးပါးကို ရောက်စေတတ်သော တရားကို စင် အောင်၊ ပြောင်အောင် နှင်ထုတ်နိုင်ခြင်းသည် မြဲမြဲခိုင်ခံ့သော သဒ္ဓါတရားကြောင့်ပင် ဖြစ်ပေသည်။**

အပါယ်လေးပါး တံခါးပိတ်ရန် မြတ်စွာဘုရား ဟောကြား တော်မူသော တရားတော်များကို မြဲမြဲခိုင်ခံ့သော သဒ္ဓါတရား နှင့် မိမိတို့၏စိတ်ကို ရှုမှတ်နေကြလျှင်လည်း ဒိဋ္ဌိပျောက်ကွယ် ကင်းစင်၍ အပါယ်လေးပါးတံခါး ပိတ်နိုင်ပါသည်။

www.thitsarparamisociety.com

www.thitsarparami.org



**မြဲမြံခိုင်ခံ့သော သဒ္ဓါတည်းဟူသော လက်ဖြင့်ကိုင်ပြီး ခုတ်ဖြတ်မှသာလျှင်လည်း ဒိဋ္ဌိတည်းဟူသော အပါယ်ကို ကျရောက်စေသော ရေသောက်မြစ် ပြတ်ပါမည်။**

မြတ်စွာဘုရားသည် အာဠဝကဘီလူး သောတာပန်တည်စေမည့် "သဒ္ဓါယ တရတိ ဩဃံ" ဂါထာကို ဟောကြားတော်မူပြီးနောက်၊ နောက်စကားတစ်လုံးကိုလည်း ဆက်လက်ဟောကြားတော်မူပါသည်။

## သံသရာပင်လယ်ကြီးကို လွန်မြောက်ရန်

မြတ်စွာဘုရားက အာဠဝကဘီလူးကို ထပ်မံဟောကြားသည်မှာ

**"အပ္ပမာဒေန အဏ္ဏဝံ"**

**သတိတရားကို လက်ကိုင်ထားပြီး အပြင်ကျယ်ပြောလှစွာသော သံသရာပင်လယ်ကြီးကို လွန်မြောက်နိုင်ပါ၏ဟု ဟောကြားတော်မူပါ၏။**

www.thitsarparamisociety.com

www.thitsarparami.org



**သဒ္ဓါတရားဖြင့် ဒိဋ္ဌိကင်းစင်၍ အပါယ်လေးပါးတံခါး ပိတ်ပါသည်။**

သဒ္ဓါတရားအပြင် ထပ်မံ၍ "အပ္ပမာဒေန အဇ္ဈတ္တံ" ဆိုသည့် သတိတရားဖြင့် ထပ်မံ နှလုံးသွင်း ရှုမှတ်သည့်အခါ အပြင်ကျယ်စွာ သံသရာကြီးဖြစ်သော ဩဃပင်လယ်ပြင်ကြီးကို ပင် လွှန်မြောက်နိုင်သည်။ (ကာမဩဃ၊ ဘဝဩဃ၊ ဒိဋ္ဌိဩဃ နှင့် အဝိဇ္ဇာဩဃဟုခေါ်ဆိုအပ်သော ဝဋ်ဒုက္ခမှ နစ်မွန်းစေတတ် သော ကာမောဃ၊ ဘဝေါဃ၊ ဒိဋ္ဌောဃ၊ အဝိဇ္ဇောဃ စသည့် ဩဃလေးပါးစလုံးကို လွှန်မြောက်နိုင်ပေသည်)။

**သဒ္ဓါတရားဖြင့် သတိထားပြီး ပညာနှင့် ရှုမှတ်ပြီးဆိုမှဖြင့် အပြင်ကျယ်စွာ သံသရာပင်လယ်ကြီးကိုပင် လွှန်မြောက်နိုင်ကြ သည် ဖြစ်ပေ၏။**

သဒ္ဓါတရားဖြင့် အပါယ်သံသရာကြီးကို လွှန်မြောက်နိုင် ပေသည်။ သတိတရားဖြင့် အပါယ်သံသရာအပါအဝင် သံသရာ တစ်ခုလုံးကို လွှန်မြောက်နိုင်ပါပေ၏။

www.thitsarparamisociety.com

www.thitsarparami.org



## ပဋ္ဌာန်းသမ္ဘိဒါမဂ်ပါဠိတော်နှင့် ပုဂ္ဂလပညတ်ပါဠိတော်

မြဲမြံခိုင်ခံ့သည့် သဒ္ဓါတရားဖြင့် ဗုဒ္ဓဘာသာဝင် သူတော်ကောင်း သူတော်စင်တို့သည် ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်များကို ဆောင်ရွက်ခဲ့ပြီး၊ ဆက်လက်ဆောင်ရွက်ဆဲနှင့် ဆက်လက်၍လည်း နောင်တွင် ကုသိုလ်တရားများကို သောတာပန်၊ သောတာပန်မှသည် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သည်အထိ ဆက်လက်ကြိုးပမ်းအားထုတ်ဆောင်ရွက်ကြမည် ဖြစ်ပေသည်။

သို့ဖြစ်ပါ၍ သဒ္ဓါတရားကို ချီးမြှင့်နိုင်ခြင်းအတွက် ပဋိသမ္ဘိဒါမဂ်နှင့် ပုဂ္ဂလပညတ်ပါဠိတော်တို့တွင် မြတ်စွာဘုရား ဟောကြားထားသည့် မြဲမြံခိုင်ခံ့သည့် သဒ္ဓါတရား (သဒ္ဓါ+ဣန္ဒြေ= သဒ္ဓိန္ဒြေ) များနှင့် ဆက်နွယ်နေသည်များကို ဆက်လက်တင်ပြပါမည်။

www.thitsarparamisociety.com

www.thitsarparami.org



## သဒ္ဓါနုသာရီပုဂ္ဂိုလ်နှင့် သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်

သောတာပန်ပုဂ္ဂိုလ် မျက်မှောက်ပြုသော သောတာပတ္တိဖိုလ်အလို့ငှာ ကျင့်ကြံပွားများအားထုတ်သော သူတော်ကောင်းအား သဒ္ဓိန္ဒြေသည် လွန်ကဲစွာ ဖြစ်ပေ၏။

မြဲမြံခိုင်ခံ့သည့် သဒ္ဓါတရား (သဒ္ဓိန္ဒြေ) ဖြင့် ကျင့်ကြံကြိုးပမ်း အားထုတ်သော သူတော်ကောင်းပုဂ္ဂိုလ်ကို "သဒ္ဓါနုသာရီ" ပုဂ္ဂိုလ်ဟူ၍ ခေါ်ဆိုပေသည်။

သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်းငှာ ကျင့်ဆဲဖြစ်သော သူတော်ကောင်းပုဂ္ဂိုလ်ကို သဒ္ဓါနုသာရီဟု ခေါ်ဆိုပြီး၊

သောတာပတ္တိဖိုလ်၌ တည်ပြီးဖြစ်သော သောတာပန်ပုဂ္ဂိုလ်ကို သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်ဟု ခေါ်ဆိုပေ၏။

www.thitsarparamisociety.com

www.thitsarparami.org



## မြဲမြံခိုင်ခံ့သည့် သဒ္ဓါတရား (သဒ္ဓိန္ဒြေ) အကြောင်း ထပ်လောင်းသိကောင်းစရာများ

- သဒ္ဓါတရားရှိသောပုဂ္ဂိုလ်သည် ပညာမျက်စိ၌ ကိလေသာမြူနည်းသူ ဖြစ်၏။

- သဒ္ဓါတရားရှိသောပုဂ္ဂိုလ်သည် မြဲမြံခိုင်ခံ့သည့် ဣန္ဒြေထက်သူ ဖြစ်၏။

- သဒ္ဓါတရားရှိသောပုဂ္ဂိုလ်သည် ကောင်းသော အခြင်းအရာရှိသူ ဖြစ်၏။

- သဒ္ဓါတရားရှိသော ယုံကြည်သောပုဂ္ဂိုလ်သည် သိစေလွယ်သူ ဖြစ်၏။

- သဒ္ဓါတရားရှိသောပုဂ္ဂိုလ်သည် တမလွန်လောကနှင့် ရာဂစသော အပြစ်တို့ကို ဘေးဟု ရှုမြင်သူ ဖြစ်၏။

- သဒ္ဓိန္ဒြေဖြင့် မမြဲသော သင်္ခါရတရားများအပေါ် ''မမြဲသောအားဖြင့်သာ နှလုံးသွင်းရမည်'' ဟု ပြတ်သားစွာ ဆုံးဖြတ်ချက်ချနိုင်သောပုဂ္ဂိုလ် ဖြစ်သည်။

- ထိုသို့ နှလုံးသွင်းသော သူတော်ကောင်းပုဂ္ဂိုလ်အား ကျန်ဣန္ဒြေလေးပါးတို့သည်လည်း လိုက်ပါဖြစ်ပေါ်လာပေ၏။

www.thitsarparamisociety.com

www.thitsarparami.org



- သဒ္ဓိန္ဒြေကြောင့်သာလျှင် ဝီရိယိန္ဒြေ၊ သတိန္ဒြေ၊ သမာဓိန္ဒြေနှင့် ပညိန္ဒြေ အစရှိသည့် ဝီရိယ၊ သတိ၊ သမာဓိနှင့် ပညာဗ္ဗန္ဒြေတို့သည် အချင်းချင်း

- သဟဇာတ ဖြစ်၏။

- အညမည ဖြစ်၏။

- အထောက်အပံ့ နိဿယနှင့် ယှဉ်တွဲသည့် သမ္ပယုတ္တ တရားတို့ အချင်းချင်း ဖြစ်ပေါ်ပေ၏။

- ယုံကြည်သည့်အဖြစ်ကြောင့် လွတ်မြောက်သူကို သဒ္ဓါဝိမုတ္တဟု ခေါ်ဆိုပေ၏။

- သဒ္ဓိန္ဒြေ၏ အစွမ်းအားဖြင့်သာလျှင် ကျင့်ကြံကြိုးပမ်း အားထုတ်သူ သူတော်ကောင်းသည် သဒ္ဓါဝိမုတ္တ ဖြစ်ပေ၏။

- အလုံးစုံသော ကျင့်ကြံကြိုးပမ်း အားထုတ်သူတို့သည် သဒ္ဓိန္ဒြေ၏အစွမ်းအားဖြင့်သာ သစ္စာလေးပါးတရားတို့ကို ပိုင်းခြား၍ သိရှိသဖြင့် သဒ္ဓါဝိမုတ္တပုဂ္ဂိုလ် ဖြစ်ပေ၏။

www.thitsarparamisociety.com

www.thitsarparami.org



# သောတာပန်ဖြစ်ဖို့ ပုထုဇဉ်အနွယ်ဇာတ်ကို ဖြတ်ကြပါစို့ (အပိုင်း-၄) အာသီသ

ဗုဒ္ဓဘာသာဝင် သူတော်ကောင်း သူတော်စင်တို့ကို ဤစာအုပ်၏ အခန်း(၃)တွင် ကိုးကွယ်မှီခိုအားထားရန် အမှန်ဖြစ်တော်မူသော ဗုဒ္ဓဘာသာ သာသနာတော်၊ မြတ်ဗုဒ္ဓနှင့် မြတ်ဗုဒ္ဓတရားတော်၊ မြတ်ဗုဒ္ဓ၏ တပည့်သား သံဃာတော်များကို ဓမ္မအမြင်ဖြင့် ရှုမြင်ပြီး၊ မွန်မြတ်သည့် သဒ္ဓါတရားဖြင့် ကြည်ညိုမှီခိုအားထားကိုးကွယ်ကြနိုင်ရန် တင်ပြခဲ့ပါသည်။

**သူတော်စင်အပေါင်းတို့သည် မြဲမြံခိုင်ခံ့သော သဒ္ဓါတရား (သဒ္ဓိန္ဒြေ)ဖြင့် ပြည့်စုံသည်ဖြစ်၍ မြတ်သော သောတာပန်အတွက် ကျင့်ကြံကြိုးပမ်း အားထုတ်သော သဒ္ဓါနုသာရီပုဂ္ဂိုလ်အဖြစ်လည်းကောင်း၊ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုသော မြတ်သော သောတာပန်ဖြစ်သည့် သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်အဖြစ်လည်းကောင်း လျှင်မြန်စွာ ရောက်ရှိနိုင်ကြပါစေ။**

www.thitsarparamisociety.com

www.thitsarparami.org

# အခန်း (၉)

# ကျေးရူးတော်ရှင်ဆရာတော်ကြီးများ၏

# ဩဝါဒများ

www.thitsarparamisociety.com

www.thitsarparami.org

## မဟာစည်ဆရာတော်ကြီး၏ ဩဝါဒ
## သောတာပန်ဖြစ်ပုံ

နာမရူပပရိစ္ဆေဒဉာဏ်၊ သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ်၊ ဘင်္ဂဉာဏ်၊ အဲဒီ ဘင်္ဂဉာဏ်ဖြင့် မပြတ်ဆက်ပြီး ရှုနေလျှင် ဘယဉာဏ် စသည်တွေ အစဉ်အတိုင်းဖြစ်ပြီး သင်္ခါရတွေကို သိရုံ၊ သိရုံမျှ လျစ်လျူရှုနိုင်တဲ့ သင်္ခါရုပေက္ခာဉာဏ်ရောက်တယ်၊ အဲဒီ သင်္ခါရုပေက္ခာဉာဏ် ရင့်သန်တဲ့အခါမှာ မပြတ်ဖြစ်ပျက်နေတဲ့ ရုပ်နာမ်တွေကို ရှုသိနေရင်းထဲကပင် ရုပ်နာမ်သင်္ခါရတွေ လုံးဝချုပ်ငြိမ်းတဲ့သဘောထဲကို အသိဉာဏ်က ရောက်သွားတယ်၊ အဲဒါက အရိယမဂ်ဉာဏ် ဖိုလ်ဉာဏ်ပဲ။

အဲဒီလို မဂ်ဖိုလ်ဉာဏ်တစ်ကြိမ်ဖြစ်ရင်
သောတာပန်ပုဂ္ဂိုလ် ဖြစ်တယ်။

(နိဗ္ဗာန်ဆိုင်ရာတရားတော်)
(၁၃၂၆–ခုနှစ် တော်သလင်းလဆန်း (၈)ရက်နေ့)

www.thitsarparamisociety.com

www.thitsarparami.org

# အခန်း (၉)
# ကျေးဇူးတော်ရှင်ဆရာတော်ကြီးများ၏ ဩဝါဒများ

သောတာပန်ဖြစ်ဖို့ ပုထုဇဉ်အနွယ်ဇာတ်ကို ဖြတ်ကြပါစို့ စာအုပ်တွင် ရည်မှန်းချက်ပန်းတိုင်၊ ပုထုဇဉ်၊ မြတ်ဗုဒ္ဓ၏သာသနာတော်၊ သောတာပန်တို့နှင့်ဆက်နွယ်၍ အခန်း(၄)ခန်းကို ပြုစုတင်ပြခဲ့ပါသည်။

ဆက်လက်၍ နောက်ထပ် အခန်း(၄)ခန်းဖြင့်

ပုထုဇဉ်အနွယ်ဇာတ်ကိုဖြတ်မည့် သောတာပန်ဖြစ်ရန်

၁/၂။ မြတ်စွာဘုရား၊ မြတ်စွာဘုရား ဟောကြားတော်မူသောတရား၊ မြတ်စွာဘုရား၏ တပည့်သား သံဃာတော်များကို မတုန်မလှုပ် သက်ဝင်ကြည်ညိုခြင်းနှင့် အရိယာတို့ နှစ်သက်အပ်သော သီလနှင့် ပြည့်စုံစေရန်ကိုလည်းကောင်း၊

၃။ သတိပဋ္ဌာန်နည်းလမ်းဖြင့် ဝိပဿနာတရား ရှုမှတ်၍ ပယ်ရမည့် သံယောဇဉ် (၁၀) ပါးအနက် ပဌမဦးစွာ သံယောဇဉ် (၅) ပါးကို ပယ်ရန်ကိုလည်းကောင်း၊

၄။ မြဲမြံခိုင်ခံ့သော သဒ္ဓါတရား (သဒ္ဓိန္ဒြေ)ဖြင့် သဒ္ဓါနုသာရီပုဂ္ဂိုလ်၊ သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်ဖြစ်ရန်လည်းကောင်း တင်ပြခဲ့ပါသည်။

www.thitsarparamisociety.com

www.thitsarparami.org



ယခုဆက်လက်၍ သောတာပန်ဖြစ်ရန် ကျင့်ကြံကြိုးပမ်းအားထုတ်မှုများနှင့် ဆက်နွယ်၍ ကျေးဇူးတော်ရှင်ဆရာတော်ကြီးများ၏ ဩဝါဒများကို ကောက်နုတ်တင်ပြပါမည်။

## မိုးကုတ်ဆရာတော်ကြီး

တို့တရားနာတဲ့ သဒ္ဓါတရား၊ တို့တရားအားထုတ်တဲ့ သဒ္ဓါတရား၊ တို့တရားနှလုံးသွင်းတဲ့ သဒ္ဓါတရားသည် ဘာမှကျေးဇူးဥပကာရမရှိဘူးလို့ ဒီလိုမယူဘဲ

အပါယ်လေးပါးတံခါးပိတ်တဲ့ သောတာပတ္တိမဂ်ကို ဖြစ်စေနိုင်တယ်ဆိုတာ ယုံကြည်ရမယ်။

ဒကာ ဒကာမတွေ

သဒ္ဓါတရားသည် သောတာပတ္တိမဂ်ကို ဖြစ်စေနိုင်တယ်ဆိုတာ သေသေချာချာ ယုံကြည်ကြပါနော်။

(အာဠဝကဘီလူးသောတာပန်တည်သောတရားတော်)
(၆-၁၂-၁၉၆၀)

www.thitsarparamisociety.com

www.thitsarparami.org



## မဟာစည်ဆရာတော်ကြီး
## သီလကထာဒေသနာ

သီလရန့်၊ မွှေးပျံ့ကြိုင်စွာ၊

သီလဆင်သိုင်း၊ ရှုတိုင်းလှပါ၊

သီလစောင့်ငြား၊ မလားပါယ်ရှာ၊

မြတ်သီလ စိတ်ချကိုးကွယ်ရာ။

### သောတာပန်ဖြစ်ပုံ

နာမရူပ ပရိစ္ဆေဒဉာဏ်၊ သမ္မသနဉာဏ်၊ ဥဒယဗ္ဗယ ဉာဏ်၊ ဘင်္ဂဉာဏ်၊ အဲဒီ ဘင်္ဂဉာဏ်ဖြင့် မပြတ်ဆက်ပြီး ရှုနေလျှင် ဘယဉာဏ် စသည်တွေ အစဉ်အတိုင်းဖြစ် ပြီး သင်္ခါရတွေကို သိရုံ၊ သိရုံမျှ လျစ်လျူရှုနိုင်တဲ့ သင်္ခါ ရုပေက္ခာဉာဏ်ရောက်တယ်၊ အဲဒီ သင်္ခါရုပေက္ခာဉာဏ် ရင့်သန်တဲ့အခါမှာ မပြတ်ဖြစ်ပျက်နေတဲ့ ရုပ်နာမ်တွေကို ရှုသိနေရင်းထဲကပင် ရုပ်နာမ်သင်္ခါရတွေ လုံးဝချုပ်ငြိမ်းတဲ့

www.thitsarparamisociety.com

www.thitsarparami.org



သဘောထဲကို အသိဉာဏ်က ရောက်သွားတယ်၊ အဲဒါက အရိယာမဂ်ဉာဏ် ဖိုလ်ဉာဏ်ပဲ။

အဲဒီလို မဂ်ဖိုလ်ဉာဏ်တစ်ကြိမ်ဖြစ်ရင်
သောတာပန်ပုဂ္ဂိုလ် ဖြစ်တယ်။

(နိဗ္ဗာန်ဆိုင်ရာတရားတော်)
(၁၃၂၆-ခုနှစ် တော်သလင်းလဆန်း (၈) ရက်နေ့)

www.thitsarparamisociety.com

www.thitsarparami.org



## ကွမ်းတော ဓောကရ ဆရာတော်ဘုရားကြီး

- ဒါနတည်းဟူသော ဂုဏ်အင်၊ သီလတည်းဟူသော ဂုဏ်အင် အခြေခံနှင့် ပြည့်စုံ၍ ဝိပဿနာတရား ဆင်ခြင်ပွားများလိုက်လျှင် အောက်ထစ်ဆုံး သောတာပန် အဆင့်လောက်တော့ ဝင်နိုင်သည်။ အောက်ထစ်ဆုံး သောတာပန်အဆင့်ရောက်အောင် ကြိုးစားရမည်။

- သောတာပန်အဆင့်ရောက်မှ အပါယ်ဘေးတွေက ကင်းဝေးပြီးသကာလ ဝိသာခါကဲ့သို့ ဘုံစဉ်စံကာ နိဗ္ဗာန်ကို စံမြန်းနိုင်ရလိမ့်မည်။

(အပ္ပမာဒဓမ္မရသမဂ္ဂဇင်း၊ ၂၀၀၁-ခုနှစ် ဖေဖော်ဝါရီလ)

www.thitsarparamisociety.com

www.thitsarparami.org



## သဒ္ဓမ္မရံသီရိပ်သာဆရာတော်
## (အရှင်ကုဏ္ဍလာဘိဝံသ)
## သောတာပန်ဖြစ်မှ စိတ်ချရ

အသိဉာဏ်ပြည့်ဝကြသော ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်တို့သည် ''နိဗ္ဗာန်ချမ်းသာသို့ မရောက်မီအကြားတွင် ဘဝပေါင်းများစွာ ဖြစ်ကြရလိမ့်ဦးမည်'' ဟု သိနေကြပေသည်။

**မိမိတို့ဘဝသည် သောတာပန်မဖြစ်သေးသမျှ ကာလပတ်လုံး စိတ်မချရသေးပေ။** ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် တည်းဟူသော အပါယ်ဘုံဘဝများနှင့် တစ်စပ်တည်းပင် တည်လျက်ရှိကြပေသည်။

ကွယ်လွန်ခါနီးမှာ နှလုံးမသာမယာဖြစ်ဖွယ်ရာ အာရုံတစ်ခုခုကိုသော်လည်းကောင်း၊ စွဲလမ်းဖွယ်ရာ အာရုံတစ်ခုခုကို သော်လည်းကောင်း အာရုံပြု၍ ကွယ်လွန်သွားရပါက တစ်ခဏအတွင်းမှာပင် ယုတ်နိမ့်သော အပါယ်ဘုံဘဝများသို့ ရောက်သွားကြရမည် ဖြစ်ပေသည်။

ထို့ကြောင့် စိတ်မချရသေးပေ။ သောတာပန်ဖြစ်ပြီးမှသာ စိတ်ချရမည် ဖြစ်ပေသည်။

www.thitsarparamisociety.com

www.thitsarparami.org



သို့ဖြစ်၍ သောတာပန်ဖြစ်လိုကြသော ပုဂ္ဂိုလ်များအတွက် သောတာပန်ဖြစ်ကြောင်း အင်္ဂါလေးပါးကို မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည်။

၁။ သပ္ပုရိသသံသေဝေါ

သူတော်ကောင်း၊ ဆရာကောင်းကို မှီဝဲဆည်းကပ်ရမည်။

၂။ သဒ္ဓမ္မဿဝနံ

သူတော်ကောင်းတရားတို့ကို နာကြားနေရမည်။

၃။ ယောနိသောမနသိကာရော

ကုသိုလ်ဖြစ်အောင် နှလုံးသွင်းတတ်ရမည်။

၄။ ဓမ္မာနုဓမ္မပဋိပတ္တိ

မဂ်၊ ဖိုလ်၊ နိဗ္ဗာန်တည်းဟူသော လောကုတ္တရာတရား (၉) ပါး အားလျော်သည့် အကျင့်မြတ် ရှိရမည်။

ဟူ၍ သောတာပန်ဖြစ်ကြောင်း အင်္ဂါ (၄) ပါးကို ဟောကြားတော်မူခဲ့ပါသည်။

(ပါထေယျ-ပါ-၁၉၀)

www.thitsarparamisociety.com

www.thitsarparami.org



သောတာပန်ဖြစ်လိုကြသောပုဂ္ဂိုလ်တို့သည်
မဂ်၊ ဖိုလ်၊ နိဗ္ဗာန်အား အလျှော်ဆုံးဖြစ်သည့် ဝိပဿနာ
တရား အားထုတ်ကြရမည် ဖြစ်ပေသည်။

ဝိပဿနာတရား အားထုတ်ကြသော ပုဂ္ဂိုလ်တို့သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တဉာဏ်အမြင်များ ပြည့်စုံသွားသောအခါ သောတာပတ္တိမဂ်ဉာဏ်၊ ဖိုလ်ဉာဏ်သို့ရောက်၍ သောတာပန် ဖြစ်သွားကြမည် ဖြစ်ပေသည်။ **သောတာပန်ဖြစ်သွားပြီးသော အခါ ဘယ်သောအခါမှ အပါယ်သံသရာသို့ ပြန်မရောက်ရ တော့ပါဘဲ ဘဝသံသရာ၌ စိတ်ချစွာ နေထိုင်ကြရမည် ဖြစ်ပေ သည်။**

(အပ္ပမာဒဓမ္မရသ မဂ္ဂဇင်း ၂၀၀၃-ခုနှစ် ဖေဖော်ဝါရီလ)

www.thitsarparamisociety.com

www.thitsarparami.org



# ပဏ္ဍိတာရာမ
# ရွှေတောင်ကုန်းဆရာတော်
# သာသနာပိုင်ဖြစ်အောင် ကြိုးစားကြပါ

သာသနာပိုင်ဖြစ်တယ်ဆိုတာ အနည်းဆုံး တစ်မဂ်တစ်ဖိုလ် ရမှ သာသနာပိုင်တာ၊ မဟုတ်ရင် သာသနာပိုင် မဟုတ်သေးဘူး။

အဲဒီ ဆရာတော်ကြီးဆိုလိုတာက အနည်းဆုံး အရိယာ ဖြစ်အောင် အားထုတ်ကြပါ။

သောတာပန်ဖြစ်အောင် အားထုတ်ပါ။ ဒါမှ သာသနာ ပိုင်မယ် ပြောတာ။

(၂၀၀၇-ခုနှစ် မတ်လတွင် ပထမအကြိမ် ထုတ်ဝေသော "သာသနာပိုင်ဖြစ်အောင် ကြိုးစားကြပါ" စာအုပ်မှ ကောက်နုတ် ဖော်ပြအပ်ပါသည်။)

www.thitsarparamisociety.com

www.thitsarparami.org



## သာသနာပိုင်ဖြစ်အောင် ကြိုးစားကြပါ

ပဏ္ဍိတာရာမ၊ ရွှေတောင်ကုန်းဆရာတော် ၂၃-၁၁-၂၀၀၂ ရက်နေ့တွင် ဟောကြားတော်မူသော တရားတော်ပါ ဩဝါဒနှင့် ဆက်နွယ်၍ အနည်းငယ် ဆက်လက်တင်ပြပါရစေ။

ဟိုရှေးအခါက ထင်ရှားသည့် ဆရာတော်ကြီးတစ်ပါးထံ ချဉ်းကပ်လာသူ ရဟန်းတွေကို ဆရာတော်ကြီးက စကား လက်ဆောင်လေးတစ်ခု ပေးလေ့ရှိပါသည်။

"မောင်ပဉ္စင်း သာသနာပိုင်ဖြစ်အောင် လုပ်နော်၊ ကြိုးစား နော်" ဆိုသည့် စကားလက်ဆောင်ပင် ဖြစ်ပေသည်။

ထင်ရှားသည့် ဆရာတော်ကြီးက ရဟန်းတွေကို ပေးလေ့ ရှိတဲ့ အဲဒီလက်ဆောင်စကားကို ကြားရသူ ရွှေဥမင်ဆရာတော် ကြီး၏စိတ်ထဲမှာ လွန်စွာပင် ကျေနပ်လှပေသည်။

ကျောက်တန်း မဟာဗောဓိတောရမှာ ရွှေတောင်ကုန်း ဆရာတော်အနားယူနေစဉ် ရွှေဥမင်ဆရာတော်ကြီး ရောက်ရှိတော် မူပြီး မိန့်တော်မူသည်မှာ-

**မဟာဗောဓိတောရမှာ အေးအေးဆေးဆေးလာရောက်ပြီး အချိန်ရသည့် အခိုက်အတန့်မှာ ကိုယ့်ကျိုးကိုယ့်စီးပွား အစစ်အမှန် ကို လာပြီးလုပ်တာ၊ သာသနာပိုင်ဖြစ်အောင် လုပ်နေခြင်း ဖြစ်ပါ သည်။ သာသနာပိုင်လမ်းစဉ်ပင် ဖြစ်ပါသည်ဆိုသော အားပေး စကား ဖြစ်ပေ၏။**

www.thitsarparamisociety.com

www.thitsarparami.org



# ရွှေဥမင်ဆရာတော်ကြီးနှင့် ရွှေတောင်ကုန်းဆရာတော်

ပဏ္ဍိတာရာမ၊ ရွှေတောင်ကုန်းဆရာတော် ဟောကြားတော်မူသော တရားတော်ပါဩဝါဒနှင့် ဆက်နွှယ်၍ ဆက်လက်ရှင်းလင်းတင်ပြပါမည်။

ကျောက်တန်း မဟာဗောဓိတောရမှာ ရွှေတောင်ကုန်းဆရာတော် အနားယူနေစဉ် ရွှေဥမင်ဆရာတော်ဘုရားကြီး ကြွရောက်တော်မူလာပြီး ရွှေတောင်ကုန်းဆရာတော်ကို ဤသို့ မိန့်တော်မူပါသည်။

"မဟာဗောဓိတောရမှာ အေးအေးဆေးဆေးလာရောက်ပြီး အချိန်ရသည့်အခိုက် ကိုယ့်ကျိုးကိုယ့်စီးပွား အစစ်အမှန်ကို လုပ်နေတာ၊ သာသနာပိုင်ဖြစ်အောင် လုပ်နေခြင်းသာ ဖြစ်သည်။ သာသနာပိုင်လမ်းစဉ်ပင် ဖြစ်ပါသည်" ဆိုသော အားပေးစကားကို ရွှေတောင်ကုန်းဆရာတော်အား မိန့်တော်မူခြင်း ဖြစ်ပါသည်။

ရှေးအခါက ထင်ရှားသည့် ဆရာတော်ကြီးတစ်ပါးထံ ချဉ်းကပ်လာသူ ရဟန်းများကို ဆရာတော်ဘုရားကြီးက စကားလက်ဆောင်လေးတစ်ခု ပေးလေ့ရှိပါသည်။

www.thitsarparamisociety.com

www.thitsarparami.org



ထိုစကားလက်ဆောင်မှာ
"မောင်ပဥ္စင်း၊ သာသနာပိုင်ဖြစ်အောင်လုပ်နော်၊
ကြိုးစားနော်"
ဆိုသည့်စကားလက်ဆောင်ပင် ဖြစ်၏။

ထိုစကားလက်ဆောင်ကို ကြားသိခဲ့ရဖူးသူ
ရွှေဥမင်ဆရာတော်ဘုရားကြီးက စိတ်ထဲတွင်
လွှန်စွာကျေနပ်ခဲ့ပါသဖြင့်
ရွှေတောင်ကုန်းဆရာတော်ကြီးကိုလည်း

"အရှင်ဘုရား သာသနာပိုင်ဖြစ်အောင်
လုပ်နေခြင်းဖြစ်သည်" ဟု
အားပေးစကား မိန့်တော်မူခဲ့ခြင်း ဖြစ်ပေသည်။

www.thitsarparamisociety.com

www.thitsarparami.org



# သာသနာပိုင်

**သာသနာပိုင်ဆိုသည်မှာ မြတ်စွာဘုရား၏ အဆုံးအမများကို ပိုင်ဆိုင်ခြင်း ဖြစ်ပေသည်။**

"သာသနာပိုင်ဖြစ်အောင် ကြိုးစားပါ" ဆိုသည်မှာ ရဟန်းတော်များသာမက ဗုဒ္ဓဘာသာဝင် သူတော်ကောင်း သူတော်စင်များအားလုံးနှင့် သက်ဆိုင်နေပါသည်။

"မိမိတို့တွင် တစ်ကိုယ်ရေ သာသနာ ပြည့်စုံပိုင်နိုင်အောင် လုပ်ပါ" ဆိုသည့် အဓိပ္ပာယ်ဖြစ်ပါသဖြင့် ဗုဒ္ဓဘာသာဝင် ဖြစ်ကြသူ ပုဂ္ဂိုလ်များအားလုံး၊ လူငယ်လူရွယ်၊ လူလတ်ပိုင်းနှင့် လူကြီးများအားလုံး သာသနာပိုင်ဖြစ်အောင် ကြိုးစားပါ" ဆိုသည့် တိုက်တွန်းချက်နှင့် သက်ဆိုင်သူများသာ ဖြစ်ကြပါသည်။

www.thitsarparamisociety.com

www.thitsarparami.org



## သီလ၊ သမာဓိ နှင့် ပညာ

မြတ်ဗုဒ္ဓက သီလဆိုင်ရာအကျင့်၊ သမာဓိဆိုင်ရာအကျင့်နှင့် ပညာဆိုင်ရာအကျင့်တွေကို သူတော်ကောင်းများအား ကျင့်ကြံကြိုးပမ်းအားထုတ်ရန် ညွှန်ကြားထားတော်မူပါသည်။

မြတ်ဗုဒ္ဓ ညွှန်ကြားတော်မူသည့်အတိုင်း လိုက်နာကျင့်ကြံကြိုးပမ်းအားထုတ်ကြသူများသည် ကျင့်ကြံကြိုးပမ်းအားထုတ်ကြသလောက် သီလကို ကျင့်သုံးသူတွေမှာ ကိုယ်မှု၊ နှုတ်မှုတွေ စင်ကြယ်ပြီး ယဉ်ကျေးနူးညံ့လာပါသည်။

စိတ်တွေကို တည်ငြိမ်သန့်ရှင်းအောင်ပြုသည့် သမာဓိကို ကျင့်ကြံကြိုးပမ်းသူတွေမှာလည်း စိတ်နေစိတ်ထားများ ဖြူစင်သန့်ရှင်းပြီး စိတ်ဓာတ်ခိုင်မာရင့်သန်လာပါသည်။

ကိလေသာများကို အချိန်ပိုင်းအားဖြင့် ကင်းစင်အောင်၊ အချိန်ပြည့်ကင်းစင်အောင် ဝိပဿနာပညာအကျင့်ကို ကျင့်ကြံကြိုးပမ်းအားထုတ်သူတွေမှာလည်း ဝိပဿနာပညာနှင့် မဂ်ပညာ အဆင့်ဆင့်ဖြစ်ပြီဆိုလျှင် ကိလေသာများကင်းစင်ပြီး စိတ်သည်လည်း အပြစ်အနာဆာကင်းပြီး သန့်ရှင်း၊ ယဉ်ကျေးနူးညံ့၊ အေးချမ်းသွားပါသည်။

အနည်းဆုံး တစ်မဂ်၊ တစ်ဖိုလ် ရသွားပြီးဆိုလျှင် လူ့ဘဝအဖြစ်နှင့် သာသနာတော်ကြီးကို တွေ့ကြုံရကျိုးနပ်သွားပါပြီ။

တစ်မဂ်၊ တစ်ဖိုလ်ရသွားပြီဆိုလျှင် ဘဝအာမခံချက်ရလို့ စိတ်ချသွားရပါပြီ။ ရဟန္တာဖြစ်တဲ့အထိ ပြီးဆုံးတိုင်ရောက်သွားလျှင် အထူးပြောစရာ မရှိတော့ပါ။

www.thitsarparamisociety.com

www.thitsarparami.org



## ကိုယ်၊ နှုတ်၊ စိတ် (၃) မျိုးစလုံး နှစ်သက်စရာ

မြတ်စွာဘုရား ဆိုဆုံးမသော သီလ၊ သမာဓိနှင့် ပညာ အကျင့်ကောင်းများကို သိနားလည်ပြီး ကျင့်သုံးသည့် သူတော်ကောင်းတွေသည် ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ စိတ်နေစိတ်ထား (၃) မျိုးစလုံးမှာ အပြစ်အနာအဆာများ ကင်းစင်ပြီး သန့်ရှင်း၊ ယဉ်ကျေးနူးညံ့၊ အေးချမ်းသွားပါသည်။ နှစ်သက်စရာများ ဖြစ်သွားကြပါသည်။

မြတ်စွာဘုရား၏ အဆုံးအမ၊ ကျင့်နည်းမှန်တရားနှင့် လက်တွေ့ကျကျကျင့်သုံး၍ ရရှိသည့် သီလ၊ သမာဓိ၊ ပညာ အကျင့်တရား (၃) ခုကိုပင် သာသနာဟု ခေါ်ဆိုပေသည်။

ကိုယ်၊ နှုတ်၊ စိတ် (၃) မျိုးလုံး အချိုးကျ၍ အပိုးသေအောင် ဆုံးမညွှန်ကြားကြောင်းဖြစ်သော ယဉ်ကျေးမှုလည်း ဖြစ်ပေတော့သည်။

www.thitsarparamisociety.com

www.thitsarparami.org



## သတိပဋ္ဌာန်ဝိပဿနာဘာဝနာတရား

မြတ်စွာဘုရားဆိုဆုံးမခဲ့သော

- ဗုဒ္ဓယဉ်ကျေးမှု၊
- ကျင့်နည်းမှန်ယဉ်ကျေးမှု၊
- ကျင့်သုံးရသော သီလ၊ သမာဓိ၊ ပညာအကျင့် ယဉ်ကျေးမှု၊
- သီလဆိုင်ရာအကျင့် နည်းလမ်းများ၊
- စိတ်နေစိတ်ထား သန့်ရှင်းရန် သမာဓိဆိုင်ရာ အကျင့် နည်းလမ်းများ၊
- အသိဉာဏ် အသိမှန်များ အဆင့်ဆင့်ဖြစ်ထွန်းတိုးတက် ရန် အကျင့်နည်းလမ်းများသည်-

သတိပဋ္ဌာန်ဝိပဿနာဘာဝနာတရားပင် ဖြစ်ပေသည်။

သတိပဋ္ဌာန်ဝိပဿနာဘာဝနာတရားကို ပြည့်ဝကျေနပ် လောက်သည့်တိုင်အောင် ကျင့်ကြံကြိုးပမ်း ပွားများအားထုတ် လျှင် သီလ၊ သမာဓိ၊ ပညာ အကျင့်တရားတွေ တစ်ပါတည်း ပါဝင်သွားပါသည်။

www.thitsarparamisociety.com

www.thitsarparami.org



ကျင့်ကြံလျှင် ကျင့်ကြံသလောက် ကျင့်ကြံကြိုးပမ်း ပွားများအားထုတ်သော သူတော်ကောင်းတွေမှာ ကိုယ်၊ နှုတ်၊ စိတ် (၃) မျိုးလုံး အချိုးကျပြီး အပိုးသေ၍ ယဉ်ကျေးနူးညံ့ အေးချမ်းပြီး နှစ်သက်စရာများသာ ဖြစ်ပါပေသည်။

## ဗုဒ္ဓယဉ်ကျေးမှုနှင့် ဗုဒ္ဓသာသနာကို ပိုင်ဆိုင်နိုင်ပါစေ

ဗုဒ္ဓယဉ်ကျေးမှု၊ ဗုဒ္ဓသာသနာကို သူတော်ကောင်းများ အမှန်တကယ် ပိုင်ဆိုင်နိုင်ဖို့ လိုပေသည်။

'ပိုင်' ဆိုသည်မှာ တရားစာအုပ်ထဲမှာရှိသည့် သာသနာမျှသာ မဟုတ်ပါ။ ဆရာတော်သံဃာတော်များ ဟောကြားတော်မူသော သာသနာမျှသာ မဟုတ်ပါ။

ကိုယ်အမူအရာ၊ နှုတ်အမူအရာ ယဉ်ကျေးအောင် မြတ်စွာဘုရား ဟောကြားတော်မူသည့် တရားတော်အတိုင်း၊ ညွှန်ကြားသော ကျင့်နည်းအမှန်တရားအတိုင်း၊ ကျင့်ကြံကြိုးပမ်း ပွားများအားထုတ်သဖြင့် သူတော်ကောင်းများရရှိသော သီလ၊ သမာဓိ၊ ပညာ အကျင့်တရားများကို ရပြီဆိုလျှင် သာသနာကို ပိုင်ဆိုင်နိုင်ခြင်းပင် ဖြစ်ပေသည်။

**မိမိအားထုတ်၍ မိမိရရှိသည့် သီလ၊ သမာဓိ၊ ပညာ အကျင့်တရားနည်းမှန်နှင့်အတူ မိမိပိုင်ဆိုင်ခြင်းဖြစ်သဖြင့် ထိုသို့ ပိုင်ဆိုင်ခြင်းကိုပင် သာသနာပိုင်ဟု ခေါ်ပေသည်။**

www.thitsarparamisociety.com

www.thitsarparami.org



## မိမိကိုယ်ကို မိမိ ပြန်မေးကြည့်ပါ

သူတော်ကောင်းများသည် သာသနာပိုင်ဖြစ်အောင် ကျင့်ကြံ ကြိုးပမ်း ပွားများအားထုတ်ပြီးကြပါပြီလား။

ဗုဒ္ဓယဉ်ကျေးမှု ကျင့်နည်းအမှန်ဖြင့် လက်တွေ့ကျကျ ကျင့်သုံးလို့ ရရှိသော သီလ၊ သမာဓိ၊ ပညာများ မိမိနှင့် သင့် သလောက် ရရှိပြီးပြီလား၊ အာမခံချက်ရှိနေလောက်အောင် သေချာသော သီလ၊ သမာဓိ၊ ပညာအကျင့်တရားတွေ ဟုတ်ပါ သလား။

သီလ၊ သမာဓိ၊ ပညာဆိုင်ရာ အကျင့်တရားများကို သူတော်ကောင်းတို့ ကျင့်ကြံပွားများ ကြိုးပမ်းအားထုတ်သဖြင့် ရသွားပြီဆိုပါလျှင် နည်းနည်းရလျှင် နည်းနည်းသာသနာပိုင်ပါ သည်။ များများရလျှင် များများသာသနာပိုင်ပါသည်။

အနည်းဆုံး တစ်မဂ်၊ တစ်ဖိုလ် ရသွားပြီဆိုလျှင် သေချာ သော သာသနာ၊ မြတ်ဗုဒ္ဓ၏ အဆုံးအမ၊ ဗုဒ္ဓယဉ်ကျေးမှုတို့ကို ပိုင်ဆိုင်သွားပါပြီ။

မြတ်ဗုဒ္ဓ၏ အဆုံးအမတိုင်း ကျင့်ကြံပွားများ ကြိုးပမ်း အားထုတ်၍ (၁) ဦး ရသွားလျှင် (၁) ဦး ပိုင်ပါသည်။ နှစ်ဦးရ သွားလျှင် နှစ်ဦး ပိုင်ပါသည်။

**ထိုသို့ ပိုင်ဆိုင်ခြင်းကို သာသနာပိုင်ဟု ခေါ်ဆိုနိုင်ခြင်း ဖြစ်ပေသည်။**

www.thitsarparamisociety.com

www.thitsarparami.org



## မဟာပရိနိဗ္ဗာနသုတ်တော်

မြတ်စွာဘုရား ပရိနိဗ္ဗာန်မစံခင် သုံးလခန့်အလိုမှာ ဟော ကြားတော်မူခဲ့သော မဟာပရိနိဗ္ဗာနသုတ်တော်ကို ဤနေရာတွင် အလျဉ်းသင့်၍ ဆက်လက်တင်ပြပါဦးမည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံခါနီး သုံးလအလိုမှာ ဝေသာလီ နေပြည်တော် မဟာဝုန်တော ကူဋာဂါရကျောင်းတိုက်မှာ သီတင်း သုံးနေတော်မူစဉ် အရှင်အာနန္ဒာကို

"ချစ်သား အာနန္ဒာ၊ ဝေသာလီနေပြည်တော်ကို အမှီပြု၍ မြို့တွင်းမြို့ပြင်ရှိ ရဟန်းတော်တွေကို ဥပဋ္ဌာနသာလာ ဓမ္မာရုံကြီး မှာ စုလိုက်ပါ"

ဟု အမိန့်ရှိတော်မူပေသည်။

ဓမ္မာရုံကြီးမှာ ရဟန်းတော်တွေအားလုံး စုံညီရောက်ရှိသည့် အခါ မြတ်စွာဘုရားက ဗုဒ္ဓသာသနာ၏ လိုရင်းအနှစ်ချုပ်တရား ကို ဟောတော်မူပါသည်-

www.thitsarparamisociety.com

www.thitsarparami.org



## ဗုဒ္ဓသာသနာတော်၏ လိုရင်းအနှစ်ချုပ်တရား

တသ္မာတိဟ ဘိက္ခဝေ ယေ တော မယာ ဓမ္မာ

အဘိညာ ဒေသိတာ၊ တေ ဝေါ သာဓုကံ

ဥဂ္ဂဟေတွာ အာသေ ဝိ တဗ္ဗာ ဘာဝေ တဗ္ဗာ

ဗဟုလီကာ တဗ္ဗာ၊ ယထ ယိဒံ ဗြဟ္မစရိယံ
အဒ္ဓနိယံ

အဿ စိရဋ္ဌိတိကံ၊ တဒဿ ဗဟု ဇန ဟိတာယ

ဗဟုဇန သုခါယ လောကာနုကမ္ပာယ အတ္ထာယ

ဟိတာယ သုခါယ ဒေဝမနုဿာနံ။

(သုတ်မဟာဝါ၊ ပါ ၁၂၉)

www.thitsarparamisociety.com

www.thitsarparami.org



## လိုရင်းအနှစ်ချုပ်တရားများ၏ မြန်မာပြန်အဓိပ္ပာယ်

ချစ်သားတို့

ငါဘုရားကိုယ်တိုင် ထူးသောဉာဏ်ဖြင့် သိထားသော တရားများကို သင်ချစ်သားတို့ကိုယ်တိုင်

ရိုရိုသေသေ၊ လေးလေးစားစား လေ့လာကြပါ။

**ကျင့်နည်းမှန်များကို သိရန် ပထမဆုံး နာယူလေ့လာ မှတ်သားကြပါ။**

လေ့လာမှတ်သားပြီးဖြစ်သော တရားများကိုလည်း **ပထမဆုံး စတင်မှီဝဲကျင့်သုံးကြပါ။**

**ပထမဆုံး စတင်မှီဝဲကျင့်သုံးကြပြီးနောက် ထပ်ကာ ထပ်ကာ မှီဝဲကျင့်သုံးကြပါ။**

**ဖြစ်ပေါ်လက်စ တရားများကို တိုးတက်ဖွံ့ဖြိုးရန်**

**ငယ်ရာကနေပြီး ကြီးထွားသွားအောင်၊**

**နုရာကနေပြီး ရင့်ကျက်သထက် ရင့်ကျက်သွားအောင်**

**နည်းရာကနေပြီး များလာအောင် ကြိုးစားကျင့်ကြံ ကြိုးပမ်းအားထုတ်ကြပါ။**

www.thitsarparamisociety.com

www.thitsarparami.org



**ကြိမ်ဖန်များစွာပြုကြ၊ ကြိမ်ဖန်များစွာ အားထုတ်ကြပါ။**

**ထိုသို့ ငါဘုရား ညွှန်ကြားတော်မူသည့်အတိုင်း ကျင့်နည်းမှန်ဖြင့် လေ့လာသင်ယူပြီး ကျင့်ကြံကြိုးပမ်း ပွားများအားထုတ်မှသာ မြတ်စွာဘုရားအဆုံးအမ၊ မြတ်သောအကျင့်သာသနာသည် ကြာမြင့်စွာသော ကာလတိုင်အောင် စွဲမြဲတည်တံ့မည်၊ တာရှည်ခိုင်ခံ့မည်။**

သာသနာ အရှည်တည်ပြီဆိုပါမှ လူအများစု အစီးအပွားဖြစ်မည်၊ လူအများစု ချမ်းသာကြမည်၊ လူနတ်ဗြဟ္မာတွေကို ကြင်နာသနား မေတ္တာကရုဏာထားပြီး စောင့်ရှောက်နိုင်မည်။

www.thitsarparamisociety.com

www.thitsarparami.org



## ဗောဓိပက္ခိယတရား (၃၇) ပါး

လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတို့၏ ပစ္စုပ္ပန်၊ တမလွန် နှစ်တန်သော အကျိုးစီးပွားများကို ဖြစ်ထွန်းစေဖို့ ကျင့်ကြံ ကြိုးပမ်း ပွားများအားထုတ်ရမည့် တရားတွေသည် ဗောဓိ ပက္ခိယတရား (၃၇) ပါးပင် ဖြစ်သည်။

**ဗောဓိပက္ခိယတရား (၃၇) ပါးသည် ဗောဓိဉာဏ်၏ အသင်အပင်းဖြစ်သော တရားများဖြစ်ပြီး မြတ်စွာဘုရား (၄၅) ဝါပတ်လုံး ဟောကြားတော်မူသော တရားတော်များ၏ လိုရင်း အနှစ်ချုပ်ပင် ဖြစ်ပေသည်။**

## လိုရင်းအကျဉ်းချုပ်

သင်ချစ်သားတို့ ကိုယ်တိုင်

၁။ လေ့လာသင်ယူထားတဲ့ ကျင့်နည်းမှန်တွေ သိရအောင် ကောင်းမွန်စွာ သင်ယူပါ။

၂။ သင်ယူပြီးလျှင် တရားအစပျိုးပါ။

၃။ အစပျိုးထားသောတရားကို ဝီရိယအရှိန်မြှင့်တင်ပြီး အဆင့် တိုးအောင်လည်း ကြိုးစားပါ။

၄။ အဆင့်ဆင့် တိုးအောင်လည်း ကြိုးစားပါ။

၅။ နောက်ဆုံး မျှော်မှန်းထားတဲ့တရားပန်းတိုင်၊ လိုရင်းပန်းတိုင် ရောက်သည့်တိုင်အောင်လည်း အောင်မြင်အောင် ကျင့်ကြံ ကြိုးပမ်း ပွားများအားထုတ်ပါ။

www.thitsarparamisociety.com

www.thitsarparami.org



## သာသနာပိုင်ဖြစ်ဖို့လိုပြီ

သာသနာပိုင်ဖြစ်ဖို့၊ လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါတို့၏ အကျိုးစီးပွားများ ဖြစ်ထွန်းစေဖို့၊ မြတ်ဗုဒ္ဓ ဟောကြားတော်မူခဲ့သည့် ဗောဓိပက္ခိယတရား (၃၇) ပါးဖြင့် သီလ၊ သမာဓိ၊ ပညာဆိုင်ရာ အကျင့်တရားများကို နောက်ဆုံး မျှော်မှန်းသည့် ပန်းတိုင်ရောက်အောင် ကျင့်ကြံကြိုးပမ်း ပွားများအားထုတ်သင့်ပေသည်။

ပန်းတိုင်ရောက်အောင် ကျင့်ကြံကြိုးပမ်း ပွားများအားထုတ်သူပုဂ္ဂိုလ်သည်

- ရှင်သာမဏေဖြစ်ပါက ရှင်သာမဏေသည်ပင် သာသနာပိုင်ပါပဲ၊
- အားထုတ်သူပုဂ္ဂိုလ်သည် ရဟန်းငယ်ဖြစ်ပါက ရဟန်းငယ်သည်ပင် သာသနာပိုင်ပါပဲ၊
- ရဟန်းကြီး အားထုတ်၍ရသွားလျှင် ရဟန်းကြီးသည်ပင် သာသနာပိုင်ပါပဲ၊
- မထေရ်ကြီး အားထုတ်၍ရသွားလျှင် မထေရ်ကြီးသည်ပင် သာသနာပိုင်ဖြစ်သည်၊
- ဒါယကာ၊ ဒါယိကာမများ အားထုတ်၍ ရသွားလျှင် ဒါယကာ၊ ဒါယိကာမများသည်ပင် သာသနာပိုင် ဖြစ်ကြပေသည်။
- သိက္ခာရှင်များ အားထုတ်၍ ရသွားလျှင် သိက္ခာရှင်များသည်ပင် သာသနာပိုင် ဖြစ်ကြပေသည်။

www.thitsarparamisociety.com

www.thitsarparami.org



ပန်းတိုင်ရောက်သည်အထိ ကျင့်ကြံကြိုးပမ်း ပွားများအားထုတ်မှုမရှိလျှင်၊ မြတ်စွာဘုရား၏ အဆုံးအမများကို ပိုင်ဆိုင်ခြင်းမရှိလျှင် သာသနာ မပိုင်ပါ၊ သာသနာပိုင် မဖြစ်ပါ။

## အာသိသ

သီလ၊ သမာဓိ၊ ပညာ အကျင့်တရားများဖြင့် ကိုယ်၊ နှုတ်၊ စိတ် (၃) မျိုးစလုံး အများနှစ်သက်စရာဖြစ်ရန်၊ တစ်ကိုယ်ရေ သာသနာပြည့်စုံပိုင်နိုင်ရန်၊ မျှော်မှန်းထားသည့် တရားပန်းတိုင် ရောက်သည့်တိုင်အောင် ကြိုးပမ်းကျင့်ကြံ ပွားများအားထုတ်နိုင်သည်ဖြစ်၍ သူတော်ကောင်း၊ သူတော်စင်တို့သည် မြတ်ဗုဒ္ဓ၏ သာသနာကို ပိုင်ဆိုင်နိုင်သော သာသနာပိုင်များ ဖြစ်ကြပါစေ။

www.thitsarparamisociety.com

www.thitsarparami.org

# အခန်း (၁၀)

# ဝန်းတိုင်ရောက်သူ

www.thitsarparamisociety.com

www.thitsarparami.org

# ပန်းတိုင်ရောက်သူ မြတ်သော
# သောတာပန်အဆင့်ဆင့်

၁။ သတ္တက္ခတ္တုပရမသောတာပန်၊

ဘဝခုနစ်ကြိမ်သာဖြစ်ပြီး ရဟန္တာဖြစ်၍ နိဗ္ဗာန်ကို မျက်မှောက်ပြုမည့် သောတာပန်၊

၂။ ကောလံကောလသောတာပန်၊

အလွန်ဆုံး သုံးဘဝသာဖြစ်ပြီး ရဟန္တာဖြစ်၍ နိဗ္ဗာန်ကို မျက်မှောက်ပြုမည့် သောတာပန်၊

၃။ ဧကဗီဇီသောတာပန်

တစ်ဘဝသာဖြစ်ပြီး ရဟန္တာဖြစ်၍ နိဗ္ဗာန်ကို မျက်မှောက်ပြုမည့် သောတာပန်၊

www.thitsarparamisociety.com

www.thitsarparami.org

# အခန်း (၁၀)
# ပန်းတိုင်ရောက်သူ

သောတာပန်ဖြစ်ဖို့ ပုထုဇဉ်အနွယ်ဇာတ်ကို ဖြတ်ကြပါစို့ ဆိုသည့်အတိုင်း

အရိယာတို့မှ အသီးအခြားဖြစ်သောသူ၊

သာမန်လူ၊

ပုထုဇဉ်အဖြစ်မှ

အရိယာမဂ် တည်းဟူသော ရေအယဉ်သို့

ရောက်သည့် မြတ်သော သောတာပန်

အဖြစ်သို့ ဆိုက်ရောက်ရေးအတွက်

ပုထုဇဉ်အနွယ်ဇာတ်ကို ဖြတ်နိုင်ရန် အပိုင်း (၄) ပိုင်းဖြင့် တင်ပြခဲ့ပါသည်။

www.thitsarparamisociety.com

www.thitsarparami.org



## ရည်မှန်းချက်ပန်းတိုင်

မဇ္ဈိမစကြာအမှတ်တရည၏ ပထမဆုံး သောတာပန်နှင့် ပထမဆုံးသော အမျိုးသမီးသောတာပန်တို့မှ အစပြု၍ မြတ်ဗုဒ္ဓ၏ ဗုဒ္ဓသာသနာတော်တွင် သာသနာပိုင်များအဖြစ် တစ်မင်၊ တစ်ဖိုလ် ရရှိသော သောတာပန်များအားလုံးကို စံနမူနာထား၍ ဗုဒ္ဓဘာသာဝင် သူတော်ကောင်း သူတော်စင်တို့သည် မြတ်သော သောတာပန်ဖြစ်ရန် ပန်းတိုင်အတွက် အသီးသီး ကြိုးပမ်းအားထုတ်နေကြသူများ ဖြစ်ကြပေသည်။

### ပန်းတိုင်ရောက်ကြောင်းတရားများ

မြတ်သော သောတာပန်ဖြစ်ရန်အတွက်

**အပိုင်း (၁) တွင်**

- မြတ်စွာဘုရားအား မတုန်မလှုပ် သက်ဝင်ယုံကြည် ကြည်ညိုဆည်းကပ်ရန်၊
- မြတ်စွာဘုရား၏ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များကို မတုန်မလှုပ် သက်ဝင်ယုံကြည် ကြည်ညိုပွားများ အားထုတ်ရန်၊
- မြတ်စွာဘုရား၏ တပည့်သား သံဃာတော်များကို မတုန်မလှုပ် သက်ဝင်ယုံကြည် ကြည်ညိုဆည်းကပ်ရန်၊

www.thitsarparamisociety.com

www.thitsarparami.org



- အရိယာတို့ နှစ်သက်အပ်သော သီလနှင့် ပြည့်စုံစေရန်တို့ကို ဖော်ပြခဲ့ပါသည်။

## အပိုင်း (၂) တွင်

သီလဟူသော မြတ်စွာဘုရား၏ သာသနာတော်၏အစနှင့် ဆက်နွယ်၍ ဝိသုဒ္ဓိမဂ်အဋ္ဌကထာကျမ်းကြီးတွင် ပါရှိသော **သီလနှင့် သောတာပန်**တို့ကို ဖော်ပြခဲ့ပါသည်။

## အပိုင်း (၃) တွင်

နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုရန် တစ်ခုတည်းသော လမ်းမှန်၊ တစ်ကြောင်းတည်းသော လမ်းမှန်ဖြစ်သော သတိပဋ္ဌာန်လမ်းစဉ်ဖြင့် ကျင့်ကြံကြိုးပမ်း ပွားများအားထုတ်ရန်တို့ကို ဖော်ပြခဲ့ပါသည်။

## အပိုင်း (၄) တွင်

မြဲမြံခိုင်ခံ့ ထက်သန်လှသည့် သဒ္ဓါတရား (သဒ္ဓိန္ဒြေ)ဖြင့် သဒ္ဓါနုသာရီပုဂ္ဂိုလ်၊ သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်ဖြစ်ရန် ကြိုးပမ်းကြရန်တို့ကို ဖော်ပြခဲ့ပါသည်။

www.thitsarparamisociety.com

www.thitsarparami.org



## ဆရာတော်ကြီးများ၏ ဩဝါဒများ

ထို့ပြင် မိုးကုတ်ဆရာတော်ကြီး၊

မဟာစည်ဆရာတော်ကြီး၊

ကွမ်းတော တောရဆရာတော်ကြီး၊

သဒ္ဓမ္မရံသီရိပ်သာဆရာတော်ကြီးနှင့်

ပဏ္ဍိတာရာမ ရွှေတောင်ကုန်းဆရာတော်ကြီး

များ၏ သောတာပန်ဖြစ်ရန် အားပေးတိုက်တွန်းချက်များနှင့် ဆက်နွယ်သော ဩဝါဒများကိုလည်း ဖြည့်ဆည်းတင်ပြခဲ့ပါသည်။

www.thitsarparamisociety.com

www.thitsarparami.org



## သာသနာပိုင်

မြတ်စွာဘုရား၏ သီလ၊ သမာဓိ၊ ပညာဟူသော သာသနာနှင့် မြတ်စွာဘုရား၏ အဆုံးအမများကို ပိုင်ဆိုင်သူဖြစ်ရန်၊

**သာသနာပိုင်ဖြစ်သည်ဆိုရာမှာ အနည်းဆုံး တစ်မဂ်၊ တစ်ဖိုလ်ရမှ သာသနာပိုင်တာ၊ မဟုတ်ရင် သာသနာပိုင် မဟုတ်သေးပါ။**

ဆိုသည့် အဆိုအမိန့်နှင့် ဆက်နွယ်သည်များကိုလည်း တင်ပြခဲ့ပါသည်။

## ပန်းတိုင်ရောက်သူ

မြတ်သော သောတာပန်သည် ပန်းတိုင်ရောက်သူ ဖြစ်ပါသည်။

အနည်းငယ် ချဲ့ထွင်တင်ပြရလျှင်

မြတ်ဗုဒ္ဓ၏ အဆုံးအမတရားတော်များနှင့်အညီ ကျင့်ကြံကြိုးပမ်းအားထုတ်ကြ၍ ပုထုဇဉ်အနွယ်ဇာတ်ကို ဖြတ်နိုင်ကြသော အရိယမဂ်တည်းဟူသည့် ရေအယဉ်သို့ရောက်သည့် အရိယာသူတော်စင်-မြတ်သော သောတာပန်တို့သည် ပန်းတိုင်ရောက်သူများ ဖြစ်ကြပါပေသည်။

www.thitsarparamisociety.com

www.thitsarparami.org



## ပန်းတိုင်ရောက်သူ မြတ်သော သောတာပန်အဆင့်ဆင့်

၁။ သတ္တက္ခတ္တုပရမသောတာပန်၊

ဘဝခုနစ်ကြိမ်သာဖြစ်ပြီး ရဟန္တာဖြစ်၍ နိဗ္ဗာန်ကို မျက်မှောက်ပြုမည့် သောတာပန်၊

၂။ ကောလံကောလသောတာပန်၊

အလွန်ဆုံး သုံးဘဝသာဖြစ်ပြီး ရဟန္တာဖြစ်၍ နိဗ္ဗာန်ကို မျက်မှောက်ပြုမည့် သောတာပန်၊

၃။ ဧကဗီဇီသောတာပန်

တစ်ဘဝသာဖြစ်ပြီး ရဟန္တာဖြစ်၍ နိဗ္ဗာန်ကို မျက်မှောက် ပြုမည့် သောတာပန်၊

www.thitsarparamisociety.com

www.thitsarparami.org



# ပန်းတိုင်ရောက်သူ မြတ်သော သောတာပန် တို့၏ မြတ်သောဉာဏ်များ

မြတ်ဗုဒ္ဓ၏ တရားတော်ကို ကျင့်သုံးလိုက်နာ ကျင့်ကြံ အားထုတ်ကြ၍ ပန်းတိုင်ရောက်သော မြတ်သော သောတာပန် တို့ ပိုင်ဆိုင်သော မြတ်သောဉာဏ်များ (ဂုဏ်ရည်များ) ကို ဆက်လက်တင်ပြပါရစေ။

အပါယ်လေးပါး သံသရာမှ လုံးဝလွတ်မြောက်၍ အထက် မဂ်ဖိုလ်သို့သာ ရောက်ရှိတော့မည့် မြတ်သော သောတာပန်ပုဂ္ဂိုလ် တို့ပိုင်ဆိုင်သော ဂုဏ်ရည်များကို မြတ်ဗုဒ္ဓက မူလပဏ္ဏာသပါဠိတော်၊ ကောသမ္ဗိယသုတ်တော်တွင် ဟောကြားတော်မူခဲ့ပေသည်။

အများသိရှိပြီးကြသည့်အတိုင်း မြတ်စွာဘုရား ကောသမ္ဗီ ပြည် ဃောသိတာရုံကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ငြင်းခုံ ကြ၊ ခိုက်ရန်ဖြစ်ပွားကြသော ပုထုဇဉ်ရဟန်းများကို အကြောင်း ပြု၍ **ထိုရဟန်းများသည် မြတ်သော သောတာပန် မဟုတ်၍သာ အချင်းများကြခြင်းဖြစ်ကြောင်း၊ သောတာပန် ရဟန်းများဆိုပါက အချင်းချင်း လေးစားချစ်ခင်ကြမည်ဖြစ်သဖြင့် အချင်းများရန် မရှိကြောင်း၊ သောတာပန်တို့၏ဂုဏ်ရည်မှာ ဤသို့ဖြစ်ကြောင်း ဖြင့် မြတ်စွာဘုရား ဟောကြားတော်မူခြင်း ဖြစ်ပေသည်။**

www.thitsarparamisociety.com

www.thitsarparami.org



## ကောသမ္ဗိယသုတ်တော်

မြတ်ဗုဒ္ဓသည် ငြင်းခုံကြ၊ ခိုက်ရန်ဖြစ်ပွားကြသော ရဟန်းများကြောင့် ကောသမ္ဗီပြည်မှ ထွက်ခွာ၍ ပလလဲတောတွင် ပလလဲဆင်ကြီး၏ အလုပ်အကျွေးဖြင့် သီတင်းသုံးတော်မူသည်။

ငြင်းခုံကြ၊ အချင်းများကြသော ရဟန်းတို့ကို ဒါယကာ၊ ဒါယိကာမများက မထောက်ပံ့ကြသဖြင့် ဆွမ်းငတ်ကြပါသည်။ ဒါယကာ၊ ဒါယိကာမများက မြတ်စွာဘုရား၏ တရားတော်များကိုလည်း မနာကြားရသဖြင့် ဒါယကာ၊ ဒါယိကာမများ၏ တောင်းပန်လျှောက်ထားချက်အရ အရှင်အာနန္ဒာက မြတ်စွာဘုရားကို ကောသမ္ဗီပြည်သို့ ပြန်လည်ကြွရောက်သီတင်းသုံးတော်မူရန် သွားရောက်လျှောက်ထား၍ ပင့်ဆောင်တော်မူပါသည်။

## ပုထုဇဉ်တို့နှင့်မဆက်ဆံသည့် မြတ်သောဉာဏ်များ (မြတ်သော သောတာပန်တို့၏ မြတ်သောဉာဏ်)

ဗုဒ္ဓမြတ်စွာသည် အရှင်အာနန္ဒာ၏တောင်းပန် လျှောက်ထားချက်အရ ပလလဲတောမှပြန်လည်ထွက်ခွါ၍ ကောသမ္ဗီပြည် ဃောသိတာရုံကျောင်းတွင် ရဟန်းတို့အား စုဝေးစေ၍ ရဟန်းတို့ စုံစုံညီညီရောက်ရှိသည့်အခါ **ပုထုဇဉ်တို့နှင့်** မဆက်ဆံသည့် မြတ်သောဉာဏ်များကို ဖြစ်ထွန်းစေရန် မြတ်သော သောတာပန်တို့၏ မြတ်သောဉာဏ်(၇)ပါးကို ဟောကြားတော်မူပေသည်။

www.thitsarparamisociety.com

www.thitsarparami.org



# မိုးကုတ်ဆရာတော်ကြီး
# ဟောကြားဆုံးမတော်မူအပ်သော
# မဟာပစ္စဝေက္ခဏာ (၇) ချက်
# ညအလုပ်ပေးတရားတော် (၁-၇-၁၉၆၂)

ကောသမ္ဗီယသုတ်တော်တွင် မြတ်စွာဘုရား ဟောကြားတော်မူသော ပုထုဇဉ်တို့နှင့်မဆက်ဆံသည့် မြတ်သောသောတာပန်တို့၏ဉာဏ်ကို မြတ်စွာဘုရား ဟောကြားတော်မူသည့်အတိုင်း တင်ပြပါမည်။

မြတ်စွာဘုရား ဟောကြားတော်မူသော ဉာဏ် (၇) ပါးနှင့် ဆက်နွယ်၍ မိုးကုတ်ဆရာတော်ဘုရားကြီးသည်လည်း ၁-၇-၁၉၆၂ ရက်နေ့ ညအလုပ်ပေးတရားတော်ဖြစ်သည့် မဟာပစ္စဝေက္ခဏာ (၇) ချက် တရားတော်တွင် ဉာဏ် (၇) ပါးတို့ကို ဒကာ၊ ဒကာမများ ရှင်းလင်းလွယ်ကူစွာ သိနားလည်ရန် ဟောကြားထားတော်မူပေသည်။

www.thitsarparamisociety.com

www.thitsarparami.org



ဆက်လက်တင်ပြမည့် ဉာဏ် (၇) ပါး တရားတော်တွင် ဉာဏ်တစ်ခုချင်းအလိုက် မြတ်စွာဘုရား ဟောကြားတော်မူသည့် မူရင်းအတိုင်း ဦးစွာတင်ပြပြီး မိုးကုတ်ဆရာတော်ဘုရားကြီး ရှင်းလင်းဟောကြားထားသည်ကိုပါ တစ်ပါတည်း တင်ပြပါမည်။

ဉာဏ် (၇) ပါးတို့ကို ရှင်းလင်းတင်ပြပြီးသည့်အခါ မိုးကုတ်ဆရာတော်ဘုရားကြီး ရှင်းလင်းဟောကြားထားသည့် ဉာဏ် (၇) ပါးတို့ကို တစ်စုတစ်စည်းတည်း၊ တစ်ပေါင်းတည်း ဖြစ်ရန် အတိုချုံး၍ ထပ်မံတင်ပြပါမည်။

www.thitsarparamisociety.com

www.thitsarparami.org



# ပုထုဇဉ်တို့နှင့် မဆက်ဆံသည့် သောတာပန်တို့၏ မြတ်သောပထမဉာဏ်

ရဟန်းတို့

အကယ်၍ ရဟန်းသည်

- ကာမဂုဏ်၌ တပ်မက်မောမှု (ကာမရာဂ) ထကြွသည် ဖြစ်ပါမူ ထိုထကြွသောစိတ်ရှိနေသည်သာ ဖြစ်၏။

- ဖျက်ဆီးလိုမှု (ဗျာပါဒ) ထကြွသည်ဖြစ်ပါမူ ထိုထကြွ သောစိတ်ရှိနေသည်သာ ဖြစ်၏။

- ထိုင်းမှိုင်းမှု (ထိနမိဒ္ဓ) ထကြွသည်ဖြစ်ပါမူ ထိုထကြွ သောစိတ်ရှိနေသည်သာ ဖြစ်၏။

- ပျံ့လွင့်မှု (ဥဒ္ဓစ္စ)၊ နောင်တစ်ဖန် ပူပန်မှု (ကုက္ကုစ္စ) ထကြွသည်ဖြစ်ပါမူ ထိုထကြွသောစိတ်ရှိသည်သာ ဖြစ်၏။

- တွေးတောယုံမှားမှု (ဝိစိကိစ္ဆာ) ထကြွသည်ဖြစ်ပါမူ ထိုထကြွသောစိတ်ရှိနေသည်သာ ဖြစ်၏။

- မျက်မှောက်လောကကို ကြံစည်ခြင်းတို့၌ လေ့လာ နေသည်ဖြစ်ပါမူ ထိုထကြွသောစိတ်ရှိနေသည်သာ ဖြစ်၏။

www.thitsarparamisociety.com

www.thitsarparami.org



- တမလွန်လောကကို ယုံကြည်ခြင်းတို့၌ လေ့လာနေသည်ဖြစ်ပါမူ ထိုထကြွသောစိတ်ရှိနေသည်သာ ဖြစ်၏။

- ငြင်းခုံခိုက်ရန်ဖြစ်၍ ဝါဒကွဲပြားခြင်းသို့ရောက်ပြီး အချင်းချင်းနှုတ်လှံထိုးလျက်ရှိနေကြပါမူ ထိုထကြွသောစိတ်ရှိနေသည်သာ ဖြစ်၏။

ထိုသို့ ထကြွသောစိတ်မျိုးရှိနေသော်လည်း ရဟန်းသည်

**"ယင်းထကြွမှုမျိုးများဖြင့် ထကြွသောစိတ်ရှိ၍ ဟုတ်တိုင်းမှန်စွာ မသိနိုင်၊ မမြင်နိုင်လောက်သော၊ အတွင်းသန္တာန်၌ မပယ်ရသေးသောထိုထကြွမှုများသည် ငါ့အားမရှိ၊ သစ္စာတို့ကို သိရန်အတွက် ငါသည် ကောင်းစွာ စိတ်ကိုထားပြီးပြီ" ဟု**

**ကောင်းစွာသိသော ရဟန်းသည် လောကမှ လွန်မြောက်၍ ပုထုဇဉ်တို့နှင့် မဆက်ဆံသည့် ပဌမဉာဏ်ကို ရပြီ။**

www.thitsarparamisociety.com

www.thitsarparami.org



## မိုးကုတ်ဆရာတော်ကြီး၏ ရှင်းလင်းဟောကြားမှု
## (ပထမဉာဏ်အတွက်)

### ပုထုဇဉ်နှင့်သောတာပန်ပုဂ္ဂိုလ်တို့မှာ

ဒီလို ထူးပါသည်။

### သောတာပန်ပုဂ္ဂိုလ်မှာလည်း

- လောဘ ဖြစ်တာပဲ၊
- ဒေါသလည်း ဖြစ်သေးတာပဲ၊
- မောဟလည်း ဖြစ်သေးတာပဲ၊
- ထိနမိဒ္ဓဆိုတဲ့ ငိုက်မျဉ်းတဲ့ စိတ်တွေလည်း ဖြစ်သေးတာပဲ၊
- ကာမစ္ဆန္ဒနီဝရဏ၊ ဗျာပါဒနီဝရဏ၊ ထိနမိဒ္ဓနီဝရဏ ဆိုတာလည်း ဖြစ်သေးတာပဲ၊
- ဥဒ္ဓစ္စဆိုတဲ့ စိတ်ပျံ့လွင့်မှုလည်း သောတာပန်မှာ ရှိပါသေးတယ်၊
- ကုက္ကုစ္စဆိုတဲ့ ဥစ္စာလည်း ရှိပါသေးတယ်။

www.thitsarparamisociety.com

www.thitsarparami.org



သောတာပန်ပုဂ္ဂိုလ်သည် ပုထုဇဉ်နှင့် ဘာထူးသတုံးလို့ မေးလျှင် ပုထုဇဉ်လည်း ဒါတွေဖြစ်တာပဲ၊ သောတာပန်တည်ပြီး သောပုဂ္ဂိုလ်လည်း ဒါတွေဖြစ်တာပဲ။

သို့သော် လောကီဥပမာနဲ့ ပြောရလျှင်၊

**ပုထုဇဉ်က ဖြစ်ပေါ်လာတဲ့ နိဝရဏတွေအပေါ်မှာ ဖြစ်ကြောရှည်တယ်။**

**သောတာပန်ပုဂ္ဂိုလ်ကတော့ ဖြစ်ပေါ်လာတဲ့ နိဝရဏတွေပေါ်မှာ ဖြစ်ကြောမရှည်ဘူး။**

ပုထုဇဉ်ကတော့ ဖြစ်ကြောရှည်တယ်ဆိုတာ ဥပမာ တစ်နေ့လုံး လောဘဖြစ်နေတယ်ဆိုလျှင် လောဘချည်းပဲ၊ ဒေါသဖြစ်နေတယ်ဆိုလျှင် မကျေနိုင်၊ မချမ်းနိုင်ဘူး။

သောတာပန်ပုဂ္ဂိုလ်ကတော့ ဒီလိုမဟုတ်ပါဘူး

- **ဖြစ်တယ်ဆိုလျှင် ဪ ဖြစ်သွားပြီလို့ နောက်ကတစ်ခါတည်းဉာဏ်လိုက်တယ်၊** ဖြစ်ကြောရှည်သေးရဲ့လား၊ မရှည်တော့ဘူး၊ ဖြစ်လျှင်ဖြစ်ခြင်း ချက်ချင်းသိတယ်၊ နောက်ကနေ တစ်ခါတည်း သိတာပဲ။

- ဪ ငါသည် လောဘဖြစ်သွားပြီး၊ ဒီဥစ္စာဖြင့် လောဘဖြစ်သွားပြီဆိုတာကို **နောက်ကနေပြီး ဉာဏ်အသိက ချက်ချင်း သိလိုက်တယ်။**

www.thitsarparamisociety.com

www.thitsarparami.org



- ဒေါသဖြစ်လည်း ဉာဏ်အသိလိုက်တယ်၊ **ဉာဏ်အသိက ချက်ချင်းလိုက်တယ်။**

- ထိနမိဒ္ဓ၊ ဥဒ္ဓစ္စ၊ ကုက္ကုစ္စတွေဖြစ်လည်း **ဉာဏ်အသိက ချက်ချင်း လိုက်တယ်။**

သောတာပန်ပုဂ္ဂိုလ်သည် လောဘ၊ ဒေါသ၊ မောဟတွေ အကုန်မပယ်နိုင်သေးလို့ လာပင်လာငြားသော်လည်း **ဉာဏ်အသိက ချက်ချင်း လိုက်တယ်။**

ပုထုဇဉ်က ဖြစ်ကြောင်းရှည်ပြီး၊

သောတာပန်ပုဂ္ဂိုလ်မှာ ဖြစ်ကြောင်းတိုပါသည်။

**သောတာပန်ပုဂ္ဂိုလ်ဆိုလျှင်ဖြင့် ဖြစ်ကြောင်းတိုတာချည်းပါပဲ၊**

**ဖြစ်ကြောင်းတိုလျှင် သောတာပန်ပုဂ္ဂိုလ်**

**ဖြစ်ကြောင်းရှည်နေလျှင် ပုထုဇဉ်**

----------------॥----------------

www.thitsarparamisociety.com

www.thitsarparami.org



## ပုထုဇဉ်တို့နှင့်မဆက်ဆံသော သောတာပန်တို့၏ မြတ်သောဒုတိယဉာဏ်

ရဟန်းတို့

ရဟန်းသည် ဤအယူကို မှီဝဲတိုးပွားစေ၍ မိမိ၏ စိတ်ငြိမ်သက်ခြင်းကို ရသည်။ မိမိ၏ စိတ်ငြိမ်သက်မှုရသည်ကို ဆင်ခြင်၏။

ထိုသို့ ဆင်ခြင်သောရဟန်းသည် လောကမှလွန်မြောက်၍ ပုထုဇဉ်တို့နှင့်မဆက်ဆံသည့် မြတ်သောဒုတိယဉာဏ်ကို ရပြီ။

## မိုးကုတ်ဆရာတော်ကြီး၏ ရှင်းလင်းဟောကြားမှု (ဒုတိယဉာဏ်အတွက်)

စောစောကပြောခဲ့တဲ့ လောဘတွေ၊ ဒေါသတွေ၊ ဣဿာတွေ၊ အကြောင်းတိုက်ဆိုင်လို့ ပေါ်လာတဲ့ မပယ်ရသေးတဲ့ ကိလေသာတွေကတော့ လာမှာပဲ။

လာပင်လာငြားသော်လည်း နဂိုမူလကတည်းက ဖြစ်ကြောတိုတဲ့ပုဂ္ဂိုလ်ကျတော့ လောဘတွေ၊ ဒေါသတွေ၊ ဣဿာတွေ၊ ကိလေသာတွေပေါ်လာလျှင် ဒါတွေကို ငါငြိမ်းအေးအောင် လုပ်လိုက်မယ်ဆိုတဲ့စိတ် တစ်ခါတည်းပေါ်လာတယ်။

www.thitsarparamisociety.com

www.thitsarparami.org



ဒီပေါ်လာတဲ့ ကိလေသာတွေကို ငြိမ်းအောင်လုပ်မယ်၊ ဒီနေ့ ကမ္မဋ္ဌာန်းပိုထိုင်လိုက်မယ်ဆိုပြီး အဲဒီလို ကမ္မဋ္ဌာန်း ပိုထိုင်လိုက်တဲ့အခါကျတော့ ငြိမ်းအေးမသွားပေဘူးလား။

**အဲဒီတော့ ငြိမ်းအေးအောင် ငါသည် သိရုံတင်မဟုတ်ဘဲ ငြိမ်းအေးအောင်ကို လုပ်ဦးမယ်ဆိုတဲ့ ဒုတိယစိတ်လည်း ပေါ်လာပြန်တယ်။**

ပုထုဇဉ်လိုပဲ သောတာပန်ပုဂ္ဂိုလ်သည် လောဘ ဒေါသ မောဟတွေ ဖြစ်တာပါပဲ။

သို့သော် သောတာပန်ပုဂ္ဂိုလ်က ဖြစ်မှန်းသိလိုက်တဲ့ အတွက် ငြိမ်းအေးအောင် လုပ်ဦးမယ်ဆိုပြီး ကမ္မဋ္ဌာန်းဝင်ထိုင်တယ်။

**တစ်နည်းအားဖြင့်လည်း ထိုင်ရင်းပဲ ငြိမ်းအေးအောင် လုပ်ဦးမယ်ဆိုလည်း ငြိမ်းအေးသွားတာပါပဲ။**

ဝမ်းထဲမှာ အလုံးကြီးရှိသေးတယ်၊ ဆန့်ကျင်ကျနေသေးတယ် ဆိုတဲ့အရပ်သုံးစကားမျိုးတွေ သောတာပန်ပုဂ္ဂိုလ်မှာ မရှိဘူး၊

လွန်ကျူးတဲ့ကိလေသာတွေတော့ ရှိနိုင်သေးတာပဲ၊ သို့သော် ရှိမှန်းသိတဲ့အတွက် ငြိမ်းအေးအောင်လုပ်ချင်တဲ့စိတ်နဲ့ ငြိမ်းအေးအောင်ကိုပဲ လုပ်လိုက်တယ်။

www.thitsarparamisociety.com

www.thitsarparami.org



အဓိပ္ပာယ်ကတော့ သောတာပန်ပုဂ္ဂိုလ်သည် မှားမှန်း သိလျှင်

**"နေ့လယ်မှာ မှားမှန်းသိလျှင် ချက်ချင်းသိတယ် ညကျတော့ တစ်ခါတည်း ငြိမ်းအောင် လုပ်လိုက်တယ်"**

အဲဒီလိုအပူတွေမကျန်အောင် ငြိမ်းအေးသွားအောင် လုပ်နိုင်ခြင်းသည် ငြိမ်းအေးသွားခြင်းသည် သောတာပန်ပုဂ္ဂိုလ်တို့၏ ဒုတိယဉာဏ်ပင် ဖြစ်သည်။

## ပုထုဇဉ်တို့နှင့်မဆက်ဆံသော သောတာပန်တို့၏ မြတ်သောတတိယဉာဏ်

ရဟန်းတို့

ရဟန်းသည်

"ဤသာသနာတော်မှအပ၌ မိမိမှာ ပြည့်စုံနေသော အယူနှင့် ပြည့်စုံသည့် အခြားတစ်ပါးသော သမဏ၊ ဗြာဟ္မဏများမရှိ" ဟု သိ၏။

ထိုသို့ သိသောရဟန်းသည် လောကမှ လွန်မြောက်၍ ပုထုဇဉ်တို့နှင့်မဆက်ဆံသည့် မြတ်သောတတိယဉာဏ်ကို ရပြီ။

www.thitsarparamisociety.com

www.thitsarparami.org



## မိုးကုတ်ဆရာတော်ကြီး၏ ရှင်းလင်းဟောကြားမှု
## (တတိယဉာဏ်အတွက်)

တတိယဉာဏ်ကတော့ ဒကာ၊ ဒကာမတွေ ဒီအတိုင်း မှတ်ပါ၊ တတိယဉာဏ်ကတော့ လွယ်ပါတယ်၊ တတိယဉာဏ်ဟာ

ကိုယ့်ဟာကိုယ် နဖူးပေါ်လက်တင်ပြီး စဉ်းစားပြီးနေတော့

**ဩဘာ် - ဒီဘုရားသာသနာမှတစ်ပါး၊ တခြားသော သာသနာများမှာဖြင့် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ဆိုတာ ဘယ်တော့မှမရှိဘူးဆိုတာလည်း ကိုယ့်ဟာကိုယ် ယုံကြည်တယ်၊**

ဒီဘုရားသာသနာတော်မှာသာ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာရှိတယ်၊ တစ်ပါးသာသနာမှာဖြင့် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဖြင့် မရှိနိုင်ဘူး ဆိုတာ သူ့ဟာသူ သိတယ်၊

ဒီဘုရားသာသနာတော်မှတစ်ပါး တခြားသာသနာ၌ ထွက်ရပ်လမ်း မရှိဘူး။

ဒီလိုသိတာဟာ သောတာပန်ပုဂ္ဂိုလ်၏

တတိယဉာဏ်ပင် ဖြစ်သည်။

www.thitsarparamisociety.com

www.thitsarparami.org



## ပုထုဇဉ်တို့နှင့်မဆက်ဆံသော သောတာပန်တို့၏ မြတ်သောစတုတ္ထဉာဏ်

ရဟန်းတို့

ရဟန်းသည် ဤသို့ ဆင်ခြင်၏-

"အယူနှင့်ပြည့်စုံသောပုဂ္ဂိုလ်၏ ပြည့်စုံနေသော ထုံးတမ်းစဉ်လာအမျိုးအစားသည်လည်း မိမိ၌ ပြည့်စုံ၏။"

အယူနှင့်ပြည့်စုံသောပုဂ္ဂိုလ်သည် အာပတ်မှထနိုင်ကောင်းသော အာပတ်မျိုးသို့ရောက်လျှင် ထိုအာပတ်ကို လျင်မြန်စွာပင် ဒေသနာကြား၏၊ ဖော်ပြ၏၊ ပေါ်လွင်အောင် ပြု၏။

ဒေသနာကြားပြီး၍၊ ဖော်ပြပြီး၍၊ ပေါ်လွင်အောင်ပြုပြီး၍ နောင်အခါ၌မူ အာပတ်မသင့်စေခြင်းငှာ စောင့်စည်း၏။

ထိုသို့သော ရဟန်းသည် လောကမှလွန်မြောက်၍ ပုထုဇဉ်တို့နှင့် မဆက်ဆံသည့် မြတ်သောစတုတ္ထဉာဏ်ကို ရပြီ။

www.thitsarparamisociety.com

www.thitsarparami.org



## မိုးကုတ်ဆရာတော်ကြီး၏ ရှင်းလင်းဟောကြားမှု (စတုတ္ထဥာဏ်အတွက်)

ဒကာ၊ ဒကာမတို့ကို စတုတ္ထဉာဏ်အကြောင်း ပြောပါတော့မယ်၊

ရဟန်းဖြစ်ပါက အာပတ်သင့်တယ်ဆိုတာ ရှိတယ်၊ မြက်ပင်ကလေးကို မိမိပယောဂနဲ့ ဆိတ်လိုက်မယ်၊ ဆွဲလိုက်မယ်၊ သစ်ပင်ကလေးကို ဓားကလေးနဲ့ ခုတ်လိုက်မယ်၊ စိတ်ပါပြီး ခုတ်လိုက်မယ်၊ ထစ်လိုက်မယ်ဆိုလျှင် အာပတ်သင့်တာ ရှိတယ်၊

အဲဒီလို အာပတ်သင့်လာတဲ့အခါ သောတာပန်နှင့် ရဟန်းတို့ ဒီလိုခုတ်မိထစ်မိမယ်ဆိုလျှင် ချက်ချင်း ငါသည်ကား အာပတ်သင့်ပြီ၊ ချက်ချင်းပဲ ညမှာ အာပတ်သင့်လျှင် ညမှာပဲ တစ်ပါးသော ရဟန်းထံ တပည့်တော်လွန်ကျူးမိပြီဘုရား၊ ဒေသနာကြားချင်တယ်၊ အပြစ်တွေပျောက်သွားအောင် ချက်ချင်း ဒေသနာကြားတယ်၊ **အချိန်ဆိုင်းသေးသလားဆိုရင် အချိန်မဆိုင်းဘဲ အပြစ်တွေကို ပြေအောင်လုပ်တယ်။**

**လူပုဂ္ဂိုလ်ကျတော့ နေ့လယ်က အပြစ်သင့်သွားပြီ၊ အဲသည် အပြစ်ကို ဝန်ချတောင်းပန်ပြီးသကာလ ပြေအောင်လုပ်မယ်ဆိုတဲ့ ဒီစိတ် ပေါ်လာတယ်။**

www.thitsarparamisociety.com

www.thitsarparami.org



ကိုယ်ကမှားတယ်၊ အဲ-မှားတဲ့ဥစ္စာ ချက်ချင်းပြေအောင် လုပ်ချင်တဲ့စိတ်ဟာ တစ်ခါတည်း ပေါ်လာတယ်၊ အနာပေါက်တယ်ဆို ချက်ချင်း ကုချင်တဲ့စိတ်ပေါ်သလိုပေါ့။

ချက်ချင်း လွန်ကျူးတာကလေးသိတယ်ဆို ချက်ချင်း ဘုရားရှေ့သွားပြီး ကမ္မဋ္ဌာန်းထိုင်လိုက်တယ်၊ ထိုင်ပြီးတော့ ပြေပျောက်အောင် လုပ်လိုက်တယ်၊

ဒါဟာ သောတာပန်ပုဂ္ဂိုလ်၏ စတုတ္ထဉာဏ်ပင် ဖြစ်သည်။

## ပုထုဇဉ်တို့နှင့်မဆက်ဆံသော သောတာပန်တို့၏ မြတ်သောပဉ္စမဉာဏ်

ရဟန်းတို့

ရဟန်းသည် ဤသို့ဆင်ခြင်၏-

- အယူနှင့်ပြည့်စုံနေသောပုဂ္ဂိုလ်၏ ပြည့်စုံနေသော ထုံးတမ်းစဉ်လာ အမျိုးအစားသည်လည်း မိမိ၌ ပြည့်စုံ၏။

www.thitsarparamisociety.com

www.thitsarparami.org



- အယူနှင့်ပြည့်စုံသောပုဂ္ဂိုလ်သည် သီတင်းသုံးဖော်တို့၏ ထိုထိုသော အမှုကြီးငယ်တို့၌ ကြောင့်ကြစိုက်နေစေကာမူ မြင့်မြတ်သော ကိုယ်ကျင့်သီလ (အဓိသီလသိက္ခာ)၊ မြင့်မြတ်သော စိတ်နေစိတ်ထား (အဓိစိတ္တသိက္ခာ)၊ မြင့်မြတ်သော ပညာ (အဓိပညာသိက္ခာ)၌ အလွန်ငဲ့ကွက်ခြင်း ရှိ၏။

ရဟန်းတို့

သားငယ်ရှိသော နွားမသည် မြက်ကိုလည်း ဆွဲစား၏။ နွားငယ်ကိုလည်း စောင်းငဲ့၍ ကြည့်ရှုနေသကဲ့သို့ပင်

အယူနှင့်ပြည့်စုံသောပုဂ္ဂိုလ်သည် သီတင်းသုံးဖော်တို့၏ ထိုထိုသော အမှုကြီးငယ်တို့၌ ကြောင့်ကြစိုက်နေရစေကာမူ

မြင့်မြတ်သော ကိုယ်ကျင့်သီလ၊

မြင့်မြတ်သော စိတ်နေစိတ်ထား၊

မြင့်မြတ်သော ပညာတို့၌

အလွန် ငဲ့ကွက်ခြင်း ရှိ၏။

ထိုသို့သောရဟန်းသည် လောကမှလွန်မြောက်၍ ပုထုဇဉ်တို့နှင့်မဆက်ဆံသော မြတ်သောပဋ္ဌမဉာဏ်ကို ရပြီ။

www.thitsarparamisociety.com

www.thitsarparami.org



## မိုးကုတ်ဆရာတော်ကြီး၏ ရှင်းလင်းဟောကြားမှု
## (ပဋ္ဌမဉာဏ်အတွက်)

ငါးချက်မြောက်က ဒကာ၊ ဒကာမတွေ မှတ်ထားကြပါ။ ဥပမာမယ် ဒကာ၊ ဒကာမတွေက သောတာပန် တည်ပြီးသားဆိုပါတော့

မိတ်ဆွေဖြစ်ဖြစ်၊ ဆွေမျိုးဖြစ်ဖြစ် တစ်ဦးဦးက ခင်ဗျား- သက်သေခံကလေး လိုက်ခဲ့စမ်းပါ၊ ကျုပ်အမှုက ခင်ဗျားလိုက်မှလည်း နိုင်လုံမလို ဖြစ်နေတယ်၊ နည်းနည်းတော့ဖြင့် သက်သေလိုက်တဲ့အခါ ဝေ့လည်ကြောင်ပတ် သုံးသင့်သုံးမှပဲရမယ်၊ ဥပမာမယ် အမှုသည်က ကြိုတင်ပြောထားတယ်ဆိုပါတော့၊ ရှေ့နေကဖြစ်ဖြစ် သင်ထားတယ်ဆိုပါတော့

သောတာပန်ဖြစ်တဲ့သူဟာတဲ့ - အဲဒီလူကို သနားလို့၊ လိုက်တော့လိုက်သွားပါတယ်တဲ့၊ ရုံးပြင်ကနားကို၊ သို့သော် လိုက်ပင်လိုက်ငြားသော်လည်း သူ့သီလပျက်မှာ၊ သူ့သမာဓိပျက်မှာနဲ့ သူ့ပညာပျက်မှာကိုတော့ အထိခိုက်မခံဘူး။

**လိုက်တော့လိုက်သွားတယ်၊ သူတစ်ပါးကိစ္စ ဆောင်ရွက်ဖို့ လိုက်တော့ လိုက်တယ်၊ သို့သော် သူရဲ့သီလပျက်၊ သမာဓိပျက်၊ ပညာပျက်မခံဘူး၊ အဲဒါ သောတာပန်တို့၏ စိတ်ထားပဲ၊**

www.thitsarparamisociety.com

www.thitsarparami.org



ကိစ္စကြီးငယ်ရှိလျှင်တော့ ကူပါဦး၊ ယူပါဦးဆိုလျှင် ကူညီချင်၊ ယူချင်တဲ့စိတ်တော့ပေါ်တာပဲ၊ သို့သော် ကူညီချင်စိတ်တွေ ပေါ်ပေါ်ပေါ်ပေါ်ပေါ်ခြားသော်လည်း သူ့မှာရထားတဲ့ သီလ၊ သူရထားတဲ့ သမာဓိ၊ သူရထားတဲ့ ဝိပဿနာမဂ်ပညာတွေတော့ ပျက်စီးဖို့ရာကို တစ်ခါတည်း ဘယ်တော့အခါမှ စိတ်မကူးတော့ဘူး။

အကြောင်းအကျိုးတော့ဖြင့် ရှက်ဆောင်ပေးမယ်၊ သီလ၊ သမာဓိ၊ ပညာတွေကိုတော့ အထိမခံနိုင်ဘူး။

အဲဒါ သောတာပန်တို့၏ စိတ်ထား၊ သောတာပန်တို့၏ ပဌမဉာဏ်ပင် ဖြစ်သည်။

www.thitsarparamisociety.com

www.thitsarparami.org



## ပုထုဇဉ်တို့နှင့်မဆက်ဆံသော သောတာပန်တို့၏ မြတ်သောဆဋ္ဌမဉာဏ်

ရဟန်းတို့

ရဟန်းသည် ဤသို့ ဆင်ခြင်၏-

အယူနှင့်ပြည့်စုံသည့်ပုဂ္ဂိုလ်တွင် ပြည့်စုံနေသော အားအမျိုးအစားသည်လည်း မိမိ၌ ပြည့်စုံနေ၏။

အယူနှင့်ပြည့်စုံသောပုဂ္ဂိုလ်သည် မြတ်စွာဘုရား ဟောကြားတော်မူသော ဝိနည်းတရားတော်ကို လွန်စွာ အလိုရှိသည်ဖြစ်၍၊ လွန်စွာ နှလုံးသွင်း၍၊ အလုံးစုံသောစိတ်တို့ဖြင့် မှတ်သားရန် နားစိုက်၍ တရားတော်ကို နာယူ၏။

**ဤသို့ အလုံးစုံသောစိတ်တို့ဖြင့် မြတ်စွာဘုရား၏ တရားတော်တို့ကို နားစိုက်မှတ်သား၍ တရားနာကြားမှုသည် အယူနှင့်ပြည့်စုံသောပုဂ္ဂိုလ်၏အားပင် ဖြစ်သည်။**

ထိုသို့သောရဟန်းသည် လောကမှလွန်မြောက်၍ ပုထုဇဉ်တို့နှင့်မဆက်ဆံသော မြတ်သောဆဋ္ဌမဉာဏ်ကို ရပြီ။

www.thitsarparamisociety.com

www.thitsarparami.org



## မိုးကုတ်ဆရာတော်ကြီး၏ ရှင်းလင်းဟောကြားမှု
## (သဋ္ဌမဉာဏ်အတွက်)

ကဲ-ခြောက်ချက်မြောက်ဉာဏ်ကတော့ ဒကာ၊ ဒကာမတို့၊ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီး တရားတွေကို ဘုန်းကြီးများက ဟောနေတယ်၊ သစ္စာတရားတွေ ဟောနေတယ် ဆိုပါတော့၊

အို-ဒီခန္ဓာကိုယ်ကြီးဟာဖြင့် ဒုက္ခသစ္စာပဲ၊ ခန္ဓာကိုယ်ကြီးထဲမှာ ခင်မှု၊ မင်မှုတွေက သမုဒယသစ္စာ၊ ခန္ဓာကိုယ်ကြီး ဖြစ်ပျက်ရှုနေတာက မဂ္ဂသစ္စာ၊ ဒီ ခင်မှု၊ မင်မှုတွေ ချုပ်သွားတာကလည်း နိရောဓသစ္စာဆိုတဲ့ တရားတွေများ ဟောနေလို့ရှိလျှင် အနက်အဓိပ္ပာယ်ကလေးသိပြီးသကာလ စိတ်ဟာ ဘယ်မှ မသွားဘဲနဲ့ နာကြားလေ့ရှိသတဲ့။

ဒါဟာ ပုထုဇဉ်နှင့် မတူဘူးတဲ့၊

**သစ္စာတရားတွေများ ဟောနေမယ်၊ မြတ်စွာဘုရား ဒေသနာတော်များ ဟောနေမယ်ဆိုလျှင် စိတ်က ဘယ်မှမသွားဘူးတဲ့၊ ဘယ်မှမသွားတော့ဘူး။**

www.thitsarparamisociety.com

www.thitsarparami.org



လောကီဥပမာဆိုလျှင် ဒကာ၊ ဒကာမတို့ ကလေး တစ်ယောက် ရှိတယ်၊ ကလေးက လေးဖက်သွားကလေး ဆိုတော့ မီးခဲသွားကိုင်မိတယ်ဆိုလျှင်ပဲ ကလေးက နသကိုးဗျ၊ နတဲ့အခါကျတော့ ရှဲရှဲရှဲရှဲနဲ့ သူ့အသားကလေး လောင်လိုက် မယ်ဆိုလျှင် ချက်ချင်း နောက်ပြန်ဆုတ်တယ်။

ဒွိပြင် စိတ်တွေ ဘာတွေ အပြင်ထွက်မယ်ဆိုလျှင် အထွက် ကိုမခံဘူး၊ ဒွိပြင် စိတ်တွေ အပြင်ထွက်ခံသေးရဲ့လား၊ တစ်ခါ တည်း နောက်ကိုသာ ပြန်ပြီးဆုတ်တယ်။

သောတာပန်ပုဂ္ဂိုလ်ဟာ မြတ်စွာဘုရားတရားတော် နာ ကြားရတဲ့အခါ ပီတိသောမနဿတွေဖြစ်ပြီး ဒွိပြင်စိတ် မလာခဲ့နဲ့၊ ဒွိပြင်စိတ် မလာခဲ့နဲ့ဆိုတဲ့ သဘောမျိုးလိုပဲ၊ ဒီတရားအာရုံတစ်ခု တည်းကိုပဲ သဘောကျနေတာပါပဲ။

မြတ်စွာဘုရားတရားတော်ကို နာကြားရတဲ့အခါ အာရုံ တစ်ပါးသို့မသွားဘဲနဲ့ တရားတော်ကိုသာ စူးစူးစိုက်စိုက် နာကြား နိုင်ခြင်းသည် သောတာပန်တို့၏ ဆင္ဆမဉာဏ်ပင် ဖြစ်သည်။

www.thitsarparamisociety.com

www.thitsarparami.org



# ပုထုဇဉ်တို့နှင့်မဆက်ဆံသော သောတာပန်တို့၏ မြတ်သော သတ္တမဉာဏ်

ရဟန်းတို့

ရဟန်းသည် ဤသို့ဆင်ခြင်၏-

အယူနှင့်ပြည့်စုံနေသောပုဂ္ဂိုလ်တွင် ပြည့်စုံနေသောအား အမျိုးအစားသည်လည်း မိမိ၌ ပြည့်စုံနေ၏။

အယူနှင့်ပြည့်စုံသောပုဂ္ဂိုလ်သည် မြတ်စွာဘုရား ဟောကြားထားတော်မူသော ဝိနည်းတရားတို့၏ အနက်အဓိပ္ပာယ်ကို ကောင်းစွာ နားလည်၏။ မြတ်စွာဘုရား၏ စကားတော်ကို ကောင်းစွာ နားလည်၏။ မြတ်စွာဘုရား ဟောကြားတော်မူသော တရားနှင့်စပ်၍ ဝမ်းမြောက်၏။ ဤသည်ကား အယူနှင့်ပြည့်စုံသည့်ပုဂ္ဂိုလ်၏ ပြည့်စုံသောအားများပင် ဖြစ်၏။

ထိုသို့သောရဟန်းသည် လောကမှလွန်မြောက်၍ ပုထုဇဉ်တို့နှင့် မဆက်ဆံသော သတ္တမဉာဏ်ကို ရပြီဟု

မြတ်စွာဘုရား ဟောကြားတော်မူပေ၏။

www.thitsarparamisociety.com

www.thitsarparami.org



## သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုပြီ

ရဟန်းတို့၊ ဤအင်္ဂါခုနစ်ပါးသောဉာဏ်တို့နှင့် ပြည့်စုံသော မြတ်စွာဘုရား၏ တပည့်သာဝကသည်

သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုသောအားဖြင့် ထုံးတမ်းစဉ်လာကို ကောင်းစွာ စူးစမ်းသိရှိပြီး ဖြစ်သည်။

**ရဟန်းတို့၊ ဤသို့ အင်္ဂါခုနစ်ပါးနှင့် ပြည့်စုံသော မြတ်စွာဘုရား၏ တပည့်သာဝကသည် သောတာပတ္တိဖိုလ်နှင့် ပြည့်စုံသူဖြစ်၏ဟု မြတ်စွာဘုရား ဟောကြားတော်မူပေ၏။**

မြတ်စွာဘုရား၏ သောတာပတ္တိဖိုလ်နှင့် ပြည့်စုံသူတို့ ပြည့်စုံရမည့်တရား(၇)ပါးကို နာကြားရသူ ရဟန်းအပေါင်းတို့သည် မြတ်စွာဘုရား၏ တရားစကားကို လွန်စွာ နှစ်ခြိုက်ဝမ်းမြောက်ကြကုန်၏။

www.thitsarparamisociety.com

www.thitsarparami.org



## မိုးကုတ်ဆရာတော်ကြီး၏ ရှင်းလင်းဟောကြားမှု (သတ္တမဉာဏ်အတွက်)

ခုနစ်ချက်မြောက်ဉာဏ်ကို ဒကာ၊ ဒကာမတွေ မှတ်ဖို့ရာကတော့...

မြတ်စွာဘုရားကိုယ်တော်မြတ်ကြီး ဟောကြားတော်မူတဲ့တရား၊ ဘုရားဟောတဲ့အတိုင်း တပည့်သာဝကတွေက ဟောတဲ့တရား၊ ဒီတရားတွေကို နာကြားပြီး နေရတဲ့အခါကျတော့၊

**အို... ပြောလို့ဆိုလို့လည်း မပြီးနိုင်ဘူး၊ ဝမ်းမြောက်လို့လည်း မပြီးနိုင်ဘူး၊ အင်မတန် စိတ်ထဲမှာ ခန္ဓာဉာဏ် ရောက်သွားတဲ့အခါမှာ သိပ်ပြီး သဘောကျလေ့ရှိတယ်။**

ဒီပီတိသောမနဿစိတ်ဟာက တော်တော်နဲ့ကို မပျောက်တော့ဘူး။

**ပုထုဇဉ်ကတော့ တရားနာကြားရာကထသွားလျှင် ပျောက်တာပါပဲ။**

ထသွားတယ်ဆိုလျှင်ဖြင့် ဒီနေရာမှာပဲ သူဝမ်းသာသလိုလိုနဲ့ ဟိုနေရာရောက်သွားလျှင် ပုထုဇဉ်ကတော့ ဝမ်းသာမှုဟာ ပျောက်သွားပါတယ်။

www.thitsarparamisociety.com

www.thitsarparami.org



သောတာပန်တည်ပြီးသားပုဂ္ဂိုလ်ကတော့

- ပြောစရာရှိလို့သာ ပြောလိုက်တယ်။

- ဒီဝမ်းမြောက်နေတာဟာ တော်တော်နေရင်း ကိုယ့်ဟာကိုယ် ဝမ်းသာနေရင်း၊

- တော်တော်ကြာရင်း ကိုယ့်ဟာကိုယ် သဘောကျနေရင်း၊

- ကိုယ့်စိတ်ကလေးနှင့် ကိုယ်ပဲ ကြည်နူးနေရင်း ကြည်နူးနေတာ ဖြစ်သည်။

တရားရဲ့ အနက်သဘောတွေ သိပြီးသကာလ

- တယ်ကောင်းပါလား၊

- တယ်မှန်ပါလား၊

- တယ်သဘောကျစရာအစစ်ပဲ၊

- မျက်လုံးဖွင့်ပေးတဲ့ ပုဂ္ဂိုလ်ကြီးပါကလား၊

- အလွန်ကို ဝမ်းမြောက်စရာကောင်းတယ် ဆိုပြီး၊

www.thitsarparamisociety.com

www.thitsarparami.org



- အနက်အဓိပ္ပာယ်ကိုသိပြီး ဝမ်းမြောက်တဲ့ ဝမ်းမြောက်သက်ဟာလည်း အင်မတန်ကို ရှည်လေ့ရှိတယ်၊

အဲဒီလိုအားဖြင့် သောတာပန်ပုဂ္ဂိုလ်၏ တရားအပေါ် ဝမ်းမြောက်ဝမ်းသာဖြစ်မှုတွေဟာ ပုထုဇဉ်နှင့် မတူဘူး။

မြတ်စွာဘုရားကိုယ်တော်တိုင် ဟောကြားတော်မူသော တရားတော်၊ မြတ်စွာဘုရား၏ တပည့်သားဖြစ်တော်မူသော သံဃာတော်တို့ ဟောကြားတော်မူသော တရားတော်အပေါ် ထိုသို့ ဝမ်းမြောက်မှုသည် သောတာပန်တို့၏ သတ္တမဉာဏ်ပင် ဖြစ်သည်။

www.thitsarparamisociety.com

www.thitsarparami.org



## ပန်းတိုင်ရောက်သူ မြတ်သော သောတာပန်တို့၏ မြတ်သောဉာဏ်များ (ဂုဏ်ရည်များ) လိုရင်းအကျဉ်းချုပ်

၁။ လောဘ၊ ဒေါသ၊ မောဟ ဖြစ်ပေါ်တိုင်း နောက်က ချက်ချင်းသိတာ သောတာပန်ပုဂ္ဂိုလ်တို့၏ ပထမအသိ ဖြစ်သည်။

၂။ လောဘ၊ ဒေါသ၊ မောဟ ဖြစ်ပေါ်လာတိုင်း ချက်ချင်း သိသဖြင့် သိလိုက်သည်နှင့် တစ်ပြိုင်နက်တည်း ငြိမ်းအေး သွားအောင် လုပ်နိုင်ခြင်းသည် သောတာပန်ပုဂ္ဂိုလ်တို့၏ ဒုတိယမြောက်အသိ ဖြစ်သည်။

၃။ ဤဗုဒ္ဓမြတ်စွာဘုရား သာသနာတော်မှတစ်ပါး တခြား သောသာသနာမှာ ထွက်ရပ်လမ်းမရှိဘူးလို့ သိနေတဲ့အသိ သည် သောတာပန်ပုဂ္ဂိုလ်တို့၏ တတိယမြောက်အသိ ဖြစ်သည်။

၄။ ကိစ္စကြီးငယ်ရှိခြင်းကြောင့် အင်မတန် ကုသလိုသော၊ ဥပမာ ကိုယ့်မှာ လွန်ကျူးထားမိတဲ့ အပြစ်ကလေးတွေ ရှိနေတယ်၊ မပယ်နိုင်သေးတဲ့ ကိလေသာက ထကြွ သောင်းကျန်းလာသည့်အခါမှာ ချက်ချင်းပင် ကုသလိုတဲ့ စိတ် ပေါ်တာသည်လည်း သောတာပန်တို့၏ စတုတ္ထ မြောက်အသိ ဖြစ်သည်။

www.thitsarparamisociety.com

www.thitsarparami.org



၅။ ကိစ္စကြီးငယ်ရှိလို့ သူတစ်ပါးအတွက် လိုက်ပါသွားရငြားသော်လည်း သီလ၊ သမာဓိ၊ ပညာ အပျက်မခံဘဲနဲ့ လိုက်ပါသွားခြင်းသည် သောတာပန်တို့၏ ပဥ္စမမြောက်စိတ်ထား ဖြစ်သည်။

၆။ မြတ်စွာဘုရား တရားတော်တွေကို မြတ်စွာဘုရားက ဟောဟော၊ ဘုန်းကြီးများက ဟောဟော၊ ဟောနေသော တရားတော်ကိုသာ အာရုံပြု၍ တခြားသော အာရုံသို့ ရောက်မသွားအောင် တရားကို ကောင်းမွန်စွာ နာကြားပြီး၊ တရားတော်၏ အနက်အဓိပ္ပာယ်တွေကိုလည်း သိပြီး သကာလ အာရုံတစ်ပါးတခြားမသွားဘဲနဲ့ တရားတော်ကိုသာ စူးစိုက်ပြီး နာကြားနိုင်ခြင်းသည်လည်း သောတာပန်တို့၏ ဆဋ္ဌမမြောက်စိတ်ထားပင် ဖြစ်သည်။

၇။ တရားတော်ကို နာကြားပြီးသည့်နောက်မှာလည်း မိမိခန္ဓာ ဉာဏ်ရောက်တဲ့ တရားတွေနာရတော့ ဝမ်းမြောက်လို့ မဆုံးနိုင်ဘဲနဲ့ အိမ်ရောက်လည်း ပြောလို့မပြီး၊ နှလုံးသွင်း ပြန်လျှင်လည်း ဝမ်းမြောက်လို့ မဆုံး၊ ကြည်ညိုလို့မဝ၊ ကျေးဇူးတင်လို့မဆုံး၊ ဒီလို မပြီး၊ မဆုံး၊ မဝတဲ့ သတ္တိတွေသည် သောတာပန်တို့၏ သတ္တမမြောက်ဂုဏ်ရည်ပင် ဖြစ်ပေသည်။

www.thitsarparamisociety.com

www.thitsarparami.org



# သောတာပန်စိတ်ထား အင်္ဂါ ၇ ပါး
# (ဆောင်ပုဒ်)

ဖြစ်ကြောင်းတို့၊ ငြိမ်းလိုစိတ်၊
ထွက်ရိပ်ကင်း၊ ချက်ချင်းကု၊
ပျက်မှုစိုး၊ တိုး၍စိုက်၊
လိုက်လိုက်ဖို့၊ ကြည်ညို
ခုနစ်တန်၊ သောတာပန်။ ။

www.thitsarparamisociety.com

www.thitsarparami.org



## အာသီသ

သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်အောင် ကြိုးပမ်း အားထုတ် ကျင့်ကြံနေကြကုန်သော ဗုဒ္ဓဘာသာဝင် သူတော်ကောင်း သူတော်စင်တို့သည် မြတ်စွာဘုရား ဟောကြားတော်မူသော သောတာပန်တို့၏ မြတ်သောဉာဏ်များ (မြတ်သောဂုဏ်ရည်များ) ဖြင့် ပြည့်စုံနိုင်သောပန်းတိုင်သို့ ရောက်သူ မြတ်သော သောတာပန်ပုဂ္ဂိုလ်များ ဖြစ်နိုင်ကြပါစေ။

သောတာပန်ဖြစ်ဖို့ ပုထုဇဉ်အနွယ်ဓာတ်ကို ဖြတ်ကြပါစို့ အပိုင်း(၄)ပိုင်းဖြင့် မြတ်သော သောတာပန်ဖြစ်နိုင်ကြရန် မြတ်ဗုဒ္ဓ ဟောကြားထားတော်မူသော တရားတော်များကို တတ်နိုင်သမျှ ပြည့်ပြည့်စုံစုံ ဖြစ်စေရန် ကြိုးစား၍ တင်ပြခဲ့ပါသည်။

**သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရန် သောတာပန်ဖြစ်ဖို့ ကြိုးပမ်းကြရာတွင် မြတ်ဗုဒ္ဓ ဟောကြားထားတော်မူသည့် တရားတော်များနှင့်အညီ ကျင့်သုံးကျင့်ကြံ ကြိုးပမ်းပွားများ အားထုတ်ကြပြီး၊ မြတ်သော သောတာပန်ပုဂ္ဂိုလ်အဖြစ်ကို ရရှိ၍ အလွန်ဆုံး (၇) ဘဝအတွင်း နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြသည့် အရိယာ သူတော်စင်များ ဖြစ်နိုင်ကြပါစေ။**

**အရှင်နေမိန္ဒ**

**၂၀၁၁ ခုနှစ် အောက်တိုဘာလ**

www.thitsarparamisociety.com

www.thitsarparami.org



## ကောက်နုတ်မှီငြမ်းကိုးကားသော ကျမ်းစာအုပ်များ

၁။ မူလပဏ္ဏာသ ပါဠိတော်မြန်မာပြန်၊

၂။ မဟာဝဂ္ဂသံယုတ် ပါဠိတော်မြန်မာပြန်၊

၃။ ပုဂ္ဂလပညတ် ပါဠိတော်မြန်မာပြန်၊

၄။ ပဋိသမ္ဘိဒါမဂ် ပါဠိတော်မြန်မာပြန်၊

၅။ ကျိုက်ထိုမြို့ဘုရားသုံးဆူတောင် အရှင်နန္ဒမာလာ ပြန်ဆိုရေးသားသော "ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ" မြန်မာပြန် ပထမတွဲနှင့် ဒုတိယတွဲ။

၆။ မဟာဝိသုဒ္ဓါရာမဆရာတော် ရေးသားစီရင်အပ်သော "ပရမတ္ထသရူပဘေဒနီကျမ်း (ဒုတိယတွဲ)"။

၇။ ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး ဟောကြားဆုံးမတော်မူသော "ဝိပဿနာလုပ်ငန်းစဉ်၊ ညအလုပ်ပေးတရားတော်အမှတ်စဉ် (၁၂)"။

၈။ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး "၆-၁၂-၁၉၆၀ ရက်နေ့တွင် ဟောကြားဆုံးမတော်မူသော အာဠဝကဘီလူး သောတာပန် တည်သောတရားတော်"။

www.thitsarparamisociety.com

www.thitsarparami.org



၉။ ဆဋ္ဌသင်္ဂါယ်တင် ပုစ္ဆကအဂ္ဂမဟာပဏ္ဍိတကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော

(က) နိဗ္ဗာနပဋိသံယုတ္တကထာ၊ နိဗ္ဗာန်ဆိုင်ရာတရားတော်၊

(ခ) ဟေမဝတသုတ္တန်တရားတော်၊

(ဂ) မဟာသတိပဋ္ဌာနသုတ်ပါဠိနိဿယ၊

၁၀။ ပဏ္ဍိတာရာမ ရွှေတောင်ကုန်းဆရာတော် ဟောကြားတော်မူသော "သာသနာပိုင်ဖြစ်အောင် ကြိုးစားကြပါ"။

၁၁။ ဒေါက်တာအရှင်နန္ဒမာလာဘိဝံသ ဟောကြားတော်မူသော "ဓမ္မစကြာညာ၏ အမှတ်တရတရားတော်"။

၁၂။ ဦးဟုတ်စိန် ဘီအေ(ဂုဏ်ထူး) ဘီအယ်လ် စုရုံးပေါင်းဟပ် စီရင်အပ်သော "ပဒတ္ထမဉ္ဇူသာ" ဟူသောပါဠိ-မြန်မာ အဘိဓာန်။

၁၃။ ပါရဂူဘာသာပြန်ဆိုရေးသားသည့် "ဓမ္မစကား"။

၁၄။ ဦးမြင့်ဆွေ၊ မဟာဝိဇ္ဇာ(လန်ဒန်)ရေးသားပြုစုသော "မိလိန္ဒနှင့် ရှင်နာဂသိန် ဗုဒ္ဓဝါဒ အမေးအဖြေနှင့် ရှင်းတမ်းများ"။

၁၅။ သာသနာ့ဓဇ သီရိပဝရဓမ္မာစရိယ ပါဠိပါရဂူဆရာကြီး ဦးကံသာ စီစဉ်ရေးသားသည့် "အဘိဓမ္မာသင်တန်း"။

www.thitsarparamisociety.com

www.thitsarparami.org



၁၆။ အပွမာဒဓမ္မရသမဂ္ဂဇင်း၊ အတွဲ (၂)၊ အမှတ် (၂) ၂၀၀၁ ခုနှစ် ဖေဖော်ဝါရီလ။

၁၇။ အပွမာဒဓမ္မရသမဂ္ဂဇင်း အတွဲ (၄)၊ အမှတ် (၂) ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီလ။

၁၈။ ဦးအောင်မွန် (မြတ်ဆုမွန်) ပြုစုသည့် "ပွင့်တော်မူမည့် ဗုဒ္ဓမေတ္တေယျ"။

၁၉။ မေတ္တာရှင် (ရွှေပြည်သာ)၏ "သညာသိနှင့် ပညာသိ" (သုဒ္ဓဝိပဿနာကျင့်စဉ်)"။

www.thitsarparamisociety.com

www.thitsarparami.org



# အထူးတလည် ကျေးဇူးတင်ရှိခြင်း

ဗုဒ္ဓဘာသာဝင် သူတော်ကောင်း သူတော်စင်တို့ လေ့လာဖတ်ရှု ကျင့်ကြံနိုင်ရန် **သောတာပန်ဖြစ်ဖို့ ပုထုဇဉ်အနှယ်ဓာတ်ကို ဖြုတ်ကြပါစို့** စာအုပ်ကို ပြုစုထုတ်ဝေနိုင်ခဲ့ပါပြီ၊ စာအုပ်ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ တိုက်တွန်းအားပေးကူညီကြကုန်သော သက်ဆိုင်ရာ အသီးသီးသော သံဃာတော် အရှင်သူမြတ်များ၊ သီလရှင် ဆရာကြီး၊ ဆရာလေးများနှင့် ဒါယကာ၊ ဒါယိကာမများအားလုံး၊ စာရှုသူအားလုံးတို့ကို အထူးတလည် ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**အရှင်နေမိန္ဒ**
၂၀၁၂-ခုနှစ်၊ ဩဂုတ်လ

www.thitsarparamisociety.com

www.thitsarparami.org



# သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ

အလုံးစုံသော အလှူဒါနတို့တွင် တရားတော်ကို ပူဇော်လှူဒါန်းရခြင်းသည် အမြတ်ဆုံး ဖြစ်ပေ၏။

ဗုဒ္ဓဘာသာဝင် သူတော်ကောင်း သူတော်စင်များ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြရန်အတွက် ကျင့်ကြံကြိုးပမ်း ပွားများအားထုတ်ကြရာတွင် အထောက်အကူဖြစ်စေရန်-

၁။ နိဗ္ဗာန်ရှာပုံတော်ခရီး၊

၂။ ရဟန္တာဆိုင်ရာတရားတော်၊

၃။ သောတာပန်ဖြစ်ဖို့ ပုထုဇဉ်အန္တယ်ဇာတ်ကို ဖြတ်ကြပါစို့။

စာအုပ်များကို ထုတ်ဝေနိုင်ခဲ့ပါပြီ။

သူတော်ကောင်း သူတော်စင်များ ဖတ်ရှုနိုင်ကြရန် စာအုပ်များ ထုတ်ဝေနိုင်ရေးအတွက် ပူဇော်လှူဒါန်းကြသော ကုသိုလ်ရှင် သူတော်ကောင်းအပေါင်းတို့သည် တရားတော်ကို ပူဇော်လှူဒါန်းကြခြင်းဖြစ်၍ အမြတ်ဆုံးသော ဒါနပင် ဖြစ်ပေ၏။

ဤသို့ လှူဒါန်းရသော ကုသိုလ်စေတနာတို့သည် မိမိတို့အလိုရှိအပ်၊ တောင့်တအပ်သော **မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်း၏ အကြောင်းအထောက်အပံ့သည် ဖြစ်ပါစေသတည်း။**

**အရှင်နေမိန္ဒ**
၂၀၁၂-ခုနှစ်၊ ဩဂုတ်လ

www.thitsarparamisociety.com

www.thitsarparami.org

# အလှူရှင်များစာရင်း

| စဉ် | အလှူရှင်အမည် | အလှူငွေ(ကျပ်) |
|---|---|---|
| ၁။ | အရှင်ယုဇန၊ မဟာသန္တိသုခတောရ၊ ဝယ်ဝမ်ရပ်၊ ကမာဝက်တိုက်နယ်။ | ၁၀၀၀၀ |
| ၂။ | အရှင်နေမိန္ဒအား အမှူးထား၍ ရန်ကုန်မြို့နေ ဒေါ်ငြိမ်းမြတ်မိသားစု။ ဒေါက်တာမင်းလဝီဝွန်း၊ မင်းလဝီချမ်းနှင့် ဒေါ်စန္ဒာလင်း၊ ဦးနန္ဒကျော်ထင်နှင့် ဒေါက်တာမိယဉ်စနိုင်း။ | ၁၅၀၀၀၀ |
| ၃။ | ဦးမင်းစိုး (ဒုတိယညွှန်ကြားရေးမှူး၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန) နှင့် ဇနီးဒေါ်ယဉ်ယဉ်ဌေး၊ သမီး-မချမ်းငြိမ်းသူ၊ သား-မောင်ခန့်စည်သူ မိသားစု၊ ရန်ကုန်မြို့။ | ၈၅၀၀၀၀ |
| ၄။ | ဦးလှစိုး (ညွှန်ကြားရေးမှူး-ငြိမ်း) နှင့် ဇနီး ဒေါ်ခင်မျိုးသူ၊ သမီး မနီလာစိုး၊ သား- မောင်ပြည့်ဇာနည်ထွန်း၊ မောင်ရဲကုဋ္ဌေကျော်၊ မောင်ကောင်းကုဋ္ဌေကျော် မိသားစု၊ ရန်ကုန်မြို့။ | ၅၅၀၀၀၀ |
| ၅။ | နိုင်ကျော်အေးနှင့် (ဇနီးဒေါ်ရင်အုံး) မိသားစု၊ စိန်တောင်ရွာ၊ ကမာဝက်တိုက်နယ်၊ မုဒုံမြို့နယ်။ | ၂၅၀၀၀၀ |
| ၆။ | နိုင်ထွန်းသိန်းနှင့် ဇနီးဒေါ်မေရီ မိသားစု စိန်တောင်ရွာ၊ ကမာဝက်တိုက်နယ်၊ မုဒုံမြို့နယ်။ | ၂၀၀၀၀၀ |
| ၇။ | နိုင်ချစ်ထုံးနှင့် ဇနီးဒေါ်ခင်ဝေ မိသားစု။ စိန်တောင်ရွာ၊ ကမာဝက်တိုက်နယ်၊ မုဒုံမြို့နယ်။ | ၁၅၀၀၀၀ |

www.thitsarparamisociety.com

www.thitsarparami.org



| စဉ် | အလှူရှင်အမည် | အလှူငွေ(ကျပ်) |
|---|---|---|
| ၈။ | ဦးလှဝေနှင့်ဇနီး ဒေါ်ကျင်ရွှေ သမီး ဒေါ်လီလီ ယံလှဝေ၊ ဒေါ်ရီစလင်းလှဝေ(ခ) ဒေါ်ကေသွယ်မိုး (ရုပ်ရှင်သရုပ်ဆောင်) မိသားစု။ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ | ၁၅၀၀၀၀ |
| ၉။ | နိုင်ပီးနှင့် ဇနီးဒေါ်ကွန်တင် မိသားစု၊ စိန်တောင်ရွာ၊ ကမာဝက်တိုက်နယ်၊ မုဒုံမြို့နယ်။ | ၁၃၀၀၀၀ |
| ၁၀။ | (နိုင်အုံးဘွားနှင့် ဇနီးဒေါ်ကွန်ပီ) သားနိုင်ဆန်း ညွန့်ကြည်နှင့်ဇနီး ဒေါ်ချိုမွန် မိသားစု၊ ကျိုက္ကော်ရွာ၊ သထုံမြို့နယ်။ | ၁၀၀၀၀၀ |
| ၁၁။ | နိုင်ကျော်ငွေနှင့် ဇနီးဒေါ်အိမ်ပြင် မိသားစု၊ ရန်ကုန်မြို့။ | ၁၀၀၀၀၀ |
| ၁၂။ | နိုင်သန်းညွန့် မိသားစု၊ သိမ်ကုန်းရွာ၊ ကမာဝက် တိုက်နယ်၊ မုဒုံမြို့နယ်။ | ၉၀၀၀၀ |
| ၁၃။ | ဖခင် ဦးသိန်းဟန်နှင့် မိခင် ဒေါ်ငယ်ငယ်အား ရည်စူး၍ ဒေါ်ချိုချိုဝေ (ဌာနမှူး-စီမံ/ဘဏ္ဍာ) ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်။ ရန်ကုန်မြို့။ | ၇၀၀၀၀ |
| ၁၄။ | နိုင်ကျော်ထွန်းနှင့် ဇနီးဒေါ်ယု မိသားစု စိန်တောင်ရွာ၊ ကမာဝက်တိုက်နယ်၊ မုဒုံမြို့နယ်။ | ၇၀၀၀၀ |
| ၁၅။ | (နိုင်ရွှေအိုးနှင့် ဇနီးဒေါ်ဖွားမေ) မိသားစု၊ ကမာဝက်ရွာ၊ မုဒုံမြို့နယ်။ | ၆၀၀၀၀ |
| ၁၆။ | နိုင်သိပ်နှင့် ညီမ ဒေါ်ကင်အန်း၊ စိန်တောင်ရွာ၊ ကမာဝက်တိုက်နယ်၊ မုဒုံမြို့နယ်။ | ၆၀၀၀၀ |

www.thitsarparamisociety.com

www.thitsarparami.org



| စဉ် | အလှူရှင်အမည် | အလှူငွေ(ကျပ်) |
|---|---|---|
| ၁၇။ | နိုင်သာရွှေနှင့် ဇနီး ဒေါ်တင်မေ မိသားစု၊ ထောင်ကေးရွာ၊ ကမာဝက်တိုက်နယ်၊ မုဒုံမြို့နယ်။ | ၆၀၀၀၀ |
| ၁၈။ | ဦးစံရွှေမိသားစု၊ ဦးစံရွှေသစ်ခွဲစက်၊ ငန်းတေး ရွာ၊ မော်လမြိုင်မြို့နယ်။ | ၅၀၀၀၀ |
| ၁၉။ | (ဒေါက်တာဦးကိုလေး)နှင့် ဇနီးဒေါ်အုန်းရီ မိသားစု၊ ကမာဝက်ရွာ၊ ကမာဝက်တိုက်နယ်၊ မုဒုံမြို့နယ်။ | ၅၀၀၀၀ |
| ၂၀။ | ရန်ကုန်တက္ကသိုလ် ဘဏ္ဍာရေးဌာနမှ ဌာနစုမှူး များဖြစ်ကြသော ဒေါ်ခင်စိုးဦး၊ ဒေါ်ခင်ကြူ၊ ဒေါ်ခင်စန်းကြည်နှင့် ဝန်ထမ်းများ | ၅၀၀၀၀ |
| ၂၁။ | နိုင်အုန်းမြိုင်နှင့် ဇနီး ဒေါ်အိမ်မှီ မိသားစု၊ ရန်ကုန်မြို့။ | ၄၅၀၀၀ |
| ၂၂။ | ဒေါ်ဝေလာစာရီ၊ ဒေါ်မေတာရီနှင့် ဒေါ်သောရီ၊ သီလရှင်ဇရပ်၊ ခြသေ့်ကျောင်းတိုက်၊ ကမာဝက် ရွာ၊ ကမာဝက်တိုက်နယ်၊ မုဒုံမြို့နယ်။ | ၃၅၀၀၀ |
| ၂၃။ | ဒေါ်အေးချစ်၊ (ညွှန်ကြားရေးမှူး)၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေး ဦးစီးဌာန၊ နေပြည်တော်။ | ၃၀၀၀၀ |
| ၂၄။ | ဦးလှရွှေနှင့် ဇနီးဒေါ်ဝေဝေမော် (မာစတာ တေးသံသွင်းမိသားစု) ရန်ကုန်မြို့။ | ၃၀၀၀၀ |
| ၂၅။ | ဦးလှကြီးနှင့် ဇနီးဒေါ်တင်ထူး မိသားစု၊ ရန်ကုန်မြို့။ | ၂၅၀၀၀ |

www.thitsarparamisociety.com

www.thitsarparami.org



| စဉ် | အလှူရှင်အမည် | အလှူငွေ(ကျပ်) |
|---|---|---|
| ၂၆။ | ဒေါက်တာငွေးဝင်း (ပါမောက္ခ၊ ဘူမိဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)နှင့် ဇနီးဒေါ်ခင်ဆွေဦး မိသားစု။ | ၂၅၀၀၀ |
| ၂၇။ | ဦးကျော်ထွန်းနှင့် ဇနီးဒေါ်အေးအေးကြည် မိသားစု၊ မော်လမြိုင်မြို့။ | ၂၅၀၀၀ |
| ၂၈။ | ဒေါ်နှင်းအေး (လက်ထောက်ညွှန်ကြားရေးမှူး)၊ အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)၊ ရန်ကုန်မြို့။ | ၂၀၀၀၀ |
| ၂၉။ | ဦးတင်အောင်နှင့် ဇနီးဒေါ်သန်းသန်းနု ရန်ကုန်မြို့။ | ၂၀၀၀၀ |
| ၃၀။ | နိုင်ချစ်ဆိုင်နှင့် ဇနီးဒေါ်အုန်းရီ မိသားစု ရန်ကုန်မြို့။ | ၂၀၀၀၀ |
| ၃၁။ | နိုင်ဘစန်းနှင့် ဇနီးဒေါ်မြင့်ကြည် မိသားစု ရန်ကုန်မြို့။ | ၂၀၀၀၀ |
| ၃၂။ | မင်းနိုင်ထူးနှင့်ဇနီး မိသင်းသင်းခိုင်၊ ကနာလိုရွာ၊ ကျိုက်မရောမြို့နယ်။ | ၂၀၀၀၀ |
| ၃၃။ | ဒေါ်မြသိမ်းနှင့် ဒေါ်မြင့်မြင့်အေး မိသားစု ကမာဝက်ရွာ၊ ကမာဝက်တိုက်နယ်၊ မုဒုံမြို့နယ်။ | ၂၀၀၀၀ |
| ၃၄။ | ကောင်းသန့်ကွန်ပျူတာ၊ ကမာဝက်ရွာ၊ ကမာဝက်တိုက်နယ်၊ မုဒုံမြို့နယ်။ | ၁၅၀၀၀ |
| ၃၅။ | နိုင်စိုးငြိမ်းနှင့် ဇနီးဒေါ်သင်းသင်းရှိန် မိသားစု၊ ကနာလိုရွာ၊ ကျိုက်မရောမြို့နယ်။ | ၁၅၀၀၀ |

www.thitsarparamisociety.com

www.thitsarparami.org



| စဉ် | အလှူရှင်အမည် | အလှူငွေ(ကျပ်) |
|---|---|---|
| ၃၆။ | ဒေါ်ဝှနှင့် ဒေါ်မှို မိသားစု<br>စိန်တောင်ရွာ၊ ကမာဝက်တိုက်နယ်၊ မုဒုံမြို့နယ်။ | ၁၃၀၀၀ |
| ၃၇။ | ဒေါ်ဝေဝေနိုင် (ဌာနခွဲစာရေးကြီး) အဆင့်မြင့်ပညာဦးစီးဌာန၊ (အောက်မြန်မာပြည်)။ | ၁၃၀၀၀ |
| ၃၈။ | နိုင်စံညိမ်းနှင့် ဇနီးဒေါ်ရင် မိသားစု။<br>စိန်တောင်ရွာ၊ ကမာဝက်တိုက်နယ်၊ မုဒုံမြို့နယ်။ | ၁၂၀၀၀ |
| ၃၉။ | ဒေါ်သုန္ဒရီ၊ သီလရှင်ဇရပ်၊ ခြသေ့်ကျောင်းတိုက်၊<br>ကမာဝက်ရွာ၊ ကမာဝက်တိုက်နယ်၊ မွန်ပြည်နယ်၊ | ၁၀၀၀၀ |
| ၄၀။ | ဒေါ်ခင်အေးနှင့် ဒေါ်မွေးတင်၊ ကိုးနဝင်းရပ်၊<br>သံဖြူဇရပ်မြို့။ | ၁၀၀၀၀ |
| ၄၁။ | ဒေါ်မြထွေး (ညွှန်ကြားရေးမှူး)၊<br>အဆင့်မြင့်ပညာဦးစီးဌာန၊ အောက်မြန်မာပြည်<br>ရန်ကုန်မြို့။ | ၁၀၀၀၀ |
| ၄၂။ | ဒေါ်စောကြူကြူ (တွဲဖက်ပါမောက္ခ-ငြိမ်း)<br>ရန်ကုန်မြို့။ | ၁၀၀၀၀ |
| ၄၃။ | နိုင်ငွေအိမ်နှင့် ဇနီးဒေါ်ဝင်းစိန် မိသားစု။<br>သံဖြူဇရပ်မြို့။ | ၁၀၀၀၀ |
| ၄၄။ | နိုင်ပန်းမောင်နှင့် ဇနီးဒေါ်ခင်နီ မိသားစု<br>ရန်ကုန်မြို့။ | ၁၀၀၀၀ |
| ၄၅။ | ဒေါ်လှလှမြင့်၊ (စာကြည့်တိုက်မှူး)၊<br>ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်။ | ၁၀၀၀၀ |
| ၄၆။ | ဦးရာသောင်း (ယာဉ်မောင်း)၊ အဆင့်မြင့်ပညာဦးစီးဌာန၊ (အောက်မြန်မာပြည်)။ | ၁၀၀၀၀ |

www.thitsarparamisociety.com

www.thitsarparami.org



| စဉ် | အလှူရှင်အမည် | အလှူငွေ(ကျပ်) |
|---|---|---|
| ၄၇။ | နိုင်ရေးနှင့် ဇနီးဒေါ်အေး မိသားစု၊ ကနာလိုရွာ၊ ကျိုက်မရောမြို့နယ်။ | ၁၀၀၀၀ |
| ၄၈။ | နိုင်စံအောင်နှင့် ဇနီးဒေါ်သန်းရီ မိသားစု၊ ကနာလိုရွာ၊ ကျိုက်မရောမြို့နယ်။ | ၁၀၀၀၀ |
| ၄၉။ | ဒေါ်တင်ရွှေ မိသားစု၊ စိန်တောင်ရွာ၊ ကမာဝက်တိုက်နယ်၊ မုဒုံမြို့နယ်။ | ၁၀၀၀၀ |
| ၅၀။ | CAP ဦးလှဝေနှင့် ဇနီးဒေါ်တင်တင်မွန် မိသားစု၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ | ၅၀၀၀ |
| ၅၁။ | ဦးတင့်လွင်မိသားစု၊ သံဖြူဇရပ်မြို့။ | ၅၀၀၀ |
| ၅၂။ | ဒေါ်ရင်ရွှေမိသားစု၊ သံဖြူဇရပ်မြို့။ | ၅၀၀၀ |
| ၅၃။ | နိုင်အောင်စုနှင့် ဇနီးဒေါ်တင်ကြည်မိသားစု ကမာဝက်ရွာ၊ ကမာဝက်တိုက်နယ်၊ မုဒုံမြို့နယ်။ | ၅၀၀၀ |
| ၅၄။ | ဒေါ်ကီးမိသားစု စိန်တောင်ရွာ၊ ကမာဝက်တိုက်နယ်၊ မုဒုံမြို့နယ်။ | ၅၀၀၀ |
| ၅၅။ | ဦးသောင်းရွှေ (လက်နှိပ်စက်စာရေး)၊ အဆင့်မြင့်ပညာဦးစီးဌာန၊ (အောက်မြန်မာပြည်) | ၅၀၀၀ |
| ၅၆။ | နိုင်ဟံင်မွန်နှင့် ဇနီးဒေါ်သီတာ မိသားစု၊ ကနာလိုရွာ၊ ကျိုက်မရောမြို့နယ်။ | ၅၀၀၀ |
| ၅၇။ | နိုင်အောင်မင်းနှင့် ဇနီးဒေါ်နီ မိသားစု။ ကနာလိုရွာ၊ ကျိုက်မရောမြို့နယ်။ | ၅၀၀၀ |
| ၅၈။ | နိုင်ခင်မောင်ဦး၊ ကမာဝက်ရွာ၊ ကမာဝက်တိုက်နယ်၊ မုဒုံမြို့နယ်။ | ၅၀၀၀ |
| ၅၉။ | သားဖြစ်သူ ကိုတင်ဦးကြိုင်အားရည်စူး၍ မိခင်ဒေါ်အေးသိန်း မိသားစု၊ ရန်ကုန်မြို့။ | ၂၀၀၀ |

www.thitsarparamisociety.com

www.thitsarparami.org

# သောတာပန်စိတ်ထား အင်္ဂါ (၇) ပါး

ဖြစ်ကြောတို ၊ ငြိမ်းလိုစိတ်၊
ထွက်ရိပ်ကင်း ၊ ချက်ချင်းကု ၊
ပျက်မှုစိုး၊ တိုး၍စိုက်၊
လှိုက်လှိုက်ဖို ကြည်ညို
ခုနစ်တန်၊ သောတာပန် ။ ။



www.thitsarparamisociety.com